

www.burmeseclassic.com
တြိသင်္ခ
အနာဂ်ါကာလိနှင့်
သေမင်းတမန်
BURMESE CLASSIC

www.burmeseclassic.com


၈၉၅.၈၃
တြိသိမ်
အနာဂါကာလီနှင့်ဧသမင်းတမန်/ တြိသိမ်း။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၂၅၀ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၀) တြိသိမ်

ထုတ်ဝေသူ ဦးအောင်မြင့်၊ ဖြန့်ချိရေး အောင်မြင်စာပေ၊
အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊
(ဇန်နဝါရီလ)၊ အုပ်ရေ (၅၀၀)။



# တြိသိမ်

## အနာဂါကာလီနှင့်ဧသမင်းတမန်



www.burmeseclassic.com

# ဒဿနလက်ဆောင်

- အဓိကကျသောဦးတည်ချက်
ကြီးမားသောရည်ရွယ်ချက် မပါပါဘဲ
နေထိုင်သူတစ်ဦးတစ်ယောက်အတွက်
ဘဝတွင် ချို့တဲ့ဆင်းရဲစွာ နေထိုင်ရခြင်းမှလွဲပြီး
အခြားဘာမှ ရနိုင်မည်မဟုတ်ပါချေ....။

- ဘာမှမလုပ်ဘဲ ကုန်သွားသောနေ့တစ်နေ့သည်
နမြောစရာကောင်းလှပေ၏။
ထို့ထက် ကောင်းမွန်သောအလုပ်တစ်ခု
မလုပ်မိဘဲ ကုန်သွားသောနေ့တစ်နေ့ကတော့
သင့်အတွက် ဆုံးရှုံးမှုဟုသာ သတ်မှတ်ပေးရပေမည်

- ဈေးနှုန်းမှန်မှန်ရောင်းသူ၊
ပစ္စည်းအစစ်အမှန် ရောင်းချသူအတွက်
"အဆစ်" များများ ထည့်ပေးမည်မဟုတ်ပေ။
ဈေးသက်သာပြီး အဆစ်များများရရင်တော့
သတိထားရပေမည်။

# ဒဿနလက်ဆောင်

- ရည်မှန်းချက်သည်
နှောင့်နှေးကြန့်ကြာမှုကို အလိုမရှိပေ။
ထိုအတူ အချစ်သည်လည်း
တွေဝေနေတတ်သူကို မနှစ်သက်ပေ...။

- ချစ်ကြသောအခါ
နှစ်ယောက်ချစ်မှ ပြည့်စုံမှု ရပေလိမ့်မယ်။
အဆင်မပြေသဖြင့် လမ်းခွဲတော့လည်း
တစ်ယောက်တည်း လွမ်းရမည်မဟုတ်ပေ..။

- အဆိပ်တက်ခြင်းကို
အဆိပ်ဖြင့်သာ ကုသ၍ရသည်။
ဒေါသဖြစ်ခြင်းကိုလည်း
ဒေါသဖြစ်ခြင်းအကြောင်းရင်းဖြင့်သာ
အဖြေရှာ၍ဖြေဖျောက်ပေးနိုင်၏။

www.burmeseclassic.com

# ဒဿနလက်ဆောင်

- အတွေးတစ်ခုကိုတော့
လွတ်လပ်စွာတွေးခေါ်နိုင်တယ်။
ဒါပေမယ့်
ထိုအတွေးကိုအကောင်အထည်ဖော်ရင်တော့
စည်းဘောင်အတွင်းကသာ
စနစ်တကျ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

- သင့်အပေါ် မတရားပြုသူကို
တရားသောနည်းဖြင့်သာ တုံ့ပြန်ပါ။
သင့်အပေါ် မေတ္တာပျက်သူကိုလည်း
မေတ္တာဖြင့်သာ ခွင့်လွှတ်ပေးလိုက်ပါ။
ထို့အောင်မြင်မှုသာ
အမြင့်မြတ်ဆုံး ဖြစ်စေပါတယ်....။

- ဆိုဆုံးမမှုများကို ဥပေက္ခာပြုခဲ့လျှင်
မိမိအလှည့်ရောက်သောအခါ
သင့်တော်သည့် ပြောဆိုဆုံးမမှုမျိုး
ပြုလုပ်တတ်တော့မည်မဟုတ်ပေ...။

ဒဿနလက်ဆောင်

BURMESE CLASSIC

- အခွင့်အလမ်းသည်လည်းကောင်း
အချစ်သည်လည်းကောင်း
လက်ခံပေးမည့်သူ၏ အရည်အသွေးကို
အရင်ဆုံး စမ်းသပ်ကြည့်လေ့ရှိသည်။

- မသိနားမလည်ခြင်းသည်
ညံ့ဖျင်းမှုတစ်ခုအဖြစ်သာ ရှိသေးသည်။
သိလျှက်နှင့်ဆိုးနေလျှင်တော့
မိုက်မဲခြင်းအဖြစ် ရောက်တော့သည်။
မသိဘဲနှင့် သိတယ်ထင်လျှင်တော့
အဆိုးဆုံးဖြစ်တော့သည်။

- စဉ်းစားဉာဏ်မရှိသူအတွက်
ရဲရင့်နေသော်လည်း
သူရဲကောင်းမဖြစ်နိုင်ပေ။
အသွားမထက်သောဓားဖြင့်
အချက်များစွာ ခုတ်သော်လည်း
အရာမထင်သကဲ့သို့သာ ရှိပေမည်။

www.burmeseclassic.com

## ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း (၁) ရှမ်ဗဲလားနှင့်မဟာဂန္ဓာရီခရီးသည်များ

အခန်း (၂) ရှမ်ဗဲလားမဟာဂန္ဓာရီတက္ကသိုလ်

အခန်း (၃) တလားခေါက်သံဘယ်သူ့ကံ

အခန်း (၄) အနာရိကာလီနှင့်ကျောက်စိမ်းလည်ဆွဲ

အခန်း (၅) လိပ်ပြာဝိညာဉ်ဖြင့်ဆောင်ရွက်ရမည့်တာဝန်

အခန်း (၆) လိပ်ပြာဝိညာဉ်ဘဝနှင့်လမ်းပြပေးသူ

အခန်း (၇) အနာရိကာလီနှင့်တွေ့ရခြင်း

အခန်း (၈) တောကြီးမာယာဝက်ပါ

အခန်း (၉) ကြိုးတံတားပေါ်မှကယ်တင်ခြင်း

အခန်း (၁၀) ဘဝဟောင်းမှမှတ်တမ်းများ

အခန်း (၁၁) လူသေသော်လည်းဝိညာဉ်မသေသောသူ

အခန်း (၁၂) အနာရိကာလီနှင့်မကောင်းဆိုးဝါးများ

အခန်း (၁၃) အသက်ဝင်လာသောသွေးစုပ်ဖုတ်ကောင်

အခန်း (၁၄) ဝိညာဉ်ခန္ဓာဖြင့်အကူအညီပေးသူများ

အခန်း (၁၅) မိစ္ဆာကောင်နှင့်တွေ့ကြရခြင်း

အခန်း (၁၆) ချစ်သူတို့ဝတ္တရားရှိကြသည့်အတိုင်းသာ




### အခန်း [ ၁ ]

# ရှမ်ဗဲလားနှင့် မဟာဂန္ဓာရီခရီးသည်များ

'ရှမ်ဗဲလား'. . ဟူသော အမည်နာမသည် သာမန်လူတို့အတွက် စိတ်ဝင်စားမှုမရှိသော်လည်း. . မဟာဂန္ဓာရီပညာကို လေ့လာလိုက်စားသူများနှင့် ဂမ္ဘီရပညာများကို နှစ်သက်သူများအတွက်တော့ စိတ်ဝင်စားစရာကောင်းသော အမည်နာမတစ်ခုဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ရှမ်ဗဲလားဟူသော ဝေါဟာရနောက်သို့ တကောက်ကောက် လိုက်နေကြသော သုတေသီများ၊ ပညာရှင်၊ ပါရမီရှင်

www.burmeseclassic.com



များမှတစ်ဆင့် ရှမ်ဗဲလားနှင့်ပတ်သက်သော အကြောင်းများကို သိခွင့်ရကြသောကြောင့်လည်း ဖြစ်ပေသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက သူတော်စင်တို့သည် ရှမ်ဗဲလားကို ရှာပုံတော်ဖွင့်ခဲ့ကြသည်။ ထိုသို့ရှာပုံတော်ဖွင့်ခဲ့ကြရာမှ အယူအဆအမျိုးမျိုး ထွက်ပေါ်လာကြလေသည်။

အချို့က ရှမ်ဗဲလားသည် တိဗက်ပြည်နယ်နိမိတ်အတွင်း၌ ရှိသည်ဟု မှတ်တမ်းရေးကြသည်။ အချို့ကျတော့ တရုတ်တို့၏ ဂန္ဓာရီပင်မဖြစ်သော ခွန်လွန်တောင်တန်းကြီးတစ်ဝိုက်မှာ ရှိသည်ဟု ရေးသည်။

အချို့ပုဂ္ဂိုလ်တွေကတော့ လူသူအရောက်အပေါက်နည်းလှသော ဟိမဝန္တာတောင်တန်းကြီး တစ်နေရာ၌ရှိသည်ဟုလည်း ရေးကြသည်။ အချို့ကတော့ ဂိုဘီသဲကန္တာရကြီးတစ်နေရာတွင် သူတော်စင်တို့ပျော်မွေ့သော ရှမ်ဗဲလားဌာနချုပ်ရှိသည်ဟု ပြောဆိုရေးသားကြသည်။

ထိုကဲ့သို့ ရေးသားပြောဆိုမှုများမှာလည်း စိတ်ကူးဖြင့် စိတ်ထင်ရာများကို ရေးသားကြခြင်း၊ ပြောဆိုကြခြင်း မဟုတ်ကြဘဲ ၎င်းတို့တွေ့ကြုံခဲ့ရသော အကြောင်းအရာများ၊ အတွေ့အကြုံများကို ခိုင်ခိုင်မာမာ တင်ပြရေးသားကြခြင်းပင် ဖြစ်ပေသည်။ သူတော်စင်များ၊ မဟာဂန္ဓာရီ ခရီးသည်များ ပြောဆိုရေးသားမှုများမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြစေကာမူ အဓိပ္ပာယ်ကတော့ အတူတူပင်ဖြစ်ပေသည်။

ထိုအချက်ကတော့. . တိဗက်၊ တရုတ်နှင့် ဟိမဝန္တာ





တောင်တန်းကြီးတို့ သုံးပွင့်ဆိုင်ပေါင်းဆုံးသော နေရာတစ်ဝိုက်တွင် 'ရှမ်ဗဲလား'ရှိသည်ဆိုသော အချက်ပင်ဖြစ်ပေသည်။

အချို့ကတော့ 'ရှမ်ဗဲလား'ဒေသမှာ ပျောက်ဆုံးနေသော မိုးကုပ်စက်ဝိုင်းတစ်ခုပင် ဖြစ်သည်ဟု မှတ်ချက်ချသည်။

နောက်ပိုင်းတွင် 'ပျောက်ဆုံးသွားသော မိုးကုပ်စက်ဝိုင်း' ဟူသော အမည်ဖြင့် လုံးချင်းမှတ်တမ်းစာအုပ် ထွက်ခဲ့ရာ ကမ္ဘာတစ်ဝှမ်းမှ စိတ်ဝင်စားခဲ့ကြလေသည်။

သူတော်စင်တို့ ကိန်းအောင်းမွေ့လျော်သည့် ရှမ်ဗဲလားသို့မဟုတ် ပျောက်ဆုံးနေသော မိုးကုတ်စက်ဝိုင်းသည် လူသူအရောက်အပေါက်နည်းလှသော တိဗက်ပြည်တွင်း တစ်နေရာ၌ ရှိနေသည်ဟုထည်း ထင်ကြသည်။

တဗက်သည် တောင်မြင့်ကြီးများ ဝန်းရံထားသော ကမ္ဘာမြေမျက်နှာပြင်၏ အမြင့်ဆုံးနေရာ၌ တည်ရှိလေသည်။

ထို့ကြောင့် တရုတ်ဘာသာဖြင့် ဇီဇွန်(Xizang)ဟုခေါ်ကြလေသည်။ တိဗက်ပြည်၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင်(၇၀၀,၀၀၀) မျှရှိပြီး မြန်မာနိုင်ငံ အကျယ်အဝန်းထက် သုံးဆနီးပါး ပိုမိုကျယ်ဝန်းလေသည်။

သို့သော် ကမ္ဘာပေါ်တွင် လူနေထိုင်မှု အနည်းဆုံးနေရာတစ်နေရာပင် ဖြစ်ပေသည်။ မြန်မာနိုင်ငံမှာနေထိုင်သော လူဦးရေထက် အဆပေါင်းများစွာ နည်းပါးလှပေသည်။

တိဗက်ပြည်သည်. . . ကမ္ဘာပေါ်တွင် အမြင့်ဆုံးသော ကျောက်တောင်ကြီးများသာရှိပြီး သစ်ပင်သီးနှံစိုက်ပျိုး၍ မရနိုင်

www.burmeseclassic.com



သော နေရာများသာ များပေသည်။

နေရာအတော်များများမှာ သီးနှံစိုက်ပျိုး၍ မရသော ကျောက်တောင်များချည်းဖြစ်သောကြောင့် ရာသီဥတုကလည်း ဆိုးဝါးသည်။

ထို့ကြောင့် နေထိုင်မည့်သူ နည်းပါးခြင်းဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်မြင့်ကြီးများသာ ရှိသောကြောင့် တိဗက်ကို 'ကမ္ဘာ့ခေါင်မိုး' (The Roof of The World) ဟု တင်စားခေါ်ဝေါ်ကြသည်။

အချို့ကတော့ ပထဝီ အနေအထားကိုကြည့်ပြီး 'ကမ္ဘာနှင့် အဆက်အသွယ်ပြတ်နေသောနေရာ' ဟု တင်စားရေးသားကြသည်။ မဟာဂန္ဓာရီ ခရီးသွားများကတော့ သူတော်စင်တို့ မွေ့ပျော်သော ရှမ်ဗဲလားဒေသမှာ လူသူအရောက်အပေါက်နည်းသော တိဗက်နိုင်ငံတစ်နေရာ၌ရှိမည်ဟု ခန့်မှန်းကြလေသည်။ တိဗက်ပြည်အလယ်ပိုင်း "ဒို(လ)ပို" (Dolpo) ဟူသော နေရာတွင် သလင်းကျောက်တောင်ကြီးတစ်လုံး ရှိပေသည်။

ထူးဆန်းသော သလင်းကျောက်တောင်ကြီး တစ်နေရာ၌ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလည်းရှိသည်။

ထိုကျောင်းတော်ကြီးမှာ သာမန်လူတို့မရောက်နိုင်၊ မတွေ့နိုင်သောနေရာ ဖြစ်သဖြင့် ရှမ်ဗဲလားနေရာဟု သတ်မှတ်ကြခြင်းမျိုးလည်းရှိပေသည်။

ယင်း "ဒို(လ)ပို" (Dolpo) ဟူသောနေရာသည် လျှို့ဝှက်သောနေရာတစ်ခုဖြစ်ပြီး တိဗက်တို့၏ ရှေးဟောင်းအမွေ





ယဉ်ကျေးမှုများ ထိမ်းသိမ်းထားသော နေရာဟုလည်းဆိုသည်။

တိဗက်နိုင်ငံအား တရုတ်တို့ ဝင်ရောက်သိမ်းပိုက်စဉ်ကာလက လျှို့ဝှက်ရှားပါးသော ဗုဒ္ဓဘာသာကျမ်းစာများနှင့် ရှေးဟောင်းပစ္စည်းများ ထိုနေရာတွင် လျှို့ဝှက်သိမ်းထားသည်ဟု သတင်းကြားသဖြင့် သွားရောက်ရှာဖွေကြသေးသည်။

အတော်များများ ထိုနေရာအထိ မရောက်နိုင်ကြပေ။ ရောက်သည့်အခါမှာလည်း ကျောင်းတော်ကြီးကို မတွေ့ခဲ့ကြပေ။

နှင်းကျားသစ်ရှာဖွေရန် အကြောင်းပြချက်ဖြင့် ထိုနေရာသို့ ရောက်အောင်သွားနိုင်သူအချို့တော့ ရှိပေသည်။ ပီတာမက်သီဆင်နှင့် အဖော်တစ်ဦးတို့ဖြစ်ကြသည်။ ၎င်းတို့သည် ထိုနေရာသို့ရောက်အောင် သွားနိုင်ခဲ့ကြသော်လည်း သူတို့ မျှော်လင့်ထားသလို ရှမ်ဗဲလားကိုတော့ မတွေ့ခဲ့ကြရပေ။

ကျောင်းတော်ကြီးမှာထားသော ဗုဒ္ဓကျမ်းစာများနှင့် ရှေးဟောင်းပစ္စည်းကိုတော့ လေ့လာကြည့်ရှုခွင့် ရခဲ့ကြပေသည်။

နောက်ပိုင်းမှာတော့ ၎င်းတို့အတွေ့အကြုံများကို (The Snow Leopard) ဟူသောအမည်ဖြင့် စာအုပ်ရေးသား ထုတ်ဝေရာ များစွာအောင်မြင်မှု ရခဲ့ကြပေသည်။

၎င်းတို့သည် သာမန်လူတို့ မရောက်နိုင်ကြသည့် သူတော်စင်တို့နေရာကို ရောက်ခဲ့ကြပြီး ထိုနေရာမှ အကြောင်းအရာများကို ပြန်လည်ရေးသား တင်ပြကြခြင်းဖြစ်သဖြင့် ထိုအကြောင်းများကို စိတ်ဝင်စားမှု များကြခြင်းဖြစ်ပေရာ ထိုစာအုပ်

www.burmeseclassic.com



သည် အကြိမ်ကြိမ်ထုတ်ဝေခဲ့ရသည့်အပြင် (၁၉၇၉)ခုနှစ်အတွက် အမျိုးသားစာပေဆု (National Book Award) ရရှိခဲ့သည်အထိ အောင်မြင်ခဲ့လေသည်။

အချို့ကတော့. . ရှမ်ဗဲလားဟူသော သူတော်စင်တို့ တရားဓမ္မရှာမှီးပျော်မွေ့ရာ စုံတောမြိုင်သည် ဟိမဝန္တာတောင်တန်း၌ရှိသော ကေလာသတောင်တော်နှင့် တရုတ်ပြည်နယ်စပ်ရှိ ခွန်လွန် (KanLun) တောင်တန်းအနီး၌ တည်ရှိသည်ဟု ထင်မြင်ယူဆကြသည်။

သူတော်စင်တို့ တရားဓမ္မရှာမှီးသည့် 'ရှမ်ဗဲလား'မှ လူ့ရပ်လူ့ရွာသို့ မဟာဂန္ဓာရီပညာရပ်များ ဖြန့်ဖြူးရန် တမန်တော်များစေလွှတ်သည်။

အိန္ဒိယနိုင်ငံ၊ ရှိဂတ်ဆီမြို့ကလေးတွင် လူ့ရပ်လူ့ရွာက တရားဓမ္မရှာမှီးရန် ရှမ်ဗဲလားသို့ လာရောက်ကြသော ဓမ္မခရီးသည်အား ရှမ်ဗဲလားတမန်တော်များကိုယ်တိုင် တွေ့ဆုံ၍. . တရားဓမ္မဆွေးနွေးသည်။

ကဆုန်လပြည့်၊ ဗုဒ္ဓနေ့တွင် တရားဓမ္မများ ဆွေးနွေးရန် သူတော်စင်တို့ ရှမ်ဗဲလားတွင် ဓမ္မသဘင် ကျင်းပပြီး ညောင်ရေသဘင်ပွဲ ကျင်းပခဲ့သည်။

(၁၉၂၂)ခုနှစ်၊ ရုရှားတော်လှန်ရေးကြီး ဖြစ်ပွားပြီးစက ရုရှားအမျိုးသား ဒေါက်တာအိုဆင်ဒေါ့စကီး ဆိုသူသည် မွန်ဂိုလီးယားပြည် နယ်စပ်ကို ဖြတ်ကျော်ခဲ့ပြီးနောက် တိဗက်ပြည်တွင်းသို့ ရောက်ရှိခဲ့သည်။



ဒေါက်တာအိုဆင်ဒေါ့စကီးသည် တိဘက်နယ်စပ်၊ ဟိမဝန္တာတောင်တန်းတစ်လျှောက်၊ ကေလာသတောင်တန်းတစ်လျှောက်၊ ခွန်လွန်တောင်တန်းအချို့တွင် နေရာအနှံ့ စုံတောမြိုင် ရှမ်ဗဲလားရှာပုံတော် ဖွင့်ခဲ့သည်။

သူရောက်ရှိခဲ့သည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများတွင် တွေ့ရသည့် သူတော်စင်များကလည်း ရှမ်ဗဲလားအကြောင်းကို ပြောကြားခဲ့သည်ဟူ၍ သူ၏ ဒုတိယကမ္ဘာစစ်မဖြစ်မီ စစ်ကြိုခေတ်က အရောင်းရအတွင်ကျယ်ဆုံး စံချိန်တင်ခဲ့သည့် "Beasts, Men and Gods" စာအုပ်တွင် ရေးသားဖော်ပြထားခဲ့သည်။

သူတော်စင်များ တရားဓမ္မရှာမှီးသည့် စုံတောမြိုင်သည် "ဟိမဝန္တာတောင်၏ မြောက်ဘက် ကေလာသတောင်အနီးတွင် ရှိသည်" ဟူသောအကြောင်းကို (Bhagavata Purana) "ဘဂဝါတာပူရာမ်ကျမ်း"တွင် ဖော်ပြခဲ့သည်။

"ရှမ်ဗဲလား" (Shambhala)ဟူသော အဓိပ္ပါယ်တွင်. . "ရှမ်"ဟူသော ဝေါဟာရနှင့် "လား"ဟူသော ဝေါဟာရတို့ကို ပေါင်းစပ်ဖွဲ့စည်းထားသော စကားလုံးဖြစ်သည်။

"ရှမ်"(Sham)ဟူသော အဓိပ္ပါယ်မှာ "ငြိမ်းအေးခြင်း၊ စိတ်ဓာတ်တည်ငြိမ်ခြင်း"ဟူသော သဘောကိုဆောင်သည်။

"လား"(La)ဟူသည်မှာ. . . "တောင်ကြား"ဟူသော အဓိပ္ပါယ်ရသည်။ အမှန်အားဖြင့် ရှမ်ဗဲလားသည် တိဘက်ဘာသာအဓိပ္ပါယ် ဖြစ်လာသည်။

www.burmeseclassic.com



ဤ "ရှမ်ဗဲလား"ဟူသော သူတော်စင်တို့၏ စံတော်မြိုင် ဝေါဟာရကို ပထမဆုံး ဖွင့်ဆိုခဲ့သူမှာ (၁၇)ရာစု၊ မဟာခရီးသည်ကြီးဖြစ်သော ပေါ်တူဂီ ကက်သလစ်သာသနာပြု စတက်ဖင်ကာဆဲလား (Stephan Cacella) ဖြစ်သည်။

ကာဆဲလားသည် အိန္ဒိယပြည်မြောက်ပိုင်း နီပေါ၊ ဘူတန်၊ လာဒက်နှင့် တိဘက်ပြည် တန်းတလျားတွင် သာသနာပြုကြခဲ့သည်။

တိဘက်ကျမ်းစာ သက္ကတကျမ်းစာ၊ ဗုဒ္ဓဘာသာကျမ်းစာများကို လေ့လာရင်း ထိုဒေသတွင် နေထိုင်ကြသည့် သူတော်စင်တို့ထံမှ ယင်း "ရှမ်ဗဲလား"ဟူသော ဝေါဟာရကို မှတ်သားခဲ့ရသည်။

သို့ဖြစ်၍ "ရှမ်ဗဲလား"ကို ပေါ်တူဂီဘာသဖြင့် "သူတော်စင်တို့ တရားဓမ္မရှာမှီးသည့် စံတော်မြိုင်"(Dejune)ဟု စတက်ဖင်ကာဆဲလား၏ ခရီးသွားမှတ်တမ်းတွင် ဖော်ပြခဲ့သည်။

ကက်သလစ်ဘုန်းတော်ကြီး စတက်ဖင်ကာဆဲလားနှင့် ခေတ်ပြိုင်ဆွီဒင်အမျိုးသား မဟာခရီးသည် ဆဗင်ဟီဒင် (Sven Hedin) ဆိုသူကလည်း ခိုတန်ပြည်မှတစ်ဆင့် ဟိမဝန္တာမြောက်ပိုင်းသို့ ရောက်ရှိလာခဲ့ပြီး "ရှမ်ဗဲလား"ဟူသော "သူတော်စင်တို့၏ တရားဓမ္မရှာမှီးသည့် ငြိမ်းချမ်းသောတော"သို့ ရောက်ရှိခဲ့သည့်အကြောင်းကို သူ၏ခရီးသွားမှတ်တမ်းတွင် ဖော်ပြခဲ့သည်။

"ရှမ်ဗဲလား"ဟူသော အမည်သည့် ကမ္ဘာ့စာဖတ်ပရိသတ်နှင့် မြန်မာစာဖတ်ပရိသတ်များ သိရှိထားပြီးဖြစ်ကြသည်။





အရှေ့တိုင်းအယူအဆအားဖြင့် "ရှမ်ဗဲလား"ဆိုသည်မှာ "လျှို့ဝှက်ဆန်းကြယ်သောနေရာ ၊ သူတော်စင် သူတော်ကောင်းတို့၏နေရာ" ဟု လက်ခံယုံကြည်ခဲ့ကြသည်။

သို့ဖြင့် "ရှမ်ဗဲလားရှာပုံတော်" ဖွင့်ကြသည်။

နိုင်ငံတကာမှ အထူးသဖြင့် ရုရှား၊ အီတလီ၊ ပြင်သစ်၊ အင်္ဂလိပ်၊ တရုတ်စသော နိုင်ငံများမှာ ဂန္ဓာရီပညာကို စိတ်ဝင်စားသူများသည် အိန္ဒိယပြည် ဟိမဝန္တာနှင့် တိဘက်နိုင်ငံသို့ ဝင်ရောက်၍ "ရှမ်ဗဲလားရှာပုံတော်"အမည်ဖြင့် သုတေသနကျမ်းများ ထုတ်ဝေခဲ့ကြသည်။

ကမ္ဘာကျော် ဂန္ထိရ စာအုပ်များရေးသားသူ သုတေသနပညာရှင် အင်ဒရူးသောမတ်(စ) (Andrew Thomas)၏ စုဆောင်းတင်ပြချက်အရဆိုပါလျှင် "ရှမ်ဗဲလား ရှာပုံတော်ကျမ်း" (၆၄)အုပ် ထုတ်ဝေခဲ့ပြီးဖြစ်ပေသည်။

အချို့စာအုပ်များမှာ အထောက်အထား ခိုင်ခိုင်လုံလုံနှင့် အချက်အလက်အပြည့်အစုံဖြင့် ရေးသားဖော်ပြခဲ့သည်။

သို့သော် အရေးအသားမှာ ပညာရှင်ဆန်လွန်းသဖြင့် သာမန်စာဖတ်ပရိသတ်များအဖို့ ငြီးငွေ့ဖွယ်ရာဖြစ်သည်။

ယင်းရှမ်ဗဲလားရှာပုံတော်ကျမ်းများအနက် သာမန်စာဖတ်ပရိသတ်အဖို့ ဖတ်ရှုလေ့လာရန် အကောင်းဆုံး စာအုပ်မှာ ကယ်လီဖိုးနီးယားတက္ကသိုလ် အာရှစာပေလေ့လာရေးဌာနမှ ဒေါက်တာအက်(ဒ)ဝင်ဘင်ဘမ်(မ) ရေးသားသော "ရှမ်ဗဲလားသို့ သွားရာလမ်းခရီး" (The Way To Shambhala) စာအုပ်ဖြစ်

www.burmeseclassic.com



သည်။

ထိုစာအုပ်သည် လူကြိုက်အများဆုံးနှင့် ဖတ်ရှုရန်အသင့်တော်ဆုံး ဖြစ်လေသည်။

အချို့သော မဟာဂန္ဓာရီ ခရီးသည်များကလည်း ၎င်းတို့ ရှာဖွေနေသော 'ရှမ်ဗဲလား'သည် တရုတ်မှာလည်းမဟုတ်၊ တိဗက်ဒေသမှာလည်းမဟုတ်ဘဲ ဟိမဝန္တာဒေသမှာပင် ရှိသည်ဟု ယူဆထားကြလေသည်။ ဟိမဝန္တာတောင်တန်းကြီးသည် အရှေ့အနောက် မိုင်ပေါင်း(၁၅၀၀)ခန့်ရှည်လျားလေသည်။

အမြင့်ဆုံးနေရာမှာ ဧဝရက်တောင်ထိပ်ရှိသော နေရာဟု သတ်မှတ်ကြသည်။ ဟိမဝန္တာတောင်ပေါ်၌ တည်ရှိသောဧဝရတ်တောင်သည် အမြင့်ပေပေါင်း (၂၉၀၀၂)ပေခန့်ရှိပေရာ ကမ္ဘာပေါ်၌ အမြင့်ဆုံးတောင်ထွတ်ဖြစ်သည်။

ဟီးမားလယ(Himalaya) "နှင်းအိမ်"ဟု အမည်ရသော ဟိမန္တာတောင်တန်းကြီးပေါ်တွင်ရှိသော တောင်ပေါင်း အများအပြားရှိသည်။

အနိမ့်ဆုံးတောင်မှာ ပေပေါင်း(၂၃၀၀၀)ကျော်ရှိပြီး အမြင့်ဆုံးတောင်ကတော့ ဧဝရက်တောင်ပင်ဖြစ်သည်။

ဟိမဝန္တာသည် အထွတ်အမြတ်ထားသော နေရာတစ်ခုဖြစ်ပြီး၊ အန္ဒိယ ရှေးဟောင်းစာပေများနှင့် ပါဠိသက္ကတစာပေများတွင် တခမ်းတနားရေးသားဖော်ပြထားခဲ့ပေသည်။

မိလိန္ဒပညာ၌ . . .

ဟိမဝန္တာတောင်မင်းသည် ကောင်းကင်၌ ယူဇနာ ငါးရာမျှ မြင့်မားစွာ ထိုးထွက်နေသည်။

ယူဇနာသုံးထောင် ပြန့်ဖြူးစွာတည်ရှိနေသည်။ တောင်ထွတ်၊ တောင်ထိပ်ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် ခြံရံထားသည်။ မြစ်ကြီးငါးရာတို့ ရစ်ခွေစီးဆင်းသည်။

ဂင်္ဂါမြစ်၊ ယမုံနာမြစ်တို့ မြစ်ဖျားခံရာဖြစ်သည်။ သားရဲတိရစ္ဆာန်ကြီးများတို့၏ နေအိမ်ဂေဟာအဖြစ် တည်ရှိ၏။

အမျိုးမျိုးအပြားပြားသော အမွှေးနံ့သာများ ကြိုင်လှိုင်နေပြီး များစွာသောနတ်ဆေးဩသဇတို့ အပြည့်ရှိသည်။

ဟိမဝန္တာတောင်တန်းကြီးသည် ဂမ္ဘီရနယ်ပယ်၌သာမက သမိုင်းတလျှောက်လုံး ထင်ရှားကျော်ကြားခဲ့သော တောင်တန်းကြီးဖြစ်ပေသည်။ တရားဓမ္မဖြင့်မွေ့လျော်နေသူတို့အတွက် အကောင်းဆုံးသော နေရာတစ်ခုဖြစ်ပေသည်။

ဟိမဝန္တာတောင်၌ရှိသော ဒွါလာဂီရိတောင်နှင့် ကေလာသတောင်ထွတ်တို့အကြောင်းကိုပင် ရှေးဟောင်းကျမ်းများ၊ စာပေများ၌ ရေးသားဖော်ပြထားခဲ့ကြသည်။

ထိုသို့ရေးသားဖော်ပြချက်တို့၌လည်း ရှမ်ဗဲလားနှင့် ပတ်သက်သည့် အကြောင်းအရာများကို တွေ့ရှိနိုင်၏။

"ဒို(လ)ပို" (Dolpo) တောင်ထိပ်တွင်ရှိသော သလင်းကျောက်တောင်ကြီးအကြောင်းနှင့် တောင်ထိပ်တွင်ရှိသော ကျောင်းတော်ကြီးများအကြောင်း၊

ထိုကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်ကြသော ဘုန်းတော်ကြီးတို့မှာ အသက်မည်မျှရှည်သည်ကို မသိကြရပေ။

www.burmeseclassic.com



အချို့ကတော့ ထိုသက်တော်ရှည်လှပြီဖြစ်သော ဘုန်းတော်ကြီးများမှာ အသက်ရာကျော်မှ နှစ်ပေါင်းငါးရာအထိ အသက်ရှည်နေနိုင်မှုရှိကြကြောင်း ရေးသားကြသည်။

ဘုန်းကြီးကျောင်းရှိ ပိဋကတ်တိုက်ကြီး၌ထားသော ဗုဒ္ဓကျမ်းစာအုပ်ပေါင်း (၇၀၀၀)ခန့်ရှိပေပြီ။

ကျမ်းစာအုပ်များမှာ စက္ကူဖြင့်ပြုလုပ်ထားခြင်းမျိုးမဟုတ်ပဲ သစ်သားချပ်ပြားများပေါ်၌ ရေးသားထားခြင်းဖြစ်ရာ ပိဋကတ်ကျမ်းစာအုပ်တစ်အုပ်၏ အလေးချိန်မှာ ပေါင်(၃၀)ခန့် အလေးချိန်ရှိကြပေမည်။

ကလိဂန္ဒာကီ (KaliGan daki) မြစ်အနီး၌ ရှိသောသလင်းစောင်တန်းကြီး "ရှေးဂုမ္ပ"(Shey Gompa) ပေါ်၌ရှိသော ထိုကျောင်းတော်ကြီးရှိသော နေရာသည်ပင် မဟာဂန္ဓာရီပညာရှင်တို့ ယူဆသော ရှမ်ဗဲလားဒေသ ဖြစ်သည်ဆိုသော အယူအဆမှာ မှန်သည်မှားသည်ကိုတော့ ဝေဖန်ပြောဆိုမှု မပြုသာတော့ပေ. . .။ မည်သို့ပင်ဖြစ်စေ. . .

ကမ္ဘာတစ်ဝှမ်းမှာရှိကြသည့် ဂမ္ဘီရပညာကို စိတ်ဝင်စားကြသူများကတော့ ရှမ်ဗဲလားဟူသောဝေါဟာရနှင့် ၎င်းနှင့်ပတ်သက်သည့် အယူအဆများ၊ ဝေါဟာရများကို စိတ်ဝင်စားစွာဖြင့် ရှိနေကြသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။





**အခန်း [ ၂ ]**

# ရှမ်ဗဲလား မဟာဂန္ဓာရီ ဘာသာတိုင်း

ရှေ့အခန်းတွင် ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း. . 'ရှမ်ဗဲလား'ဟူသော ဝေါဟာရ၊ နေရာ စသည်တို့မှာ မဟာဂန္ဓာရီပညာကို လေ့လာလိုက်စားကြသူများနှင့် မဟာဂန္ဓာရီ ခရီးသည်များက စိတ်ဝင်စားကြသလို ဂမ္ဘီရပညာကို ယုံကြည်ကြသူတို့ကလည်း စိတ်ဝင်စားမှုရှိကြလေသည်။

အဘယ်ကြောင့်ဆိုသော် အကျိုးကြောင်းချင်း ဆက်သွယ်မှုရှိနေကြသောကြောင့်ဖြစ်သည်။

www.burmeseclassic.com



ရှမ်ဗဲလားဟူသော သူတော်စင်တို့ မွေ့လျော်ကြသော နေရာသည် ဘယ်နေရာတွင်ရှိသည်ဟု တိတိကျကျရေးသား ဖော်ပြနိုင်ခြင်းတော့ မရှိကြသေးပေ. . ။

သို့သော် မဟာဂန္ဓာရီ ပညာရှင်များမှ ၄င်းတို့တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ပြန်လည်ရေးသားခဲ့ကြသဖြင့် သိတန်သလောက်တော့ သိခဲ့ကြရပေသည်။

တစ်ဦးနှင့်တစ်ဦး ရေးသားတင်ပြပုံမတူကြ၊ အတွေ့အကြုံချင်း မတူကြစေကာမူ ရှမ်ဗဲလားနှင့်ပတ်သက်သည့် သဘောသဘာဝနှင့် အယူအဆတို့ကတော့ မကွာလှပေ။

၄င်းရေးသားဖော်ပြကြသော အတွေ့အကြုံတို့ကို ပြန်လည်လေ့လာကြည့်ပါက တိဗက်၊ တရုတ်နှင့် ဟိမဝန္တာ စသောနေရာများ၌ဖြစ်ကြောင်း တွေ့ရပေမည်။ ရှမ်ဗဲလားသည် ဝေးလံလှသော နေရာများ၌ ရှိသည်မဟုတ်ဘဲ မြန်မာပြည်နှင့် အလှမ်းဝေးလှသော နေရာတစ်ဝိုက်မှာသာရှိကြောင်း သိရပေမည်။

ထိုအချက်ကို အထောက်အထားပြုသော အချက်တစ်ချက်လည်း ရှိနေပေသေးသည်။ အခြားမဟုတ်ပေ. . .

မဟာဂန္ဓာရီတက္ကသိုလ်များဟုခေါ်သော ကျောင်းတော်ကြီးများပင်ဖြစ်သည်။

မဟာဂန္ဓာရီပညာကို လေ့လာဆည်းပူးလိုသူသည် ထိုတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ခွင့်ရစေရန် ကြိုးစားကြရသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက မဟာဂန္ဓာရီပညာကို





သင်ကြားပေးခဲ့သော ကျောင်းတော်(တက္ကသိုလ်)ကြီးများ ပေါ်ပေါက်ခဲ့လေသည်။

ရှေးဟောင်းဂန္ဓာရီတက္ကသိုလ်များထဲတွင် ခေါမခေတ်တွင်ပေါ်ပေါက်ခဲ့သော ပလေတို၏ အကယ်ဒမီ မဟာဂန္ဓာရီ တက္ကသိုလ်ပင်ဖြစ်သည်။

ထိုတက္ကသိုလ်သည် ဂန္ဓာရီတက္ကသိုလ်များထဲတွင် ရှေးအကျဆုံးတက္ကသိုလ်တစ်ခုတော့ မဟုတ်သေးပေ။

ထို့ထက်စောပြီး ပေါ်ပေါက်ခဲ့သော ဂန္ဓာရီတက္ကသိုလ်တစ်ခုရှိသေးသည်။

၄င်းမှာ အတ္တလန်တစ်မျိုးနွယ်ကြီး နေထိုင်သော အတ္တလန္တစ်တိုက်ကြီး သမုဒ္ဒရာရေအောက်သို့ မနစ်မြုပ်ခင်က ပေါ်ပေါက်ခဲ့သော မဟာဂန္ဓာရီတက္ကသိုလ်ကြီးပင် ဖြစ်ပေသည်။

အတ္တလန္တစ်ယဉ်ကျေးမှုကြီးနှင့်အတူ ပေါ်ပေါက်ခဲ့သော ဂန္ဓာရီတက္ကသိုလ်ကြီးပင်ဖြစ်သည်။

ထိုတက္ကသိုလ်ကြီး သမုဒ္ဒရာရေအောက်သို့ နစ်မြုပ်ပျက်စီးခဲ့ရပြီးနောက်ပိုင်းတွင် အခြားအခြားသော မဟာဂန္ဓာရီ တက္ကသိုလ်များတို့ကို ထူထောင်ခဲ့ကြလေသည်။

အီဂျစ် မဟာဂန္ဓာရီတက္ကသိုလ်၊
ဟိမဝန္တာ မဟာဂန္ဓာရီတက္ကသိုလ်၊
ဒွါရိက မဟာဂန္ဓာရီတက္ကသိုလ်၊
ခေါမ မဟာဂန္ဓာရီတက္ကသိုလ်၊
ရှမ်ဗဲလား မဟာဂန္ဓာရီတက္ကသိုလ်၊

www.burmeseclassic.com



အက်ဆင်နီ မဟာဂန္ဓာရီတက္ကသိုလ်၊

အလက်ဇန်းဒြီးယား မဟာဂန္ဓာရီတက္ကသိုလ်၊

အနာဂတ် မဟာဂန္ဓာရီတက္ကသိုလ်၊

ခေတ်သစ် မဟာဂန္ဓာရီတက္ကသိုလ်၊

ခရစ်ရှနားမူတီး ဂန္ဓာရီတက္ကသိုလ်၊

ခေတ်သစ်ဂျာမန် ဂန္ဓာရီတက္ကသိုလ်၊

အစရှိသောနေရာများပင် ဖြစ်ကြလေသည်။

ထိုကဲ့သို့ရှိကြသော မဟာဂန္ဓာရီတက္ကသိုလ်များထဲတွင် မြန်မာပြည်အပါအဝင် အာရှတိုက်သားများအသိများသော. . မဟာဂန္ဓာရီတက္ကသိုလ်မှာ ဟိမဝန္တာ မဟာဂန္ဓာရီတက္ကသိုလ်ပင် ဖြစ်ပေသည်။

ထို့ပြင် မဟာဂန္ဓာရီ ပညာရပ်များအပြင် ရှမ်ဗဲလားနှင့် ပတ်သက်ပြီး စိတ်ဝင်စားမှုအများဆုံးရှိသော တက္ကသိုလ်မှာ 'ရှမ်ဗဲလား မဟာဂန္ဓာရီတက္ကသိုလ်' ပင်ဖြစ်သည်။

ရှမ်ဗဲလား တက္ကသိုလ်ရှိသောနေရာမှာလည်း ဗမာပြည်နှင့် မဝေးလှပေ။ ရှမ်ဗဲလား တက္ကသိုလ်ရှိသောနေရာမှာ 'ရှမ်ဂရီလာ' ဒေသပင်ဖြစ်၏။

ရှမ်ဂရီလာဒေသမှာ ရှေးအခါက သွားလာရန်ခက်ခဲသော အရပ်ဒေသဖြစ်သဖြင့် တော်ရုံမရောက်နိုင်ကြပေ။

(ယခုမျက်မှောက်ကာလမှာတော့ တရုတ်ပြည်မကြီးမှနေ၍ ဟိမဝန္တာ၊ တိဗက် နေရာများအထိ ခြောက်လမ်းသွားလမ်းမကြီးဖောက်ထားပြီးဖြစ်ရာ အလွယ်တကူပင် သွားလာ၍ ရနေကြပြီဖြစ်၏။

မြန်မာပြည်မှ သွားလျှင်တော့ ရှမ်းပြည်နယ်၊ မူဆယ်မြို့မှတစ်ဆင့် တရုတ်ပြည်မကြီးသို့ရောက်အောင် သွားရပေမည်။

ထိုနေရာမှတဆင့် ကားလမ်းအတိုင်း ရှမ်ဂရီလာဒေသသို့ရောက်အောင် သွားနိုင်ကြပေပြီ။

(၁၉၉၀)ခုနှစ်လောက်က သွားခဲ့စဉ်ကပင် ခရီးလမ်းမှာ ဆင်သလောက် ႏကောင်းသေးပေ။

ယခုအခါမှာတော့ ရှမ်ဂရီလားဒေသ၊ ရှမ်ဂရီလာမြို့သည် ကားလမ်းမကြီးနံဘေးမှာ ခေတ်မီအဆောက်အဦးများဖြင့် တမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသော နေရာဒေသတစ်ခု ဖြစ်နေပေပြီ။)

အမှန်တော့. . ရှမ်ဂရီလားဒေသမှာ ရှမ်ဗဲလားနှင့်သက်ဆိုင်သော နေရာတစ်ခုတော့ မဟုတ်ပေ။

သို့သော်လည်း ဝေးကွာလွန်သောနေရာမျိုးမဟုတ်ပေ။ ရှမ်ဗဲလားဟု သတ်မှတ်ထားသောနေရာမှာ ဟိမဝန္တာတောင်တန်းကြီး၏ အရှေ့ဘက်အစွန်းတစ်နေရာ၌ ရှိပေသည်။

တိဗက်ပြည်တွင်း၌ ရှိသည်မဟုတ်သော်လည်း တိဗက်သာမားကျောင်းတော်ကြီးများနှင့် နီးကပ်စွာရှိသဖြင့် သွားလာဆက်ဆံခြင်းမျိုးရှိပေသည်။

ရှမ်ဗဲလားတက္ကသိုလ်သည် ထိုနေရာ၌ပင် တည်ရှိပေသည်။ ထိုနေရာတွင် သဒ္ဓမ္မသူတော်စင်အဖွဲ့ချုပ် တည်ရာဖြစ်ပြီး၊ လောကကိုကောင်းကျိုးပြုပေးသော ဂန္ဓာရီပညာရှင်များ မွေး




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ထုတ်ရာ မဟာဂန္ဓာရီတက္ကသိုလ်ကြီး တည်ရှိရာပင်ဖြစ်ပေသည်။

ဟိမဝန္တာတောင်ကြောတစ်နေရာတွင် အသူရာတမျှ နက်လှသော ချောက်ကမ်းပါးကြီး ခြားထားသော တောင်စွယ် တစ်နေရာရှိသည်။

ဤချောက်ကမ်းပါးကြီး တစ်ဖက်ကမ်းမှ အခြားတစ် ဖက်ကမ်းသို့ကူးရန် နွယ်ပင်များဖြင့် ပြုလုပ်ထားသော ကြိုး တံတားကြီးရှိသည်။

ရှမ်ပဲလား၏ တပည့်သာဝကများသည် ဆရာရှင်တို့၏ ညွှန်ကြားချက်အရ ရှမ်ပဲလားသို့လာမည်ဆိုပါက ဤကြိုးတံတား မှတစ်ဆင့် ဖြတ်သန်းလာရမည်ဖြစ်သည်။

အဆိုပါနွယ်ဖြင့် ပြုလုပ်ထားသော ကြိုးတံတားသည် ခေတ်သစ်မြို့ကြီးများတွင်ရှိသော ကြိုးတံတားကဲ့သို့ အခိုင်အမာ ပြုလုပ်ထားသည်ကား မဟုတ်ချေ။

သို့ဖြစ်၍ လှုပ်ရမ်းနေသော ကြိုးတံတားပေါ်တွင် သတိ ဝီရိယဖြင့် လျှောက်မှသာလျှင် တစ်ဖက်ကမ်းသို့ရောက်နိုင်သည်။ သာမန်ပေါ့ပေါ့တန်တန်လျှောက်ရုံမျှဖြင့် မရောက်နိုင်ဟု "အရှင် မြတ်တို့ပေစာ"ဟူသောကျမ်းတွင် ဖော်ပြထားသည်။

ရှမ်ပဲလားတည်ရာ တောင်စောင်းသည် မြေကောင်းမြေ မြတ် ဘူမိနက်သန်မှန်သော တောင်စောင်းတစ်နေရာပင်ဖြစ် သည်။

အပေါ်မှကြည့်လိုက်လျှင် ကျောက်ထီး၊ ကျောက်နံရံ များဖြင့် ကွယ်ထားသည်။





မြေပြန့်ကကြည့်မည်ဆိုပါက ရေအိုင်ကြီးများ ဝိုင်းပတ် ထားပြီး ဆီးနှင်းများလွှမ်းခြုံသော တောအုပ်ကြီးသာဖြစ်သည်။

ရှမ်ပဲလား၏ အဆောက်အအုံများကိုမူ မမြင်နိုင်ပေ။

ရှမ်ပဲလားသို့ လာခွင့်ရရန် ခွင့်ပြုချက်ရပြီးသူများသာ လျှင် ဤခရီးအဆင့်ဆင့်ကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

ဤခရီးအဆင့်ဆင့်ကိုသွားရန် လမ်းတစ်လျှောက်တွင် သစ်တောများ၊ တံတားများ၊ ရေအိုင်အသီးသီးတို့တွင် တောရ ဆောက်တည်နေသော ဆာဒူးကြီးများ၊ ရသေ့ကြီးများရှိသည်။

ရှမ်ပဲလားသို့ လာရောက်သူများ လမ်းမှာတွေ့ရန် ထို ပုဂ္ဂိုလ်ကြီးများက ခရီးတစ်ဆင့်ပြီးတစ်ဆင့် လမ်းညွှန်ပေးမည် ဖြစ်သည်။

ရှမ်ပဲလားတွင် အဓိကအဆောက်အဦးကြီးမှာ "ချွင်" ဟု အမည်ပေးထားသော မျှော်စင်ဘုံကျောင်းကြီးဖြစ်သည်။

ယင်း "ချွင်" မျှော်စင်ဘုံကျောင်းတော်ကြီးမှာ ရှမ်ပဲလား ၏ ဌာနချုပ်ကြီးဖြစ်သည်။

ချွင်ဘုံကျောင်းတော်ကြီးမှာ အမြင့်အားဖြင့် ရန်ကုန် တက္ကသိုလ်အတွင်း၌ရှိသော ဂျပ်ဆင်ဘုရားရှိခိုးကျောင်း မျှော် စင်နှင့် အလားသဏ္ဌာန်တူသည်။

ထိုကျောင်းတော်ကြီးသည် လေးထောင့်ပုံသဏ္ဌာန်ဖြစ် ပြီး အဆောက်အဦးမှာ အလွန်ကြီးမား၍ အထပ်အများအပြား ရှိသည်။'

ယင်း "ချွင်" ဘုံကျောင်းမျှော်စင်ကြီးသည် မဟာဂန္ဓာရီ

www.burmeseclassic.com



ပညာများသင်ပေးရာ တက္ကသိုလ်ကြီးဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂန္ဓာရီပညာရှင်များသည် သူတို့၏ ဆရာရှင်များ ညွှန်ကြားချက်ဖြင့် ဤရှမ်ပဲလား မဟာဂန္ဓာရီ တက္ကသိုလ်ကြီးတွင် လာရောက်သင်ကြားနေကြသည်။

ဤသို့လာရောက်သင်ကြားသူများတွင် ရုပ်ခန္ဓာဖြင့်သင်သူ အနည်းငယ်သာရှိသည်။

အနီးအနားတွင်ရှိသော ဘူတန်၊ လာဒတ်၊ ဆစ်ကင်၊ ရှိုဂပ်ချီစသော အရပ်တို့မှလာသော သူများဖြစ်သည်။

ဟိမဝန္တာနှင့် ဝေးလံသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ဤမဟာဂန္ဓာရီတက္ကသိုလ်သို့ ရောက်ရှိလာသူများမှာ ရုပ်ခန္ဓာ မဟုတ်ချေ။

လိပ်ပြာခန္ဓာဖြင့် ရောက်ရှိလာသူများဖြစ်သည်။

အများအားဖြင့် ည(၁၁)နာရီမှ နံနက်(၄)နာရီအတွင်း ရုပ်ခန္ဓာအိပ်ပျော်နေစဉ် လိပ်ပြာခန္ဓာဖြင့် ရောက်ရှိလာသော တပည့်သာဝကများဖြစ်သည်။

သာဝကများကို ပထမအဆင့်၊ ဒုတိယအဆင့် စသည်ဖြင့် အဆင့်များခွဲခြား၍ မိမိနှင့်သက်ဆိုင်သော အဆင့်တွင် သင်ကြားပေးရာအထပ်၌ လေ့လာသင်ကြားရသည်။

ဤသို့သောသာဝကများကို သင်ကြားပေးသော အထပ်အရေအတွက်မှာ သုံးထပ်လေးထပ်မျှရှိသည်။

ကျန်အထပ်များတွင် ပြတိုက်အထပ်၊ ဥယျာဉ်အထပ်၊ သုတေသနအထပ် စသည်ဖြင့် လုပ်ငန်းတာဝန်ခွဲခြားပြီး သဒ္ဓမ္မ





ဆရာရှင်တို့က တပည့်သာဝကများကို လေ့ကျင့်သင်ကြားပေးကြသည်။

ဥယျာဉ်ပြုလုပ်ထားသော အထပ်တွင် လူ့အသက်ကို ကယ်တင်နိုင်သော ဘယဆေးပင်များ၊ စိတ်ကိုပြောင်းလဲစေသော ဘယဆေးပင်များနှင့် အခြားသတ္တိထူးရှိသော ဆေးပင်များကို စိုက်ပျိုးထားသည်။

အချို့အပင်များမှာ ယတြာဆင်သောသဘောဖြင့်. . အရပ်ဒေသတစ်ခု၏ အကျိုးအတွက် စိုက်ပျိုးထားကြောင်း တွေ့ရသည်။

အချို့နေရာများတွင် ကျောက်စားပွဲအရှည်လိုက်ကြီးပေါ်တွင် ကျောက်ပန်းအိုးဖြင့် စိုက်ပျိုးထားသော ရှားပါးသစ်ပင်များ ရှားပါးဆေးပင်များ၊ ရှားပါးအဆိပ်ပင်များကို စိုက်ပျိုးထားသည်။

အချို့နေရာတွင် ကျောက်စားပွဲကြီးပေါ်၌ ဆီမီးခွက်အမျိုးမျိုးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် သရုပ်ဖော်ထွန်းညှိထားသည်။

မီးအလင်းရောင်ဖြင့် သင်္ကေတကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

ဥပမာ။ အာဖရိကတိုက်မှ နိုင်ငံတစ်ခု တိုးတက်ကြီးပွားရေးအတွက် ရည်စူး၍ ဆီမီးခွက်အများအပြားကို သင်္ကေတဖြင့် ထွန်းထားသည်။

သုတေသနပြုလုပ်ရာအထပ်တွင် (၁)ပေ×(၅)ပေ ခန့်

www.burmeseclassic.com



ရှည်သော ဖန်သားပြင်ကြီးပေါ်တွင် ကမ္ဘာအရပ်ရပ်ကို စီစီတီဗွီ (CCTV) ရိုက်သကဲ့သို့ ရိုက်ကူးကြည့်ရှု သုတေသနပြုနေကြသည်။

ရေခဲတောင်များပြိုခြင်း၊ မီးတောင်များပေါက်ကွဲခြင်း၊ လေမုန်တိုင်းများဖြစ်ပေါ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်မှုတို့ကို အုပ်စုတစ်ခုက ဖန်သားပြင်တစ်ခုတွင် ကြည့်ရှုလေ့လာနေကြသည်။

အခြားအုပ်စုတစ်ခုက သိပ္ပံသုတေသန၊ ဆေးပညာသုတေသနစသော သုတေသနလုပ်ငန်း ဆောင်ရွက်နေသော အသင်းအဖွဲ့ လုပ်ငန်းများကို စောင့်ကြည့်နေသည်။

ထိုသူများအကူအညီလိုအပ်ပါက ရှမ်ဗဲလားမှ အကူအညီပေးပေးရန်ဖြစ်သည်။

ဤသို့ဖြင့် လူသားအများစုနှင့်ဆိုင်သော ပညာရေး၊ စီးပွားရေး၊ စစ်ရေး၊ သုတေသနအရေး စသည်တို့တွင် အဖွဲ့လိုက် စောင့်ကြည့်လေ့လာလျက်ရှိသည်။

အဖွဲ့တစ်ဖွဲ့တွင် ဆရာရှင်တစ်ပါးက ဦးဆောင်လျှက် အဆင့်မြင့် တပည့်သာဝကတို့က လေ့လာလျက်ရှိသည်။

ဤကဲ့သို့ သုတေသန ပြုလုပ်ရာ "ချွင်" မျှော်စင်ဘုံကျောင်းတော်ကြီးသို့ တက်ရောက်သင်ကြားခဲ့သူများမှာ အမေရိကန်မှ အင်ဂျင်နီယာ စပယ်(လ)ဒင်၊ ရုရှားမှ ရိုးရစ်ဇန်းမောင်နှံ ဘလာဗက်စကီ၊ အမေရိကန်မှ စာရေးဆရာ ရက်(စ်)ဖီး စသည်တို့ဖြစ်သည်။





သူတို့ရေးသားခဲ့သော ကျမ်းများတွင် ရှမ်ဗဲလား မဟာဝန္တာရီ တက္ကသိုလ်အကြောင်းကို အလျှင်းသင့်သလို ဖော်ပြထားသည်။

ဤသို့ ဖော်ပြရာတွင် ရှမ်ဗဲလား၌ အတွင်းစည်းနှင့် အပြင်စည်းဟူ၍ နှစ်မျိုးရှိသည်။

အတွင်းစည်းထဲတွင် ရှမ်းဗဲလားမှ ဆရာရှင်များက ဦးစီး၍ လက်ရင်းသာဝကကြီးများနှင့် ကမ္ဘာ့အရေးကိစ္စများအားလုံးကို မျက်ခြေမပြတ် လေ့လာဆန်းစစ်နေသည်။

လူသားတို့တွေ့ကြုံနေရသော ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းမျိုးစုံတို့ကို ကြံဆနေကြသည်။

အပြင်စည်းဝိုင်းတွင်မူ အတွင်းစည်းဝိုင်း၌ အလုပ်လုပ်ကိုင်နေသော လက်ရင်းသာဝကကြီးများနှင့် လက်ယောက်သာဝကကြီးများ၏ မိသားစုများ ရှိကြသည်။

ယင်းမိသားစုတို့မှာ ပရိယေသနဝမ်းစာအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

သူတို့၏ ဘဝနေထိုင်မှုမှာ သူတော်ကောင်းတရားနှင့် မေတ္တာဗြဟ္မာစိုရ်တရားများကို လက်ကိုင်ထားပြီး နေထိုင်ဆက်ဆံကြခြင်းဖြစ်သည်။

သူတို့၏ ဘာသာရေးကိုးကွယ်မှုမှာ လိုဏ်ဂူတောင်စောင်းများအတွင်း၌ ဝတ်ကျောင်းများအဖြစ် စုဝေးပြီးလျှင် ဘုရားရှိခိုးခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများ ပြုလုပ်ကြသည်။

ဝတ်ကျောင်းများအတွင်း၌ ရုပ်တု၊ ရုပ်ပွားတော်များ

www.burmeseclassic.com



မရှိချေ။

သို့ရာတွင် "တော" ကားတိုင်ခေါ် ရှေးဟောင်းအီဂျစ် ကားတိုင်အထိမ်းအမှတ်တစ်ခုသာရှိသည်။

အပြင်စည်းဝိုင်းအတွင်း နေထိုင်ကြသူများမှာ ရုပ်ရည် သန့်ပြန့်သားနားပြီး ဥပဓိရုပ်ကောင်းသူများဖြစ်သည်။

များသောအားဖြင့် သက်တမ်း နှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်သော်လည်း အပြင်ပန်းအမြင်အားဖြင့် အသက်(၃၀)ကျော် (၄၀)ခန့်သာထင်ရသည်။

"ရှမ်ဂရီလာဝတ္ထု" မှစတင်ပြီး စပဲယ်ဒင်နှင့် ဒေါက်တာ ရိုးရစ်တို့၏ စာအုပ်များတွင် ဖော်ပြချက်များအရ သူတို့ရောက် ခဲ့သော ဒေသကို "ရှမ်ဗဲလား" ဟုခေါ်ဝေါ်ခဲ့ကြသည်။

ရှေးအကျဆုံး "ရှမ်ဂရီလာဝတ္ထု"တွင် ရှမ်ဂရီလာ ဟူ သော အမည်သည် ရှမ်ဗဲလားနှင့် ခပ်ဆင်ဆင်ဖြစ်နေသော ကြောင့် "ရှမ်ဂရီလာ"သည် "ရှမ်ဗဲလား"ပင်ဖြစ်သည်ဟု ယူဆ နေကြသည်။

တဖန်သဒ္ဓမ္မအဖွဲ့ချုပ်သည် ရှမ်ဗဲလား၏ ညွှန်ကြားချက် အတိုင်း လောကအကျိုး ဆောင်ရွက်နေသည်။

ရှမ်ဗဲလား၏ မူလနေရာမှာ မွန်ဂိုလီးယားပြည်အတွင်း ရှိ ဂိုဘီသဲကန္တာရတွင်ရှိသည်။

ရှမ်ဗဲလားတွင် ရှိသော ပုဂ္ဂိုလ်များမှာ "အလွန် အဆင့် မြင့်သော မိုးနတ်မင်းကြီး"ဟု တင်စားခေါ်ဝေါ်နိုင်သော အဆင့် မြင့်ပုဂ္ဂိုလ်များဖြစ်သည်။





ထိုပုဂ္ဂိုလ်ကြီးများသည် လူ့လောကနှင့် တိုက်ရိုက်ဆက် ဆံမှုမပြုကြဘဲ သူတို့၏ တပည့်သာဝကကြီးများဖြစ်သော သဒ္ဓမ္မ အဖွဲ့ချုပ်ဝင် လောကီလွန်ပုဂ္ဂိုလ်များကိုသာ ဆက်ဆံညွှန်ကြား ခြင်းဖြစ်သည်။

သဒ္ဓမ္မအဖွဲ့ချုပ်ဝင် ပုဂ္ဂိုလ်များသည် ရှမ်ဗဲလား အရှင် မြတ်တို့၏ ဆန္ဒအတိုင်း လူ့ဘောင်ကြီးတစ်ခုလုံး ကောင်းစားရေး အတွက် လောကတ္ထစရိယလုပ်ငန်းကို အချိန်ရှိသမျှ တစိုက် တော်မတ် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ထို့ကြောင့် ရှမ်ဗဲလားနှင့် ရှမ်ဂရီလာတို့၏ ခြားနားချက်၊ ရှမ်ဗဲလားနှင့် သဒ္ဓမ္မအဖွဲ့ချုပ်တို့၏ ခြားနားချက်တို့ကို အပီအပြင် မမြင်နိုင်ကြဘဲ အတူတူပင်ဖြစ်သည်ဟု ထင်မြင်နေကြခြင်း ဖြစ် သည်။

"ရှမ်ဂရီလာ" ဟူသောနေရာသည် တရုတ်ပြည်မြောက် ပိုင်း၊ တိဘက်နယ်စပ်တွင် ရှိပြီး၊ "ရှမ်ဗဲလား"ဟုခေါ်သော သဒ္ဓမ္မ အဖွဲ့ချုပ်နေရာသည် ဟိမဝန္တာတောင်တန်း၊ အရှေ့ဖျားတစ်နေ ရာတွင်ရှိပေသည်။

ဟိမဝန္တာတောင်ဟု ဆိုရာတွင် တိဘက်ပြည် မဟုတ် ချေ။ တိဘက်ဘာသာရေးကျောင်းလည်း မဟုတ်ချေ။

သို့ရာတွင် . . တိဘက်လားမားကျောင်းအချို့နှင့်သာ သဒ္ဓမ္မ အဖွဲ့ချုပ်သည် ဆက်သွယ်မှုရှိသည်။

သဒ္ဓမ္မအဖွဲ့ချုပ်သည် တိဘက်ပြည်၊ ရှီဂပ်ဆီအရပ်ရှိ တိဘက်ကျောင်းတော်ကြီးမှ လားမားဆရာတော်ကြီးများနှင့်

www.burmeseclassic.com



အဆက်အသွယ်ရှိခဲ့ကြသည်။

သဒ္ဓမ္မအဖွဲ့ချုပ်သည် လောကအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ယင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် သာဝကသစ်များကို ပညာသင်ပေးရာ ကျောင်းတော်ကြီးပင် ဖြစ်သည်။

ထို့ကြောင့် ယင်းကျောင်းတော်ကြီးကို ရှမ်ဗဲလား မဟာ ဂန္ဓာရီတက္ကသိုလ် ဟုခေါ်မည်ဆိုက ခေါ်နိုင်လေသည်။

ရှမ်ဗဲလား မဟာဂန္ဓာရီတက္ကသိုလ်တည်ရှိသော နေရာမှာ သာမန်လူတို့မရောက်နိုင်သော သီးခြားနေရာမျိုးဖြစ်သည်။

ဟိမဝန္တာ၊ တိဗက်နှင့် တရုတ်ပြည်မကြီးတို့ ထိစပ်နေသော နေရာဖြစ်သည့်အပြင် မြင့်မားလှသော ကျောက်တောင်ကြီးများ တောင်စွယ်တောင်တန်းကြီးများက အခြားအရပ်ဒေသများနှင့် သီးခြားစီဖြစ်နေစေရန် စည်းခြားထားသကဲ့သို့ ရှိနေသည်။

တံတိုင်းကြီးများ ကာရံထားသကဲ့သို့ ရှိနေကြသည်။

ထို့ပြင် တောနက်ကြီးများကလည်း နေရာမလပ်အောင် ဝန်းရံထားလေသည်။

တောင်ပေါ်မှ တောင်အောက်သို့ မျှော်ကြည့်ပါက. . မြကမ္ဗလာခင်းထားသကဲ့သို့ ရှိကြသည်။

တောင်ကြားများမှ စီးဆင်းသွားသော မြစ်ချောင်းများ တို့မှာလည်း ရှည်လျားသော မြွေတစ်ကောင်ကဲ့သို့ တွေ့မြင်ကြ





ရသည်။

ရှမ်ဗဲလား မဟာဂန္ဓာရီတက္ကသိုလ် တည်ရှိသော. . ကျောက်တောင်ကြီး၏ အောက်ဖက်မှတော့ ရွာအချို့ရှိကြသည်။

ထိုရွာများထဲတွင် 'ပရာနာမာ'ရွာလည်း တစ်ရွာအပါ အဝင်ဖြစ်ပေသည်။

www.burmeseclassic.com





## အခန်း [ ၃ ]

# တံခါးခေါက်သံ ဘယ်သူ့ကံ

အချိန်ကာလမှာ (၁၉၄၅)ခုနှစ်ဝန်းကျင်ကာလဖြစ်သည်။ ထိုအချိန်ကာလလောက်က ရှမ်ပဲလား မဟာဂန္ဓာရီ တက္ကသိုလ် တည်ရှိသောနေရာဝန်းကျင်တစ်ဝိုက်မှာ လူသူအဆောက်အအုံနည်းသော နေရာတစ်ခုအနေဖြင့်သာ ရှိသေးသည်။

မဟာဂန္ဓာရီ ခရီးသည်များသော်လည်းကောင်း၊ ရှမ်ပဲလားကျောင်းတော်ကြီးသို့ တက်ခွင့်ရရန် လာရောက်ကြိုးပမ်းကြ

www.burmeseclassic.com



သူများမှလွဲပြီး အခြားသူများမှာ ထိုအရပ်သို့ မလာရောက်ကြပေ. . . ။

ယခုကာလတွင် အခြားခရီးသွားများသွားလာမှုရှိကြသော်လည်း ထိုအချိန်ကာလတွင် ခရီးသွားများ မလာရောက်ကြခြင်းမှာ လမ်းအခြေအနေ ခက်ခဲသည်ကတစ်ကြောင်း၊ စစ်ဘေးစစ်ဒဏ်များ သင့်နေသည့်အချိန်အခါလည်း ဖြစ်သောကြောင့်ပင်. . . ။

'ပရာနာမာ'ရွာ တည်ထားသောနေရာမှာ ချောင်းများရစ်ခွေပတ်စီးနေသော မြေပြန့်တစ်နေရာ၌ ဖြစ်သည်။ ထိုရွာတွင် တိဗက်၊ အိန္ဒိယ၊ တရုတ် အပါအဝင် လူမျိုးပေါင်းစုံတို့ ရောထွေးနေထိုင်ကြသည်။

မွန်ဂိုလီးယား၊ ကာဒတ်၊ နီပေါ၊ ဆစ်ကင်၊ ဘူတန်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ နိုတန်၊ ဥဘက္ကစ္စတန်၊ ကာစ္စစတန် စသော အရပ်ဒေသများနှင့်လည်း မဝေးလှသောကြောင့် ထိုအရပ်ဒေသမှ လူများလည်း တစ်ခါတစ်ရံ ရောက်လာကြသည်။

ပရာနာမာရွာတွင် နေကြသူအများစုကတော့ အသီးအနှံစိုက်ပျိုးစားသောက်ကြသူများသည်။

ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာ မြစ်ချောင်းများရှိသဖြင့် သဘာဝမြေဩဇာ အလွန်ကောင်းသည်။

မြေပြန့်များတွင် သီးနှံစိုက်ခင်းများ စိုက်ပျိုးကြသည်။ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ဆလတ်၊ မုံညင်း၊ အာလူး၊ ကန်စွန်းဥ၊ ပိန်းဥ စသော စားသောက်ပင်များ စိုက်ပျိုးကြသည်။





အချို့ကတော့. . တောင်ယာစိုက်ခင်းများ ပြုလုပ်ကာ လက်ဖက်စိုက်ခင်းများ ပြုလုပ်ကြသည်။

ရေနှင့်နီးသော ကွင်းများမှာတော့ စပါးနှင့် ဂျုံစိုက်ခင်းများ စိုက်ပျိုးကြသည်။

ရွာသူရွာသားများမှာ အသီးအနှံပင်များ စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်း ပြုသူရှိသလို တောတောင်များသို့ သွားပြီး အသက်မွေးဝမ်းကျောင်း ပြုသူများလည်းရှိကြသည်။

တောတောင်များသို့ သွားလာကြသူတို့မှာလည်း လုပ်ငန်းအမျိုးအစားချင်း မတူကြပေ။

အချို့က အမဲလိုက်သောအလုပ် လုပ်သည်။

အချို့က ကတိုးလိုက်သောအလုပ်မျိုး လုပ်သည်။

အချို့ကျတော့ ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ပင်၊ များရည်စသော ဆေးဖက်ဝင်အပင်များ ရှာဖွေသူက ရှာဖွေကြသည်။

အချို့ကျတော့ သစ်ခွပန်းမျိုးစုံတို့ ရှာဖွေစုဆောင်းပြီး မြို့သို့သွားရောက် ရောင်းချကြသည်။

တောတောင်များထဲသို့ ဝင်ရောက်ကြသူများအတွက်တော့ အန္တရာယ်က အတော်ပင်များလေသည်။

ကျား၊ ကျားသစ်၊ မြွေ၊ မျောက်ဝံ၊ လူဝံ၊ ဝက်ဝံစသော တိရစ္ဆာန်များအပြင် တောဆင်ရိုင်းအုပ်များနှင့်လည်း မကြာခဏ တွေ့ကြရသည်။

နှင်းတောင်တန်းများပေါ်သို့ သွားသူများအတွက်လည်း

www.burmeseclassic.com



ကြောက်စရာကောင်းသော အန္တရာယ်များနှင့် တွေ့နိုင်ကြပေသည်။

ကတိုးကောင်၊ မချစ်ဥ၊ ခန်းတောက်မြစ်စသော ဆေးဖက်ဝင်ပစ္စည်းများကို အလိုရှိပါက မြေပြန့်မှာ မရနိုင်ပေ။

သာမန်တောများ၌ မတွေ့နိုင်ပေ။

ပေပေါင်း တစ်သောင်းကျော်အထက်မြင့်သော ရေခဲတောင်များပေါ် အထိသွားမှ တွေ့နိုင်ရနိုင်ပေသည်။ ထိုတောင်မြင့်များပေါ်၌ ဝက်ဝံ၊ နှင်းကျားသစ်နှင့် နှင်းလူများနှင့် တွေ့ပြီး အန္တရာယ်ပြုခြင်းခံကြရသည်။ နှင်းလူများမှာ သာမန်အခြေအနေမျိုးတွင် လူနှင့်မတွေ့ရသော်လည်း . . အကယ်၍ မလွှဲမရှောင်သာတွေ့ပါကလည်း လူကိုဖမ်းဆီးသတ်ဖြတ်လေ့ရှိကြသည်။

နှင်းလူမှာ လူနှင့်ပုံပန်းသဏ္ဌာန်တူသော်လည်း . . လူ့ထက်များစွာ ကြီးမားထွားကျိုင်းသည်။

တစ်ကိုယ်လုံး အမွေးရှည်များရှိပြီး လက်တံ၊ ခြေတံရှည်သည်။

ခြေရာတစ်ခုပင် တစ်တောင်ကျော်ခန့် ရှည်သည်။ ဘူတန်တောနက်များတွင် တွေ့ရသော နှင်းလူများဆိုလျှင် ခြေရာတစ်ခုပင် အလျား(၁၅)လက်မခန့်ရှည်ပြီး အနံ(၈)လက်မခန့်ကျယ်ဝန်းလေသည်။

ခန္ဓာကိုယ်မှာ လူ့ထက်နှစ်ဆခန့်ကြီးပြီး အရပ်က(၈)ပေ(၉)ပေခန့်မြင့်သည်။





ထို့ကြောင့် ၎င်းတို့နှင့်ရင်ဆိုင်တွေ့သောအခါ အသက်ရှင်ဖို့ရန် အကြောင်းမရှိတော့ပေ။

ထို့ကြောင့် တောတောင်များထဲတွင် သဘာဝပစ္စည်းများက အလကားရသည်ဆိုသော်ငြားလည်း အသက်နှင့်ရင်းပြီး ရှာဖွေယူကြရသည်။

ပရာနာမာရွာသူရွာသားများက ထိုအလုပ်များကို လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

ပရာနာမာရွာတွင် အိမ်ခြေပေါင်း တစ်ရာခန့်ရှိပြီး နေထိုင်သူ လူဦးရေ(၅၀၀)ခန့်ရှိလေသည်။

တကယ်တော့ ပရာနာမာရွာဆိုသည်မှာ ရွာသူရွာသားများ ပေးထားသော အမည်ဖြစ်သည်။

မူလအမည်မှာ ရှမ်ဂရီးလားရွာဖြစ်သည်။

ရှမ်ဂရီလာ အရပ်ဒေသတွင် ရှိသဖြင့် ရှမ်ဂရီးလားဟု အလွယ်တကူ ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

မူလအမည်ကတော့ ပရာနာမားဖြစ်သည်။

နောက်ပိုင်း ကားလမ်းနံဘေးတွင် ရှမ်ဂရီးလားမြို့သစ်တစ်ခုတည်ထောင်ကြသောအခါ ၎င်းရွာကို ပရာနာမာဟူသော အမည်ဖြင့်သာ ခေါ်ဝေါ်ခဲ့ကြသည်။

ပရာနာမာနှင့် ရှမ်ဂရီးလားမြို့ရှိသော နေရာမှာ မဝေးလှပေ။ ကားလမ်းမကြီးအတိုင်း သွားပါက အလွယ်တကူရောက်နိုင်ကြသည်။

အကယ်၍ ပစ္စည်းများကို မြို့သို့တင်ပို့ရောင်းချလိုပါက

www.burmeseclassic.com



ကုန်ပစ္စည်းတင်သောကားများနှင့် လိုက်သွားနိုင်ကြပေသည်။ ထို့ကြောင့် အစားအသောက်ပေါ်များသော ပရာနာမာရွာက လေးမှာ သာယာပြီး နေချင်စဖွယ်ရှိသည်ဟု ထင်ရသော်လည်း ၎င်းတို့ရွာအတွက်ကတော့ အေးချမ်းမှုမရှိလှပေ။

အဘယ်ကြောင့်ဆိုသော်. . .

မကြာခဏဆိုသလို မကောင်းဆိုးဝါးများ ရွာသို့ရောက် လာလေ့ရှိပြီး၊ ရွာသူရွာသားများကို သတ်ဖြတ်လေ့ရှိသောကြောင့် ဖြစ်သည်။

အခြားရက်များမှာတော့ ထိုအန္တရာယ်ကို မတွေ့ကြရပေ။ လပြည့်လကွယ်ရက် ရောက်ပြီဆိုလျှင်တော့ ထိုအန္တရာယ်က ရောက်လာပေတော့သည်။

ပရောနာမာရွာ၏ မြောက်ဘက်တွင် တောင်တန်းတစ် ခုနှင့် တောနက်ကြီးရှိသည်။

ထိုနေရာမှာ သာမန်နေရာတော့မဟုတ်ပေ။

ရှေးအခါက မဟာရာဂျာစော်ဘွားတစ်ဦး စိုးစံခဲ့သော မြို့တော်ဟောင်းတစ်ခု ရှိခဲ့ဖူးသည်။

မြို့ဟောင်းကြီး ပျက်စီးသွားခဲ့ပြီးနောက်တွင်လည်း ထို နေရာတစ်ဝိုက်တွင် အဆောက်အဦး အပြိုအပျက်ဟောင်းတို့ ကျန်နေခဲ့သည်။

နောက်ပိုင်းကာလကြာသောအခါ ထိုနေရာများကို ချုံ နွယ်ပိတ်ပေါင်းများ ဖုံးအုပ်ခဲ့ပြီး မြွေမျိုးစုံတို့ ခိုအောင်းပျော်စံရာ နေရာတစ်ခု ဖြစ်ခဲ့လေသည်။





ဒေလီမြို့တော်ဟောင်းကြီး ပျက်စီးသွားခဲ့ပြီးနောက်တွင် မပျက်မယွင်းဘဲ ကျန်ခဲ့သော နေရာဟောင်းတစ်ခုတော့ရှိသည်။

အခြားမဟုတ်ပေ။ သူသတ်ကုန်းနှင့် ယှဉ်တွဲထားသော သချိုင်းဟောင်းတစ်ခုပင် ဖြစ်ပေသည်။

ထိုသချိုင်းဟောင်းနေရာတွင် ရှေးနှစ်ပေါင်းများစွာက ပြုလုပ်ထားခဲ့သော အုတ်ဂူဟောင်းများ ရှိနေသေးသည်။ စကျင် ကျောက်များဖြင့်ပြုလုပ်ထားသော အုတ်ဂူများမှာ အချို့ပြိုကျ ပျက်စီးနေပြီဖြစ်သော်လည်း အချို့ဂူများမှာတော့ မူလအခြေ အနေမပျက်ပင် ရှိနေကြသေးသည်။

ထိုသချိုင်းဟောင်းရှိသောနေရာတွင် မြွေအလွန်ပေါ သဖြင့် သာမန်အချိန်မျိုး၌ပင် အသွားအလာ မပြုဝံ့ကြပေ။

လပြည့်လကွယ်ရက် ရောက်လာလျှင်တော့ ပရာနာမာ ရွာသားများအတွက် အန္တရာယ်များ ကျရောက်လာတတ်ပေ သည်။

နေဝင်ချိန်ရောက်သည်နှင့် သချိုင်းဟောင်းရှိသော နေ ရာဘက်မှ တောခွေးအူသံများ ကြားလာရသည်။

သာမန်အချိန်များတွင်လည်း တောခွေးအူသံများ ကြားရ သည်။ ထိုအချိန်တွင် ကြားရသောအသံက တစ်ပြိုင်နက်တည်း ဆူဆူညံညံ အူကြခြင်းဖြစ်လေသည်။

ခွေးအူသံများကြားရလျှင် ရွာသူရွာသားများမှာ မကြာ ခင် အန္တရာယ်ဆိုးကြီးကျရောက်တော့မည်ကို သိကြသဖြင့် များ စွာကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ကြလေသည်။

www.burmeseclassic.com



"ခွေးအူသံတွေတော့ကြားရပြီ. . ၊ မကြာခင် မကောင်းဆိုးဝါးတွေ ရောက်လာကြတော့မယ်"

ထိုအခါ အပြင်ဘက်ရောက်နေသော ကလေးငယ်များ၊ မိမိတို့မိသားစုများကို ခေါ်သံများကြားကြရသည်။

"ဟဲ့ကလေးတွေ၊ မကောင်းဆိုးဝါးတွေလာတော့မယ် အိမ်ထဲမြန်မြန်ဝင်နေကြ. . "

ထိုကဲ့သို့ခေါ်သံကြားသည်နှင့်. . ကလေးများလည်း ရောက်ရာအရပ်ကနေ ပြေးလာပြီး မိမိနေအိမ်အတွင်းသို့ ဝင်ကြလေသည်။

အပြင်ထွက်နေသူများ ပြန်မရောက်သေးပါက ခေါ်သံအော်သံများကြားရပြီး လူစုံပြန်ရောက်သော အိမ်များကတော့ တံခါးပိတ် မီးမှိတ်ကာ ငြိမ်သက်တိတ်ဆိတ်စွာ ရှိနေကြလေသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ ခွေးအူသံများ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ထိုအခါ နောက်ထပ်အသံတစ်မျိုး ကြားလာရပြန်သည်။

"ဘုန်း. . ဘုန်း. . ဘုန်း. . "

ဟူသော အသံကြီးဖြစ်သည်။

ပထမတော့ ရွာသူရွာသားများက ထိုအသံမှာ မည်ကဲ့သို့သော အသံမျိုးဖြစ်သည်ကို မသိကြပေ။

နောက်မှသိရသည်မှာ ကြားနေရသောအသံမှာ. . မကောင်းဆိုးဝါးများက ခေါင်းတလားများကို လူလက်ဖျံရိုးများ





ဖြင့် ခေါက်သောအသံ ဖြစ်ပေသည်။

"ဘုန်း. . ဘုန်း. . ဘုန်း. . "

ထိုအသံကြီးမှာ ပျောက်မသွားဘဲ အဆက်မပြတ် ကြားနေရာမှ အတန်ကြာသောအခါ ရွာဘက်သို့ တဖြည်းဖြည်း နီးလာသည်။

ထိုအခါမျိုးတွင် တစ်ရွာလုံး မီးရောင်လည်းမှိတ်၊ လူခြေတိတ်ကာ တိတ်ဆိတ်ငြိမ်သက်နေကြရသည်။ နောက်တော့. . တလားခေါက်သံကြီးက တဖြည်းဖြည်းနှင့် ရွာတွင်းသို့ ဝင်လာလေတော့သည်။

"ဘုန်း. . ဘုန်း. . ဘုန်း. . "

ထိုအသံကြီး ရွာထဲရောက်လာပါက အချို့သတ္တိကောင်းသူအချို့က ထရံပေါက်မှ အပြင်ဘက်သို့ ချောင်းကြည့်ကြသည်။ ရှေ့ဆုံးမှဝင်လာသော မကောင်းဆိုးဝါးကြီးက ပခုံးပေါ်မှာခေါင်းတလားကြီးတစ်လုံး ထမ်းထားပြီး လက်တဖက်တွင် ကိုင်ထားသော အရိုးဖြင့် တဘုန်းဘုန်း ထုလာခြင်းပင်ဖြစ်သည်။

၎င်းနောက်မှလည်း နောက်လိုက်နောက်ပါ မကောင်းဆိုးဝါးများ ပါလာကြသည်။

"ဘုန်း. . ဘုန်း. . ဘုန်း. . "

တလားခေါက်သံကြီးကို အနီးကပ်ကြားရသည်ဖြစ်စေ၊ မကောင်းဆိုးဝါးများ ဝင်လာသည်ကို မြင်တွေ့ရသည်ဖြစ်စေ၊ အချို့လည်း စိတ်မထိမ်းနိုင်သဖြင့် ကြောက်လန့်တကြား အော်ဟစ်မိကြသည်။

www.burmeseclassic.com



ကလေးငယ်များက လန့်ဖျပ်ပြီး ငိုကြွေးကြလေသည်။ အများအားဖြင့်တော့ မိန်းမများနှင့် ကလေးငယ်များပင်ဖြစ်ကြလေသည်။

ထိုအသံကြားသည်နှင့် တန်းစီပြီးလျှောက်လာသော မကောင်းဆိုးဝါးများက ရပ်တံ့သွားပြီး အသံကြားရာသို့ လှည့်ကြည့်သည်။

ထိုအခြေအနေကိုမြင်သောအခါ အိမ်ထဲမှာရှိနေသူတို့က ငိုကြွေးနေသူများ၏ပါးစပ်ကို အသံမထွက်စေရန် အတင်းပိတ်ဆို့ထားကြသည်။

ကြောက်ကြောက်လန့်လန့်နှင့် ကလေးပါးစပ်ကိုပိတ်ထားရာ အသက်မရှူနိုင်ဘဲ သေရသည်မျိုးလည်းရှိသည်။

ရွာထဲသို့ မကောင်းဆိုးဝါးများ ဝင်ရောက်လာပြီးပါက အိမ်တစ်အိမ်ပေါ်သို့ အထုပ်တစ်ထုပ် ပစ်တင်ပေးသွားကြလေသည်။

မကောင်းဆိုးဝါးများမှာ ရွာလမ်းအတိုင်း ရွာဆုံးရွာဖျားခေါက်တုံ့ခေါက်ပြန်လျှောက်ကာ ခေါင်းတလားကြီးကို တဘုန်းဘုန်းဖြင့် ခေါက်ကြသည်။

ပြီးမှ ပြန်ထွက်သွားကြလေသည်။

၄င်းတို့ပြန်သွားသောအခါ ခေါင်းတလားခေါက်သံလည်းတိတ်ကာ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ သို့သော်လည်း မည်သူမှ အပြင်မထွက်ဝံ့ကြပေ။

မိုးလင်းတော့မှ မိမိတို့အိမ်ပေါ်ပစ်တင်ထားခဲ့သော





အထုပ်ကို ကြောက်ကြောက်ရွံ့ရွံ့နှင့် ယူပြီးကြည့်ရသည်။ လူသတ်ရာတွင် အသုံးပြုသော အနက်ရောင်ခေါင်းစွပ်အိတ်ထဲတွင် အလောင်းပြင်ဆင်ရာတွင် အသုံးပြုသော ခြေကြိုးလက်ကြိုး၊ အကြွေစေ့ . အစရှိသောပစ္စည်းများ ထည့်ထားသည်ကို တွေ့ကြရသည်။

ထိုအထုပ်ရောက်သောအိမ်တွင် လူတစ်ယောက် နှစ်ယောက် ဆက်တိုက်သေလေ့ရှိသည်။

ထိုသို့သေသည်နှင့် အလောင်းကို နေ့ကူးအောင်မထားဘဲ သုသာန်သို့ပို့ကာ ချက်ခြင်းမြေမြှုပ်သင်္ဂြိုလ်ပစ်ရလေသည်။

အကယ်၍ ချက်ချင်းမသင်္ဂြိုလ်ဘဲ ရက်ကျော်ထားမိပါက အခြားအိမ်များမှ တစ်ယောက်ပြီးတစ်ယောက် သေကြေပျက်စီးကြရလေသည်။

ပရာနာမာရွာသူရွာသားများကတော့ အခြားအချိန်များ၌နေရသည်ထက်၊ လပြည့်လကွယ်ရက်သို့ ရောက်လာမည်ကို ကြောက်ရွံ့ထိတ်လန့်နေကြရပေသည်။

သို့သော်လည်း အခြားအရပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်ရန်အတွက်လည်း မဖြစ်နိုင်ကြသဖြင့် ထိုအရပ်ဒေသမှာပင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နေကြရပေသည်။

ပရာနာမာရွာမှာ အိမ်ခြေတစ်ရာခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး ထိုရွာလူကြီးမှာ ဦးထန်ဖုန်းရှိန်ပင် ဖြစ်သည်။

ဦးထန်ဖုန်းရှိန်သည် အသက်(၆၀)ဝန်းကျင်ခန့်ရှိပြီး ထိုရွာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်

www.burmeseclassic.com



သည်။

ယခင်က ကချင်ပြည်နယ်အရှေ့ဘက်တွင် နေထိုင်သူ ဖြစ်ပြီး နောက်ပိုင်း ရှေးကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်ရင်း မှ ပရာနာမာရွာသို့ ရောက်လာကြခြင်းဖြစ်ပေသည်။

တစ်နေ့သ၌ ဦးထန်ဖုန်းရှိန်က ရွာသူရွာသားအချို့ကို ခေါ်ယူပြီး ဆွေးနွေးတိုင်ပင်မှု ပြုရလေသည်။

"မင်းတို့ကိုခေါ်ရတာ အခြားအကြောင်းကိစ္စ မဟုတ် ဘူး၊ အခုငါတို့တစ်ရွာလုံး မကောင်းဆိုးဝါးတွေနဲ့ တွေ့ကြုံနေ တာကို တိုင်ပင်ချင်လို့ခေါ်ရတာပဲ"

"သူကြီးက ဘယ်လိုလုပ်ချင်သလဲ"

"ငါ့သဘောက ဒီလိုပဲနေရင် တစ်နေ့နေ့တော့ ငါ့ အလှည့်ရောက်လာပြီး သေကြရတော့မှာပဲ"

"ဒါပေမယ့် မကောင်းဆိုးဝါးတွေဖြစ်နေတော့ ကျုပ်တို့ က ဘယ်လိုလုပ်ရမလဲ၊ တောထဲမှာ ဆင်နဲ့ကျားနဲ့တွေ့ရင်တော့ သတ်ရတာလွယ်လိမ့်မယ်၊ တစ္ဆေသရဲတွေကို ဘယ်လို သတ်ရ ရမလဲ၊ သူတို့က သေပြီးသားတွေလေ. ."

တစ်ယောက်ကပြောသည်။

"သေပြီးသားလည်း ဆေးဝါးဂါထာမန္တရားတွေနဲ့သတ် ရင် ထပ်သေတာပဲ"

"ဒါဖြင့် ကျုပ်တို့တစ်ရွာလုံးမှာ အဲဒီလိုလုပ်ပေးနိုင်တဲ့ ဘယ်သူရှိမလဲ"

ထိုသို့မေးသောအခါ ဦးထန်ဖုန်းရှိန်လည်း ပြန်မဖြေ





သာတော့ပေ။

သူသိသလောက်တော့ သူတို့တစ်ရွာလုံးမှာ ထိုကဲ့သို့ ဆေးဝါးဂါထာမန္တရားကျွမ်းကျင်သူမျိုး တစ်ဦးတစ်ယောက်မှ မရှိပေ။

ထိုအခါ ရွာသားတစ်ယောက်ကပြောသည်။

"မကောင်းဆိုးဝါးတွေက သချိုင်းဟောင်းရှိတဲ့နေရာက ထွက်လာတာဆိုတော့ သချိုင်းတစ်ခုလုံး မြေလှန်ဖျက်ဆီးပစ် လိုက်ရင် မကောင်းဘူးလား"

"ဘယ်ကောင်းမှာလဲ. .၊ အဲဒီလိုလုပ်တော့မှ ပျားအုံကို တုတ်နဲ့ထိုးမိသလို တစ်ရွာလုံး ဒုက္ခရောက်ကုန်ကြမှာပေါ့"

ဦးထန်ဖုန်းရှိန်စကားကြောင့် သချိုင်းဖျက်ရန် ကြံစည်သူ လည်း ထပ်မပြောဝံ့တော့ပေ။

နောက်တစ်ယောက်က အကြံပေးပြန်သည်။

"ဒီလိုလုပ်ရင် မကောင်းဘူးလား. . တောင်ထိပ်ပေါ် မှာ ရှမ်ဗဲလားကျောင်းတော်ကြီးရှိတယ်. .၊ အဲဒီမှာရှိတဲ့ ပုဂ္ဂိုလ် တွေက တန်ခိုးသိဒ္ဓိရှိကြတယ်၊ သူတို့ဆီသွားပြီး အကူအညီ တောင်းရရင် မကောင်းဘူးလား"

"မင်းပြောတဲ့အကြံက ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် ချောက်ကမ်းပါးကြီးတွေကို ကျော်ဖြတ်ပြီး သူတို့ဆီ ရောက်အောင် ဘယ်လိုသွားမလဲ၊ ဘယ်သူသွားဝံ့မလဲ"

ထိုသို့ပြန်မေးလိုက်သောအခါ တစ်ယောက်မှ မလှုပ် ကြပြန်ပေ။ အဘယ်ကြောင့်ဆိုသော်. . .

www.burmeseclassic.com



ထိုအရပ်ဒေသမှာ နေကြသည်မှာ အတော်ကြာသူမျာ
ဖြစ်ကြသဖြင့် ရှမ်းပဲလားကျောင်းတော်ကြီးအကြောင်းကို သိသ
သလောက် သိထားကြသည်။

ကျောင်းတောင်ကြီးရှိသောနေရာမှာ တစ်ဘက်ချော
ကမ်းပါးစွန်းပေါ်၌ ဖြစ်သည်။

ကြားထဲ၌ ချောက်ကမ်းပါးကြီး ခြားနေသည်။

မြူခိုးငွေ့များဖြင့် ဝေ့ဆိုင်းနေသော ချောက်ကမ်းပါးကြ
မှာ နက်ရှိုင်းလှသောကြောင့် အောက်ခြေသို့ မမြင်ကြရပေ
အချို့နေရာများတွင် . . မြူနှင်းများကြားမှ ထိုးထွက်နေသော
ကျောက်စွန်းကျောက်စွယ်အချို့လောက်သာ တွေ့မြင်ရသည်
အောက်သို့ကျသွားလျှင်တော့ မည်သည့်အခြေအနေမျိုးနှင့်
အသက်ရှင်နိုင်စရာမရှိပေ။

ပရာနာမာရွာရှိသောနေရာမှ ကျောက်တောင်ပေ
တက်သွားလျှင် သည်ဖက်ချောက်ကမ်းပါးစွန်းကိုသာ ရော
မည်။ ကျောင်းတော်ကြီးရှိသောနေရာဘက်သို့ မရောက်နိုင်ပေ

ဟိုဘက်ကမ်းသို့ရောက်အောင် သွားလိုပါက အလယ်
သွယ်တန်းထားသော နွယ်ကြိုးတံတားဖြင့် ရောက်အောင်သွာ
ကြရသည်။

ထိုကြိုးတံတားမှာ အခိုင်အခံ့ပြုလုပ်ထားသော ကြိ
တံတားမျိုးတော့ မဟုတ်ပေ။

လေထဲမှာ လှုပ်ယမ်းနေပေရာ သာမန်ဖြင့်တော့ ကူ
၍မရပေ။ သို့ကြောင့် မည်သူမှ မလှုပ်ဝံ့ကြတော့ခြင်း ဖြစ်သည်





"ရွာလူကြီးပြောတာမှန်တယ်၊ ကျောင်းတော်ကြီးရှိတဲ့
ဘက်ကမ်းကို သာမန်လူတွေ သွားလို့မရဘူး၊ ကျောင်းတော်ကြီး
မှာရှိတဲ့ ဆရာသခင်တွေကလက်ခံတဲ့သူမျိုးမှ ကူးသွားလို့ရ
တယ်"

"ဒါဖြင့် ဟိုဘက်ကလူတွေကရော ဒီဘက်ကို ဘယ်လို
ကူးလာကြသတဲ့လဲ"

"သူတို့ကတော့ စိတ်တန်ခိုးရှိတဲ့သူတွေဆိုတော့ ဘယ်
နေရာသွားသွား အလွယ်တကူ ရောက်နိုင်ကြတယ်လို့တော့ ပြော
သံကြားတယ်"

"ကိုယ်သွားလို့မရလည်း သူတို့နဲ့တွေ့အောင်တော့ တစ်
နည်းနည်းနဲ့ ကြိုးစားရမှာပေါ့၊ ဒါထက် ရွာလူကြီးကို မေးရဦး
မယ်၊ သချိုင်းဟောင်းဘက်မှာ တစ်ခါတစ်ရံ အစိမ်းရောင် အ
လင်းတန်းတွေ ဖြာတက်နေတာတွေ့ရတယ်၊ အဲဒါဘာလဲ"

"ငါလည်း သေသေချာချာဘယ်သိပါ့မလဲ"

"နောက်တစ်ခုလည်းရှိသေးတယ်၊ လသာတဲ့ညအချိန်
ရောက်ရင် သချိုင်းဟောင်းနေရာမှာ အစိမ်းရောင် အလင်းတန်း
တွေနဲ့အတူ အမျိုးသမီးတစ်ယောက်လည်း တွေ့ကြရတယ်၊
အဲဒါကရော ဘာလဲ"

"ငါထင်တာတော့ လူတော့မဖြစ်နိုင်ဘူး၊ နာနာဘာဝ
တွေပဲဖြစ်မှာပေါ့၊ လူကောင်းတွေကတော့ အချိန်မတော်ကြီး
သချိုင်းထဲမှာ နေမယ်မထင်ပါဘူး"

ဦးထန်ဖုန်းရှိန်ပြောသောစကားကို ရွာသူရွာသားများ

www.burmeseclassic.com



က လက်ခံကြလေသည်။

"မင်းတို့ကိုခေါ်တာ တခြားအကြောင်းမဟုတ်ဘူး၊ လ ပြည့်လကွယ်ရက်ရောက်တိုင်း ငါတို့ရွာထဲကို မကောင်းဆိုးဝါး တွေဝင်လာတဲ့ကိစ္စကို ဘယ်လိုလုပ်ကြမလဲလို့ ခေါ်ပြီး တိုင်ပင် တာပဲ"

"ဟုတ်တယ် သူကြီး၊ မကောင်းဆိုးဝါးဝင်လိုက်ရင်း လူ တွေသေလိုက်ရင်းနဲ့ မနည်းတော့ဘူး၊ ကြာရင် တစ်ရွာလုံး ကု လိမ့်မယ်"

"ဒါကြောင့် တစ်ခုခုလုပ်ဖို့တော့ လိုလိမ့်မယ်၊ မင်းတို့ လည်း စဉ်းစားထားကြ"

ဟုပြောဆိုကာ ဖြစ်နိုင်ချေရှိသော ကိစ္စများကို ပြော တိုင်ပင်ကြပြီးနောက်တွင် ရွာသားများလည်း ပြန်သွားကြ တော့သည်။





## အခန်း [ ၄ ]

# အနာရိကာလီနှင့် ကျောက်စိမ်းလည်ဆွဲ

အချိန်က လပြည့်ညဖြစ်သည်။

လပြည့်ညဖြစ်သော်လည်း မြူနှင်းများက ထူထပ်စွာ ကျဆင်းနေသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဝေ့ဝေ့ဝါးဝါး အလင်းရောင်မျိုးသာရှိသည်။

နေရာမှာ တောစပ်တစ်နေရာတွင်ရှိသော သချိုင်း ဆောင်းနေရာဖြစ်သည်။ ထိုနေရာနှင့် မနီးမဝေးမှာ သူသတ် ကုန်းရှိသည်။ သူသတ်ကုန်းနေရာတစ်ဝိုက်မှာ နှစ်ပရိစ္ဆေဒ

www.burmeseclassic.com



ကြာမြင့်နေပြီဖြစ်သော ကျောက်တိုင်ဟောင်းတစ်ခုသာရှိသည်။ လူခြေတိတ်ဆိတ်သော ညအချိန်များတွင် သူသတ်ကုန်းရှိသော နေရာတစ်ဝိုက်မှာ ကြောက်စရာကောင်းသော အော်ဟစ်ညီးညူသံများကို ကြားရသေးသည်။

သင်္ချိုင်းဟောင်းမှာ ရှေးအခါက အသုံးပြုခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်းမှာတော့ မသုံးကြတော့ပေ။

မသုံးဝံ့ကြတော့ခြင်းဖြစ်သည်။

ထိုနေရာတွင် အုတ်ဂူအပြိုအပျက်များနှင့် ချုံနွယ်ပိတ်ပေါင်းများရှိသည်။

သလင်းကျောက်ဖြင့် ပြုလုပ်ထားသော အုတ်ဂူအချို့လည်းရှိသည်။ သို့သော်လည်း နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သဖြင့် သလင်းကျောက်ဖြင့် ပြုလုပ်ထားသည်ကိုပင် မသိကြတော့ပေ။

သင်္ချိုင်းဟောင်းရှိသောနေရာနှင့် မနီးမဝေးမှာ.. ကျောက်ဟောင်မြင့်ကြီးရှိသည်။ အောက်ခြေတွင် လိုဏ်ခေါင်းပေါက်တစ်ပေါက်ရှိသော်လည်း ချုံနွယ်ပိတ်ပေါင်းများ ကာဆီးနေသောကြောင့် တော်ရုံနှင့် မမြင်နိုင်ကြပေ။

ထိုဂူပေါက်များအတွင်းဝယ် သားရဲတိရစ္ဆာန်များ ခိုအောင်းနေတတ်သည်ကတစ်ကြောင်း၊ ထိုနေရာတစ်ဝိုက်မှာ မကောင်းဆိုးဝါးများ နေထိုင်ရာအရပ် ဖြစ်သည်ဟု ယူဆကြသဖြင့် အကြောင်းမရှိဘဲ မလာဝံ့ကြပေ။ အကယ်၍သာ ထိုဂူပေါက်များအတွင်းသို့ အရဲစွန့်ပြီး ဝင်ကြည့်ပါက ထူးခြားသောအရာ





များကို တွေ့ကြရမည်ဖြစ်ပေသည်။

မခြားမဟုတ်ပေ။ ကျောက်ဂူပေါက်များအတွင်းမှာ ည်း သလင်းကျောက်ဖြင့်ပြုလုပ်ထားသော ခေါင်းတလားများ ရှိနေပြီး ထိုအထဲတွင် အလောင်းများ ရှိနေကြသေးသည်။

ရှေးခေတ်စော်ဘွားများ ဝတ်ဆင်သော အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများနှင့်အတူ ထည့်သွင်းထားသော မဟာ ရာစော်ဘွားတစ်ဦး၏ ရုပ်အလောင်း၊ အစိမ်းရောင်အဝတ် စားများဖြင့် လှပချောမောသည့် အမျိုးသမီးတစ်ယောက်၏ အလောင်းတို့ ရှိနေကြသည်။

ထိုအမျိုးသမီး၏ လည်ပင်းတွင် အရည်အသွေးကောင်း သည့် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသည့် လည်ဆွဲတစ်ခုလည်း နေသည်။

သလင်းကျောက်ခေါင်းတလားကို အလုံပိတ်ထားစေ မူ အတွင်းမှာထည့်ထားသော အလောင်းများမှာ ပုံစံမပျက်ရှိ ကြသည်။

အထဲမှအလောင်းများကိုကြည့်လျှင် မှန်သားဖြင့် ပြု ထားသော ခေါင်းထဲတွင် ထည့်ထားသကဲ့သို့ အတိုင်းသား နေရသည်။

ဒေလီမြို့တော်ကြီး ပျက်စီးသွားခဲ့သည်မှာ နှစ်ပေါင်း ကျော်ခဲ့ပြီဖြစ်၏။ သလင်းကျောက်ခေါင်းထဲမှာရှိနေသော လောင်းများမှာ ထိုအချိန်ကပင် သေဆုံးခဲ့သောကြောင့် မြုပ်နှံ ဟန် ရှိပေသည်။

www.burmeseclassic.com



ထိုဂူပေါက်ဝတစ်ဝိုက်တွင် အခြားသစ်ပင်များရှိနေသည်။ သို့သော်လည်း အများဆုံးရှိသောအပင်မှာ သလဲပင် (သာလဲပင်)များပင်ဖြစ်သည်။

သလဲသီးများ သီးချိန်ရောက်လာလျှင် ထိုနေရာတစ်ဝိုက်မှာ အနီရောင်ကမ္ဗလာချပ်ကြီး ဖြန့်ထားသကဲ့သို့ နီရဲနေတတ်ပေသည်။

သလဲသီးများကို တောတိရစ္ဆာန်များက နှစ်သက်စွာ စားသောက်လေ့ရှိကြသော်လည်း ထိုကျောက်ဂူနားမှာရှိသော သလဲပင်များမှ အသီးများကိုတော့ မည်သည့်တောတိရစ္ဆာန်က လာရောက်စားသောက်ခြင်း မပြုကြပေ။

ထို့ကြောင့် သလဲပင်ကြီးမှာ တိရစ္ဆာန်များ ဖျက်ဆီးမှု မခံရသောကြောင့် သဘာဝအတိုင်း ကောင်းချင်တိုင်းကောင်းနေလေတော့သည်။ သလဲပင်များ၊ အကိုင်းအခက်များ ကာဆီးနေသောကြောင့် ဂူပေါက်ရှိနေသည်ကိုပင် ရုတ်တရက် မမြင်နိုင်တော့ပေ။ ထိုအပင်များ၌ သီးနေသော သလဲသီးများကိုလည်း ခူးဆွတ်ခြင်း မပြုဝံ့ကြပေ။

သလဲသီးများကို အလိုရှိ၍သော်လည်းကောင်း၊ သလဲပင်များကို အလိုရှိ၍သော်လည်းကောင်း သို့မဟုတ် ဂူပေါက်ဝအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းကြလျှင်သော်လည်းကောင်း ဘေးအန္တရာယ်ဆိုးများနှင့်တွေ့ကာ သေကြေပျက်စီးကြရသည်။

ထိုနေရာရောက်သည့်သူတိုင်း သေကြသောကြောင့် မည်သို့မည်ပုံ သေကြရသည်ကိုပင် ကျန်လူများက မသိနိုင်ကြ





တော့ပေ။

သို့သော် အလောင်းများကိုတွေ့သောအခါ . . တောတိရစ္ဆာန်များ စားသောက်ထားခြင်း၊ တိုက်ခိုက်ထားခြင်းမျိုး မတွေ့ရဘဲ ရုပ်ပျက်ဆင်းပျက် သေကြေပျက်စီးနေခြင်းကိုသာ တွေ့ကြရသည်။

အလောင်းများပြန်တွေ့သောအခါ မျက်လုံးပြူး၊ လျှာထွက်၊ ဇက်ကျိုးလျက် သေနေကြသည်က များလေသည်။

တစ်ခါက ထိုနေရာနှင့် အတော်ပင်အလှမ်းဝေးသော ရွာတစ်ရွာမှာ မုဆိုးနှစ်ယောက် ထိုနေရာသို့ရောက်လာကြသည်။ သူတို့ရောက်လာသောအချိန်မှာ နေဝင်ရီတရောအချိန် ရောက်နေပေပြီ။

ထို့ကြောင့် ညဘက်စခန်းချရန် နေရာလိုက်ရှာနေကြစဉ် မနီးမဝေးနေရာမှာရှိသော ဂူပေါက်ထဲသို့ အမျိုးသမီးတစ်ယောက် ဝင်သွားသည်ကိုလှမ်းမြင်လိုက်ရသဖြင့် ထိုဂူထဲမှာ လူများရှိနေသည်အထင်ဖြင့် ဂူရှိရာသို့သွားကြလေသည်။

ဂူအတွင်းရောက်တော့ လူရိပ်လူခြည်မတွေ့ကြရပေ၊ သို့သော်လည်း ထိုဂူထဲမှာပင် တစ်ညနေရန် ဆုံးဖြတ်ကာ နေကြလေသည်။

ညအချိန်ရောက်တော့ သူသတ်ကုန်းဘက်မှ မကောင်းဆိုးဝါးများထွက်လာပြီး သူတို့ရှိရာသို့ ရောက်လာကြသည်။ မုဆိုးနှစ်ယောက်မှာ သူတို့မှာပါလာသော လက်နက်များနှင့် ခုခံဖို့ အချိန်ပင် မရလိုက်ဘဲ သရဲသဘက်များလက်ချက်ဖြင့် အသက်

www.burmeseclassic.com



သေဆုံးသွားကြရပေသည်။

ရွာမှလူများက သူတို့ပြန်မရောက်လာသောကြောင့် လိုက်လံရှာဖွေသော်လည်း မတွေ့ရတော့ပေ။

နောက်တော့ ကျန်ခဲ့သူ မိသားစုများမှာ အိပ်မက်မက်ကြလေသည်။ အိပ်မက်ထဲတွင် သေဆုံးသွားသော မုဆိုးနှစ်ယောက်ကို ပြန်တွေ့ကြရသည်။

"ငါတို့ကို လိုက်မရှာကြနဲ့တော့၊ နင်တို့လိုက်ရှာလည်း တွေ့ရတော့မှာမဟုတ်ဘူး၊ နောက်ပြီး ငါတို့အလောင်းတွေ ရှိတဲ့နေရာကိုလည်း မလာကြနဲ့၊ အဲဒီနေရာက ငရဲထက်ဆိုးတဲ့ နေရာမျိုးပဲ၊ ရောက်သွားပြီးရင် ပြန်ထွက်လာလို့ မရတော့ဘူး၊ နောက်လည်း သလဲသီးတွေရဲနေအောင် ရှိတဲ့နေရာကို မလာခဲ့ကြနဲ့၊ သလဲသီးတွေက သွေးရဲ့နိမိတ်ပဲ"

ဟုပြောဆိုကာ ပျောက်ကွယ်သွားလေတော့သည်။

ကျန်ခဲ့သူများလည်း ထိုကဲ့သို့အိပ်မက်ရသဖြင့် နောက်ထပ်ရှာဖွေခြင်း မပြုကြတော့ပေ။

အချိန်က ညဉ့်ဦးပိုင်းအချိန်ကျော်ခဲ့ပေပြီ။ လပြည့်ညဖြစ်သောကြောင့် မြူနှင်းများက ကာဆီးထားသောကြောင့် အလင်းရောင်က ဝိုးတဝါးသာရှိနေလေသည်။

ထိုအချိန်တွင်. . သူသတ်ကုန်းရှိသော နေရာဘက်မှ တောခွေးအူသံများ စူးစူးဝါးဝါးပေါ်ထွက်လာလေသည်။ ခွေးအူသံများ ပေါ်ထွက်လာသောအခါ ကျောက်ဂူအတွင်းမှာရှိသော သလင်းကျောက်ခေါင်းတလားတစ်လုံး၏အဖုံးမှာ တဖြည်းဖြည်း





နှင့် ကြွတက်လာသည်။

သာမန်အချိန်တွင် တသားတည်းရှိနေသော်လည်း. . လပြည့်လကွယ်ညရောက်လာလျှင်တော့ ခေါင်းတလားအဖုံးမှာ ထိုကဲ့သို့ပင် ပွင့်လာလေ့ရှိသည်။

အဖုံးပွင့်သွားသောအခါ အတွင်းမှ အစိမ်းရောင်အလင်းများ ဖြာထွက်လာသည်။

အမျိုးသမီးလည်ပင်း၌ဆွဲထားသော ကျောက်စိမ်းလည်ဆွဲမှ ထွက်လာသော အလင်းရောင်များပင်ဖြစ်၏။

ထိုအလင်းရောင်တို့သည် အမှောင်ရိပ်များကို ခွင်းပြီး ဖြာထွက်နေကြလေသည်။

မြစိမ်းရောင်အလင်းများ ဖြာထွက်လာပြီးနောက်မှာတော့ ခေါင်းတလားထဲမှ အမျိုးသမီးတစ်ယောက်၏ ပုံရိပ်တစ်ခု ယာကာ အပြင်သို့ ထွက်လာလေသည်။

ခေါင်းထဲမှာတစ်ယောက်၊ အပြင်မှာတစ်ယောက်ဖြစ်သည်။ ထိုပုံရိပ်သည် တဖြည်းဖြည်းနှင့် အပြင်ဘက်သို့ ထွက်လာသည်။ သူမှထွက်လာသော ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း အစိမ်းရောင်အလင်းများက ပြန့်နှံ့နေကြလေသည်။

သူမထွက်လာပြီးနောက် ဆွဲဆွဲငင်ငင်အူနေသော တောခွေးအူသံများက ရပ်တန့်သွားလေသည်။

သူမသည် သူသတ်ကုန်းရှိသောနေရာနှင့် မနီးမဝေး တောင်ကုန်းထိပ်တစ်နေရာတွင် ရပ်တန့်လိုက်သောအခါမှာတော့ သူသတ်ကုန်းတစ်ဝိုက်မှာရှိနေသော မကောင်းဆိုးဝါးများ ထလာ

www.burmeseclassic.com



ကြသည်။ အချို့က တောထဲမှထွက်လာသည်။ အချို့ကတော့ မြေကြီးအောက်မှ တိုးထွက်လာကြသည်။

အားလုံးမှာ မကောင်းဆိုးဝါးဘဝ ရောက်နေကြသူများ ဖြစ်သဖြင့် ကြောက်မက်ဖွယ်ရာ ပုံသဏ္ဌာန်များရှိကြလေသည်။

ရှေ့ဆုံးမှထွက်လာသော မကောင်းဆိုးဝါးတစ်ကောင်က သစ်သားဖြင့်ပြုလုပ်ထားသော ခေါင်းတလားကြီးတစ်လုံးကို ထမ်းလာသည်။

လက်ထဲမှာလည်း အရိုးတစ်ချောင်း ကိုင်ထားသေးသည်။ မြစိမ်းရောင် ပုံရိပ်အနီးသို့ ရောက်သည်နှင့် အမျိုးသမီးက ပရာနာမာရွာရှိသော နေရာဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

ထိုသို့ညွှန်ပြလိုက်သည်နှင့် ခေါင်းတလားထမ်းထားသော မကောင်းဆိုးဝါးက လက်ဖျံရိုးဖြင့် အခေါင်းကို ထုလေတော့သည်။

"ဘုန်း. . ဘုန်း. . ဘုန်း"

ထိုအသံကြီးမှာ ကျယ်လောင်လှသဖြင့် ပရာနာမာရွာဘက်မှ အတိုင်းသားကြားရလေသည်။

ခေါင်းတလားကြီးကို တဘုန်းဘုန်းထုပြီးနောက်မှာတော့ မကောင်းဆိုးဝါးများသည် ပရာနာမာရွာ အပါအဝင် ထို နေရာတစ်ဝိုက်မှာရှိနေသော ရွာကြီးရွာငယ်များသို့ လှည့်လည် သွားကြလေသည်။

၎င်းတို့ လှည့်လည်သွားသော ရွာများမှာ လူအသေအ





ပျောက် ရှိကြပေတော့သည်။

သရဲသဘက်များ ဝင်သွားပြီးသည်နှင့် မိုးမလင်ခင်မှာဝင် အော်ဟစ်ငိုကြွေးသံများ ကြားကြရသည်။

နောက်တစ်နေ့နံနက်လင်းသည်နှင့် အဝတ်ဖြင့်သော်လည်းကောင်း၊ ဖျာဖြင့်ပတ်၍သော်လည်းကောင်း၊ ဒါမှမဟုတ် ဖြစ်သလိုပြုလုပ်ထားသော ခေါင်းတလားဖြင့် ထည့်၍သော်လည်းကောင်း ထည့်ပတ်ကာ အလောင်းများကို သုသာန်သို့ပို့ကာ သင်္ဂြိုလ်ကြရသည်။

မကောင်းဆိုးဝါးများတာဝန်က ရွာများသို့သွားပြီး လူများကြောက်လန့်ကာ သေဆုံးစေရန်အတွက်သာဖြစ်သည်။ သူတို့တာဝန်ပြီးလျှင်တော့ ၎င်းတို့နေသော နေရာများကို ပြန်သွားကြလေသည်။

ထိုမကောင်းဆိုးဝါးများကို စေခိုင်းနေသော မြစိမ်းရောင်ပုံရိပ်မှာ အခြားသူမဟုတ်ပေ။ အနာရ်ကာလီဆိုသော အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ပင်ဖြစ်ပေသည်။

သူမသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်အချိန်က ဒေလီမြို့တော်ကြီးကို စိုးစံအုပ်ချုပ်ခဲ့သော 'အဂ္ဂဘာ' မဟာရာဇာ ဘော်ဘွားတစ်ဦးထံမှာ ဖြေဖျော်ပေးရသော ကချေသည်မတစ်ဦး ဖြစ်ပေသည်။ သူမသေဆုံးသွားသောအချိန်တွင် အသက်(၂၅) နှစ် အရွယ်ခန့်သာရှိသေးသည်။

အနာရ်ကာလီသည် ချောမောလှပသူတစ်ဦးဖြစ်သလို ကိုယ်လုံးကိုယ်ထည်ကလည်း အပြစ်ဆိုဖွယ်ရာမရှိအောင် အချိုး

www.burmeseclassic.com



အစားကျနလှပသူတစ်ဦးဖြစ်သည်။

ချောမောလှပသော အနာရ်ကာလီသည် အဆိုအက ကောင်းလှသဖြင့် စော်ဘွားကြီးနှင့် နန်းတွင်းသူ နန်းတွင်းသား များအား ဖြေဖျော်ပေးရသော ကချေသည်တစ်ဦးလည်းဖြစ် သည်။

အနာရ်ကာလီမှာ ချောမောလှပသည့်အပြင် အက လည်း ကောင်းလှသဖြင့် အခြားတိုင်းပြည်နိုင်ငံများမှ မင်းညီ မင်းသားများကပင် စိတ်ဝင်စားခြင်း ခံရလေသည်။ အနာရ်ကာ လီအား အဂ္ဂဘာ မဟာရာဂျာ စော်ဘွားကြီးက သိမ်းပိုက်ထား လေသည်။ သို့သော်လည်း မိဖုရားအရာထားသည်တော့ မဟုတ် ပေ။

ကိုယ်လုပ်တော်တစ်ဦးအဖြစ်နှင့်သာ ထားခဲ့လေသည်။

နောက်ပိုင်းတွင် မဟာရာဂျာကြီးက သူမကို ကျောက် စိမ်းလည်ဆွဲတစ်ကုံး ဆင်မြန်းပေးခဲ့လေသည်။

ထိုကျောက်စိမ်းလည်ဆွဲမှာ သာမန်လည်ဆွဲတော့ မဟုတ်ပေ။ ကျိန်စာဆိုထားသော လည်ဆွဲပင်ဖြစ်သည်။

"ထိုလည်ဆွဲကို ဆွဲထားသမျှ သူမသည် မည်သည့် ယောကျ်ားကိုမှ ချစ်ခင်နှစ်သက်ခြင်း မပြုရပေ။

ချစ်ခင်နှစ်သက်ခြင်းပြုမိပါက "ဘေးအန္တရာယ်ဆိုးများ ဖြင့်တွေ့ကာ သေရပြီး မကျွတ်မလွတ်သော ဘဝ၌ နေရ သား"

ဟူသော ကျိန်စာဆိုထားသော လည်ဆွဲပင်ဖြစ်





သည်။ ထိုကဲ့သို့ ကျိန်စာဆိုထားခဲ့သည်ကိုတော့ ကချေသည် မလေး အနာရ်ကာလီခမျာ မသိရှာပေ. .။

သူမသည် ငယ်ရွယ်နုပျိုသူဖြစ်သဖြင့် ချစ်ခြင်းမေတ္တာ ကိုသာ နှစ်သက်မြတ်နိုးမှုရှိလေသည်။

ဂုဏ်ပကာသနများကို နှစ်သက်လိုလားခြင်းမရှိပေ. .။

သူမကိုသိမ်းပိုက်ထားသော မဟာရာဂျာစော်ဘွားကြီး မှာ အသက်(၆၀)အရွယ်ဝန်းကျင်ခန့်ရှိနေပြီး နာတာရှည် ရောဂါ ဝေဒနာတစ်ခုကို ခံစားနေရသူလည်းဖြစ်သည်။ ပြောရလျှင် တော့ စော်ဘွားကြီးရောဂါမှာ သက်ကတမ်းရင့်နေပြီဖြစ်သော ကြောင့် အချိန်မရွေး သေသွားနိုင်လောက်သော အခြေအနေမျိုး ဖြစ်ပေသည်။

နန်းတွင်းသမားတော်များက အစွမ်းထက်မြက်လှသည့် ဆေးများဖြင့် ကုသပေးနေသောကြောင့်သာ ယခုကဲ့သို့ အသက် ရှည်နေနိုင်ခြင်းဖြစ်ပေသည်။

အနာရ်ကာလီကတော့ အရွယ်ချင်းမတူသော စော် ဘွားကြီးအပေါ်မှာ နှစ်သက်မှုမရှိပေ။

သူမအနေဖြင့် ဝါသနာပါသော အနုပညာအလုပ်ဖြင့် နန်းတွင်းသူနန်းတွင်းသားများ အပါအဝင် ဧည့်ပရိသတ်များကို ဖြေဖျော်ပေးရသည်ကိုတော့ နှစ်သက်သဘောကျသည်။

သို့သော်. . စော်ဘွားကြီး၏ ကိုယ်လုပ်တော်ဘဝဖြင့် နေရသည်မျိုးတော့ မနှစ်သက်ပေ. . .။

ထားရာနေ စေရာသွားဘဝမျိုး ဖြစ်သောကြောင့် ဘာမှ

www.burmeseclassic.com



ရွေးချယ်ပိုင်ခွင့်မရှိခဲ့ပေ. . ။

သူမနေထိုင်သောအဆောင်သို့ ပြန်ရောက်ပါက စော်ဘွားကြီးဆင်မြန်းပေးထားသော ကျောက်စိမ်းလည်ဆွဲကို ဖြုတ်ထားရန် ကြိုးစားလေသည်။

သူမစိတ်ထဲတွင် ထိုကျောက်စိမ်းလည်ဆွဲသည် သူမဘဝတစ်ခုလုံးကို ချုပ်နှောင်ထားသည်ဟု ထင်မိသဖြင့် မဝတ်ဆင်လိုပေ. . . ။

သို့ကြောင့် နန်းတော်သို့သွားသည့်အခါမျိုး၌သာ ဝတ်ဆင်ထားပြီး အဆောင်သို့ပြန်ရောက်သောအခါမှာတော့ ချွတ်ထားလေသည်။

သို့သော်လည်း ကြာကြာတော့မရပေ. . ။

ကျောက်စိမ်းလည်ဆွဲကိုချွတ်ထားလိုက်သည်နှင့် မြေ
ဆိုးများ ချက်ခြင်းရောက်လာတတ်သည်။ ထိုထက်ဆိုးသည်က
ကြောက်စရာကောင်းသော မကောင်းဆိုးဝါးများ ရောက်လာ
ခြင်းပင်ဖြစ်သည်။ ပထမတော့ ထိုအကြောင်းကို သတိမပြုမိသေ

နောက်ပိုင်းရောက်တော့မှ သတိပြုမိခဲ့ခြင်းဖြစ်သည်

တကယ်တော့ စော်ဘွားကြီးက ထိုကျောက်စိမ်းလည်
ဖြင့် သူမဘဝတစ်ခုလုံးကို ချုပ်ကိုင်ထားခဲ့ခြင်းပင် ဖြစ်ပေတော့
သည်။





## အခန်း [ ၃ ]

# ဂိပ်ပြာဝိညာဉ်ဖြင့် ဆောင်ရွက်ရမည့်တာဝန်

ရှမ်ပဲလှား မဟာဂန္ဓာရီတက္ကသိုလ်နှင့်ပတ်သက်သည့်
ကြောင်းများကိုတော့ ရှေ့ပိုင်းမှာ အတန်အသင့် ဖော်ပြထား
ပြီ။ ယခုအခန်းမှာတော့ ထိုကျောင်းတော်ကြီးတွင် လာ
ာက်ပညာသင်ကြားခွင့်ရသော တပည့်သာဝကများအ
ကြောင်းနှင့် ၎င်းတို့ဆောင်ရွက်ရသော တာဝန်ဝတ္တရားများအ
ကြောင်းကို ရေးသားဖော်ပြပေးရပေမည်။

မဟာဂန္ဓာရီပညာကို စိတ်ဝင်စားကြသူများသည် ထို

www.burmeseclassic.com



ကျောင်းတော်ကြီးသို့တက်ရောက်၍ ပညာသင်ကြားလိုကြ သည်။ သို့သော် လူတိုင်းတော့ လာရောက်၍ ပညာသင်ခွင့်မရ နိုင်ကြပေ။

ကျောင်းတော်ကြီးကို တာဝန်ယူစောင့်ရှောက်ပေးနေ ကြသော ဆရာသခင်များက လက်ခံပေးမှ ခွင့်ပြုပေးမှသာ တက်ရောက်ပညာသင်ကြားခွင့် ရကြလေသည်။

သို့မဟုတ်ပါက ကျောင်းတော်ကြီးသို့ ရောက်နိုင်ဖို့မဆို ထားနှင့်၊ ထိုနေရာရောက်နိုင်ဖို့ပင် မလွယ်လှပေ. . .။

ကျောင်းတော်ကြီးနှင့် ခရီးမဝေးလှသော နေရာဒေသ များဖြစ်သည့် ဟိဝမန္တာ၊ တိဗက်၊ တရုတ်၊ မွန်ဂိုလီးယား၊ အိန္ဒိယ လာဒတ်၊ နီပေါ၊ သစ်ကင်၊ ဘူတန်၊ အာဖဂန်နစ္စတန်၊ ပါကစ္စ တန်၊ နိုတန်၊ ဥဘက္ကစ္စတန်၊ ကာစစ္စတန်၊ မြန်မာ စသော အရပ် ဒေသများမှာရှိကြသော တပည့်သာဝကများသည် အချို့ ရုပ်ခန္ဓာ ဖြင့် လာရောက်ကာ ပညာသင်ကြားကြသည်။

အခြားရပ်ဝေးဒေသများမှာရှိကြသော တပည့်သာဝက များကတော့ လိပ်ပြာခန္ဓာဖြင့် ခေါ်ယူကာ ပညာသင်ကြားပေး ကြလေသည်။

လိပ်ပြာခန္ဓာဖြင့် လာရောက်ပညာသင်ကြားကြသူတို့မှာ လိပ်ပြာလွှင့်ခြင်းအတတ်ပညာကိုတော့ ပြုလုပ်နိုင်စွမ်းရှိကြရပေ သည်။

ရုပ်ခန္ဓာနှင့်လိပ်ပြာခန္ဓာသည် ကိုယ်ပွားခန္ဓာများဖြစ် ကြသည်။ ရုပ်လောကတွင် နေထိုင်သွားလာကျက်စားနိုင်သကဲ့





သို့ လိပ်ပြာခန္ဓာသည် ဝိညာဉ်လောကဟုခေါ်သော ပရလောက တွင် နေထိုင်သွားလာ ကျက်စားနိုင်ပေသည်။ ရှေးအခါက ရှိခဲ့ သော ရုပ်ပြောင်းနာမ်ခွာပညာသည် လိပ်ပြာခန္ဓာဖြင့် ပရလော ကသို့ ဝင်ရောက်ကျက်စားသော လိပ်ပြာလွှင့်ခြင်း အတတ် ပညာပင်ဖြစ်၏။



ခန္ဓာကိုယ်မှ ငှက်သဏ္ဍာန် ဝိညာဉ်ထွက်ခွါပုံ

လိပ်ပြာခန္ဓာသည် အကောင်အထည်မရှိဘဲ ဝိညာဉ် ခန္ဓာတွင် ပူးပေါင်းတွယ်ကပ်နေရခြင်းဖြစ်၏။

ထွက်ခွာလိုလျှင် ရုပ်ခန္ဓာကို ငြိမ်သက်စွာထားခဲ့ပြီးမှ ထွက်ခွာ၍ရပေသည်။

ဥပမာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသောအချိန် တွင် ထွက်ခွာ၍ ရနိုင်ပေသည်။

ရုပ်ခန္ဓာမှ ဝိညာဉ်ခန္ဓာခွဲထွက်သော နည်းလမ်းအမျိုးမျိုး

www.burmeseclassic.com



တော့ရှိပေသည်။

ဆေးဝါးအစီအရင်ဖြင့်သော်လည်းကောင်း၊ ဂါထာမန္တ ရားအတတ်ဖြင့်သော်လည်းကောင်း၊ အိပ်မွေ့ချ၍သော်လည်း ကောင်း၊ မေ့ဆေးပေး၍သော်လည်းကောင်း၊ သမာဓိစွမ်းအား အသုံးပြု၍သော်လည်းကောင်း လိပ်ပြာခန္ဓာကို ခွဲထုတ်ပေးနိုင် သည်။

သမာဓိစွမ်းအားကောင်းသူများကတော့ အိပ်ပျော်သွား ချိန်တွင် မိမိစိတ်စွမ်းအားဖြင့် လိပ်ပြာခန္ဓာကို ခွဲထွက်ကာ လို သို့ သွားနိုင်ကြသည်။

မဟာဂန္ဓာရီကျောင်းတော်ကြီးသို့ လိပ်ပြာခန္ဓာဖြ လာရောက်ပညာသင်ကြားကြမည့် သာဝကတို့သည် ည(၁၁ နာရီမကျော်ခင် အိပ်ယာဝင်ကြရသည်။

အိပ်ယာဝင်သောအခါမှာလည်း မဟာဂန္ဓာရီကျောင်း တော်ကြီးရှိရာသို့ ရည်မှန်းပြီး အိပ်ယာဝင်ကြရသည်။

အိပ်ပျော်သွားချိန်တွင် လိပ်ပြာခန္ဓာက ရုပ်ခန္ဓာမှခွဲထွ သွားလေသည်။

ခွဲထွက်လာသော လိပ်ပြာခန္ဓာကို ကျောင်းတော်ကြီး ရှိနေကြသော ဆရာသခင်တို့က မေတ္တာဆွဲငင်အားဖြင့် ခေါ် လိုက်သောအခါ. . သာဝကလိပ်ပြာသည် တောအထပ်ထ တောင်အသွယ်သွယ်၊ ပင်လယ်အမျိုးမျိုးတို့ကို ကျော်ဖြတ်ပြီ နောက် မြောက်အရပ်၌ရှိသော ဟိမဝန္တာကို ဦးတည်ပြီးလွင့်မျော သွားကြလေသည်။





နောက်ဆုံးတော့ ရှမ်ဗဲလား မဟာဂန္ဓာရီ တက္ကသိုလ်သို့ ဘောင်းမွန်စွာရောက်ရှိသွားပြီး ပညာသင်ကြားကြရလေသည်။ ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာခွဲထွက်နည်းကိုလည်း ကောင်းစွာသင် ကြားထားရသည်။

မဟုတ်ပါက လိပ်ပြာခန္ဓာက အခြားနေရာမသွားဘဲ ရုပ်ခန္ဓာအနီးတစ်ဝိုက်မှာသာ ရစ်ဝဲနေတတ်လေသည်။

ရုပ်ခန္ဓာမှ ခွဲထွက်သွားသော လိပ်ပြာခန္ဓာမှာလည်း ဆရာသခင်တို့က ခေါ်သည့်တိုင်အောင် ကျောင်းတော်ကြီးရှိရာ သို့ အလွယ်တကူနှင့် ချောချောမောမော ရောက်သွားကြသည် ကတော့ မဟုတ်ပေ။

လမ်းခရီးတလျှောက်လုံးမှာ အဖျက်အဆီး၊ အဟန့် အတား အနှောင့်အယှက်အမျိုးမျိုးတို့ တွေ့ကြုံရင်ဆိုင်ရလေ့ရှိ သည်။

ထိုအခက်အခဲများတို့ကို မည်သို့မည်ပုံရှောင်တိမ်းကျော် လွှားသွားရမည်ကိုလည်း ဆရာသခင်တို့က လေ့ကျင့်သင်ကြား ပေးထားခဲ့ပြီဖြစ်ပေသည်။

ထိုပညာတို့ကို သင်ယူရာမှာလည်း သာဝက၏ မာဂ အဆင့်အတန်းအလိုက် (၂)နှစ်၊ (၃)နှစ် အထိကြာမြင့်တတ်လေ သည်။

မိုးရွာခြင်း၊ တောမီးလောင်ခြင်း၊ တောင်ပြိုခြင်း၊ လျှပ်စစ် မုန်တိုင်းထခြင်းစသော သဘာဝအန္တရာယ်များကိုလည်း တွေ့ကြုံ ဖြတ်သန်းမှုပြုကြရလေရာ ယင်းသဘာဝအန္တရာယ်များကို မည်

www.burmeseclassic.com



သို့ ဖြတ်သန်းကျော်လွှားရမည်ကိုလည်း လက်တွေ့လေ့ကျင့်သ
ကြားပေးသည်။

ယင်းသဘာဝအန္တရာယ်များသည် ရုပ်လောကတွင် ဖြ
ပေါ်သော်လည်း လိပ်ပြာလောကအတွင်းသို့ပါ ရိုက်ခတ်သည်
ထိခိုက်နိုင်သည်။

ထို့ကြောင့် လိပ်ပြာခန္ဓာဖြင့် ဝိညာဉ်လွှင့်သောအခါတွ
လိပ်ပြာခန္ဓာဖြင့် သွားလေရာလမ်းခရီးတွင် တွေ့ရမည်ဖြစ်သေ
သဘာဝအန္တရာယ်များသည် မိမိ၏လိပ်ပြာခန္ဓာကို ထိခိုက်
သည်။

သို့ဖြစ်၍ သဘာဝအန္တရာယ်များမှ ရှောင်းကွင်း
ကာကွယ်ရန် လိုအပ်သည်။

တစ်ဖန် လိပ်ပြာခန္ဓာဖြင့် မဟာဂန္ဓာရီတက္ကသိုလ်
လေ့လာသင်ကြားခဲ့ရသော သင်ခန်းစာများကို ဦးနှောက်
မှတ်သားနိုင်အောင် လေ့လာရသည်။

လိပ်ပြာခန္ဓာဖြင့် တွေ့ခဲ့ရသော အတွေ့အကြုံ၊ လိပ်
ခန္ဓာဖြင့်သင်ကြားခဲ့ရသော သင်ခန်းစာများကို လူရုပ်ခန္ဓာ
ဦးနှောက်ထဲတွင် မှတ်မိအောင် လေ့လာသင်ကြားရခြင်း
လည်း ဘာသာရပ်တစ်ခုအဖြစ် သီးသန့်သင်ရသည်။

ဤသို့ခန္ဓာတစ်ခုမှ အမှတ်သညာများကို ရုပ်ခန္ဓာ
ကူးပြောင်းခြင်း၊ မှတ်မိနိုင်ခြင်းရှိသည်ပင်လျှင် မဟာဂန္ဓာရီ
ရပ်ဖြစ်သည်။

ရှမ်ဗဲလား မဟာဂန္ဓာရီ တက္ကသိုလ်သို့အဝင်တွင်





ခန္ဓာဖြင့်ဆိုပါက မြေညီထပ်အပေါက်ဝင်နိုင်သော်လည်း လိပ်ပြာ
ခန္ဓာဖြင့် ဝင်သောအခါ အမိုးထိပ်မှနေပြီး မိမိသင်ရမည့် အထပ်
သို့ ဝင်ရောက်နိုင်ပေသည်။

ဟိမဝန္တာမဟာဂန္ဓာရီ တက္ကသိုလ်၌ဖြစ်စေ၊ ရှမ်ဗဲလား
ဟာဂန္ဓာရီ တက္ကသိုလ်၌ဖြစ်စေ လာရောက်ပညာသင်ကြားခွင့်
ကြသော တပည့်သာဝကတို့သည် မိမိကိုယ်မှ လိပ်ပြာခန္ဓာ
ထွက်ခြင်းကိစ္စကို မိမိတို့ကိုယ်တိုင် ဆောင်ရွက်နိုင်ကြရပေ
သည်။

အဘယ်ကြောင့်ဆိုသော်. . .

အခြားဝေးလံလှသော အရပ်တစ်ပါး၌ သူတော်ကောင်း
ဘေးအန္တရာယ် ဒုက္ခတို့နှင့် တွေ့ကြုံနေကြရသည့်အခါ သွား
ရောက်အကူအညီပေးနိုင်ရန်အတွက်ပင်ဖြစ်သည်။

ဝေးလံလှသောနေရာများ မဆိုထားနှင့်. . ဟိမဝန္တာ
တောင် ပတ်ဝန်းကျင်တစ်ဝိုက်ကိုပင် လူကိုယ်တိုင်ရောက်အောင်
လာဖို့ မလွယ်လှပေ။

လိပ်ပြာခန္ဓာကတော့ မည်မျှဝေးလံသောအရပ်မျိုး
စေ လျှပ်တစ်ပြက် အချိန်အတွင်းမှာ ရောက်အောင်သွားနိုင်
. . မသေသင့်သူကိုမသေရအောင်၊ ဒုက္ခမရောက်သင့်သူကို
ဒုက္ခမရောက်အောင် သွားရောက်ကယ်တင်ပေး၍ရသည်။
အကူအညီပေး၍ရပေသည်။

(ထိုအကြောင်းများကို နောက်ပိုင်းအခန်းများတွင် ပြည့်
အောင် အလျှင်းသင့်သလို ထည့်သွင်းရေးသားဖော်ပြ ပေးပါ

www.burmeseclassic.com



မည်)

ရှမ်ဗဲလား မဟာဂန္ဓာရီ တက္ကသိုလ်တွင် ရပ်ဝေးရပ်နီးမှ တပည့်သာဝကများ တက်ရောက်ပညာသင်ကြားခွင့်ရကြသည် ကျောင်းတော်ကြီးမှာရှိသော ဆရာသခင်တို့၏ ရွေးချယ်ခေါ်ယူသူများအနေဖြင့် မည်သည့်အရပ်ဒေသမှမဆို လာရောက်ပညာသင်ကြားခွင့်ရကြလေသည်။

၎င်းတို့လက်မခံလျှင်တော့ လာရောက်ခွင့်မရကြပေ။

ရှမ်ဗဲလား မဟာဂန္ဓာရီတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခွင့်ရသောတပည့်သာဝကများထဲတွင် မြန်မာပြည်မှ လူသုံးယောက်လည်း အပါအဝင်ဖြစ်သည်။

၎င်းတို့သုံးယောက်မှာ. .

ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဇ္ဇနှင့် ဦးဇန်ကောင်းတို့ပင် ဖြစ်ကြလေသည်။

ဟိမဝန္တာတောင်တွင် တရားအားထုတ်နေသော ယောဂီကြီး ဘိသက္ကရာမမှ ကူညီဆက်သွယ်ဆောင်ရွက်ပေးသဖြင့် တက်ရောက်ခွင့်ရကြခြင်းဖြစ်သည်။

၎င်းတို့သုံးယောက်ကျောင်းတော်ကြီးသို့ ရောက်ခဲ့ကြသည်မှာ သုံးနှစ်သုံးမိုး ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း လေ့လာသင်ယူရမည့် ပညာရပ်များကတော့ မြောက်များစွာ ကျန်ရှိနေပေသေးသည်။

ထိုအခွင့်အရေးမျိုးက တစ်သက်တစ်ခါရရန် မလွယ်သောအခွင့်အရေးမျိုးဖြစ်ရာ ယခုကဲ့သို့ ရောက်ရှိနေခိုက်တွင်





လိုချင်သော ပညာများကို ကြိုးစားပြီး သင်ကြားလေ့လာနေကြခြင်းဖြစ်သည်။

ဆရာကြီး သူရဇ္ဇနှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာလည်း ၎င်းတို့အလိုရှိသော ပညာများသင်ကြားကြသလို ဒေါက်တာမင်းထင်ကျော်ကလည်း သူဝါသနာပါသော ပညာရပ်တစ်ခုကို သင်ကြားနေလေသည်။

၎င်းသင်ယူသောပညာမှာ ရုပ်ပြောင်းနာမ်ခွာ ဝိညာဉ်ခွဲထွက်ခြင်းပညာပင်ဖြစ်သည်။

အမှန်တော့ သူသင်ယူသောပညာမှာ ဝိညာဉ်ပိုင်းဆိုင်ရာနှင့် ဆက်စပ်မှုရှိနေသည့် စိတ်စွမ်းအင်ကို လိုသလို အသုံးချနိုင်ရန်အတွက် လေ့ကျင့်သင်ကြားရသော ပညာဖြစ်သည်။

ထိုပညာကို သင်ကြားပေးနေသော ဆရာရှင်မှာ လက်ထောက်ဆရာဖြစ်သော 'မောရိယ' ဖြစ်သည်။

ဆရာရှင် မောရိယက ဒေါက်တာမင်းထင်ကျော်၏ ကြိုးစားအားထုတ်မှုကို သဘောကျသဖြင့် စိတ်ရှည်လက်ရှည် သင်ကြားပြသပေးသည်။

မဟာဂန္ဓာရီတက္ကသိုလ်ကြီး၌ ပညာသင်ကြရာတွင် အဆင့်သုံးဆင့်ခွဲထားလေသည်။

ပထမဆင့်သင်ကြားသော ခန်းမဆောင်မှာ 'အဝိဇ္ဇာ' ခန်းမဆောင်ဖြစ်သည်။

ဒုတိယသာဝက အဆင့်သို့ရောက်သော သူတို့ကို ပညာသင်ကြားပေးသော ခန်းမဆောင်မှာ ပညာသင်ခန်းမဆောင်

www.burmeseclassic.com



ဖြစ်ပြီး၊ တတိယအဆင့်သာဝကများကို ပညာသင်ကြားပေးသော ခန်းမဆောင်ကတော့ ဉာဏ်ခန်းမဆောင်ပင်ဖြစ်ပေသည်။

ခန်းမဆောင်သုံးဆောင် ခွဲခြားသလို၊ သင်ကြားပြသသော ပညာများလည်း မတူကြပေ။

ဘာသာရပ်အားဖြင့်လည်း အဆင့်(၃)ဆင့် ခွဲခြားသင်ကြားသည်။

ပထမအဆင့်ဘာသာရပ်မှာ ကိုယ်ကျင့်တရားတိုးတက်တည်ဆောက်မှု၊ နေ့စဉ်ဘဝနေထိုင်ရေးတွင် ကိုယ်ကျင့်တရားကျင့်သုံးနေထိုင်မှု၊ ပြင်ပလောကဖြစ်သော စကြဝဠာ၏ နိယာမတရားနှင့်အညီ အတွင်းစကြဝဠာဖြစ်သော မိမိကိုယ်တိုင်က သဟဇာတတရားဖြင့် ညီညွတ်အောင်နေထိုင်မှု ဖြစ်သည်။

၄င်းမှာ ဂန္ဓာရီပညာ နိယာမတစ်ရပ်ဖြစ်သော. . (as above so below)နှင့်အညီ နေထိုင်ကျင့်ကြံမှုကို ဆိုလိုပေသည်။

အတွင်းစကြာဝဠာခေါ် လူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံကိုလည်း သင်ကြားရသည်။

ရုပ်ခန္ဓာကိုယ် ဖွဲ့စည်းပုံသင်ကြားရာတွင် ယခုခေတ်ဆေးသိပ္ပံပညာတွင် သင်ကြားရသော ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ အစရှိသော ပညာရပ်အပြင် ရုပ်နှင့် နာမ်တို့ပေါင်းစပ်မှု အပြန်အလှန်အမှီသဟဲပြုမှု၊ ရုပ်မှနာမ်သို့ ကူးပြောင်းမှု၊ နာမ်မှရုပ်သို့ပြောင်းလဲမှုများကို သင်ကြားရသည်။

တစ်နည်းအားဖြင့် ရုပ်ခန္ဓာကိုယ်ဖြစ်သော ဦးနှောက်ဖြင့်





နာမ်သဘောနာမ်သဘာဝများကို သိရှိနိုင်ရန်အတွက် အဘိဉာဉ်စွမ်းအင်များနှင့် ရုပ်ခန္ဓာတို့ ဆက်စပ်ပုံကို လေ့လာသင်ကြားရသည်။

ဓာတုဗေဒနှင့် ရူပဗေဒပညာရပ်တွင်လည်း အသံစွမ်းအင်၊ အလင်းစွမ်းအင်း၊ တုန်လှိုင်း (Vibration)တို့ကို လေ့လာရသည်။

တစ်နည်းအားဖြင့် ရုပ်ဝတ္ထုတို့တွင်ရှိသော ရုပ်စွမ်းအင်ကို သိပ္ပံပညာ မပေါ်မီကပင် လေ့လာသင်ကြားခဲ့သည်။

အဏုမြူတစ်ခုအတွင်း၌ရှိသော ပရမာဏုမြူ (PARTICLE) သို့မဟုတ်၊ အမှုန်တို့၏ စွမ်းအင်၊ ယင်းအမှုန်ကို ထပ်မံစိတ်ဖြာလိုက်ပါက အမှုန်ထက်သေးငယ်သော အသေးငယ်ဆုံးသော ရုပ်ဒြပ်၏စွမ်းအင် (GLOBE)ကိုလည်း သင်ကြားပေးသည်။

ရုပ်ဒြပ်များသေးငယ်သည်ထက် သေးငယ်သွားသောအခါ နာမ်သဘော၊ နာမ်သဘာဝသို့ ကူးပြောင်းသွားပုံကိုလည်း ဓာတ်ခွဲခန်းတွင် သင်ကြားပေးသည်။

ဓာတ်ခွဲခန်း၏ အဓိကပစ္စည်းကိရိယာမှာ စိတ်စွမ်းအင်ဖြစ်သည်။

ထိုစိတ်စွမ်းအင်းကို အသုံးပြု၍ ယင်းရုပ်ဒြပ်မှုန်တို့၏စွမ်းအင်ကို ကြည့်ရှုလေ့လာခြင်းဖြစ်သည်။

ရူပဗေဒပညာတွင် လျှပ်စစ်ဓာတ်သည် ခေတ်ကြီးကိုပြောင်းလဲစေသောအရာဖြစ်ကြောင်း ယခုအခါ သိရှိကြသည်။

www.burmeseclassic.com



သို့သော် လျှပ်စစ်ဓာတ်မြစ်ဖျားခံရာ အရင်းခံလျှပ်စစ်ဓာတ်ဖြစ်သော "ဖိုလ်တ်"ခေါ် စွမ်းအင်ကို ယနေ့အထိ မတွေ့ကြသေးပေ။

ဂန္ဓာရီတက္ကသိုလ်တွင် ယင်းလျှပ်စစ်ဓာတ်တို့၏ ရင်းမြစ်ဖြစ်သော "ဖိုဟတ်" စွမ်းအင်အကြောင်းကို သင်ကြားပေးလျက်ရှိသည်။

ယင်းသို့သော သဘာဝစွမ်းအင်၊ လူ့ခန္ဓာကိုယ်တွင် မွေးကတည်းက ပါလာသောသန္တေပါ စွမ်းအင်တို့ကို စနစ်တကျ လေ့လာခြင်းဖြင့် မိမိ၌ရှိသော ကောင်းသောစွမ်းအင်နှင့် ညံ့သော၊ နိမ့်ကျသောစွမ်းအင်များအကြောင်းကို သိလာသောအခါ မိမိသည် မည်သည့်လူစားဖြစ်သည် (KNOW THYSELF) ဆိုသည်ကို သိလာအောင် ဤဝိဇ္ဇာခန်းမတွင် လေ့လာသင်ကြားပေးသည်။

ဒုတိယခန်းမဆောင်တွင် အလင်းစွမ်းအင်ကို လောကီအတွင်းသာမက လောကီလွန်အလင်း၏ စွမ်းအင်ထိအောင် လေ့လာသင်ကြားရသည်။

ထို့ကြောင့် လောကီလွန်အဆင့်တွင် ရှိသော "အာကာသ မှတ်တမ်း"ခေါ် လူ့လောကကြီး၏ သမိုင်းကို မှတ်တမ်းမှု (AKASHIT RECORD) ကိုဖတ်နိုင်သည်။

မိမိနှင့်တကွ လူသားအားလုံး၏ အတိတ်ဘဝများစွာမှ ပြုမူလှုပ်ရှားခံစားခဲ့သမျှကို ဗွီဒီယိုဖြင့် မှတ်တမ်းတင်သကဲ့သို့ မှတ်တမ်းတင်ထားသော လူ့ဘောင်မှတ်တမ်းကို ကြည့်ရှုနိုင်သဖြင့် အတိတ်ဘဝများစွာက မိမိ၏ မှားယွင်းမှု၊ အားနည်းမှုများကို သိမြင်ပြီး ယခုဘဝတွင် ပါရမီဖြည့်နိုင်လာသည်။

တတိယခန်းမဆောင်ဖြစ်သော ဉာဏ်ပညာခန်းမဆောင်တွင် မိမိဝိညာဉ်အတွင်း၌ရှိသော အဘိညာဉ်စွမ်းအင်နှင့် အသက်ဓာတ်စွမ်းအင်တို့ကို မိမိဦးနှောက်ဖြင့် သိရှိနိုင်အောင် လေ့လာသင်ကြားရသည်။

ဒေါက်တာမင်းထင်ကျော်က တတိယခန်းမဆောင်၌ ဆရာကြီး သူရဋ္ဌ ဦးဇန်ကောင်းတို့နှင့်အတူ ပညာသင်ကြားခွင့်ရလေသည်။

တစ်နေ့တော့ ဆရာရှင် မောရိယက ပြောသည်။

"မင်းထင်ကျော်၊ မင်းအနေနဲ့ အခုညတွင်းချင်းပဲ ဟိမဝန္တာကိုသွားရလိမ့်မယ်"

"ဘာအတွက်ပါလဲ ဆရာရှင်"

"ကေလာသတောင်တော်ကို ဘုရားဖူးသွားမယ့်အဖွဲ့တွေကို သွားရောက်ကယ်တင်ပေးရမယ်"

"သူတို့ ဘယ်လိုဒုက္ခတွေနဲ့ ကြုံတွေ့နေရလို့ပါလဲ. . ."

ထိုအခါ ဆရာရှင်က ပြောပြသည်။

"မယွင်လတောင်ကြားက ဟော်ချီးဇရပ်ပေါ်မှာ ဘုရားဖူးသည်တစ်စု နားနေကြတယ်၊ သူတို့ရဲ့ ဦးတည်ချက်က 'မာနသရောဝ' ရေကန်ကြီးရှိရာသွားပြီး မေတ္တာဓာတ် ဖြန့်ဝေဖို့ပဲ၊ ပြီးရင် ကေလာသတောင်တော်ကို အရောက်သွားကြလိမ့်မယ်"

"သူတို့ ဘယ်လိုဘေးအန္တရာယ်မျိုးနဲ့ တွေ့ကြမှာပါလဲ"

www.burmeseclassic.com



"အဲဒီနေရာမှာရှိတဲ့ အစောင့်အရှောက်နတ်တွေက လာပြီး သတင်းပို့ထားတယ်၊ ဘုရားဖူးခရီးသည်တွေသွားဖို့ ရည်ရွယ်ထားတဲ့လမ်းပေါ်မှာ တရုတ်စစ်သားတွေ ရောက်နေကြပြီ"

ထိုစကားကြားသောအခါ စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်လာမိသည်။ စစ်ဘေးစစ်ဒဏ်များသင့်နေပြီး မငြိမ်မသက်ဖြစ်နေသောအချိန်တွင် နေရာတိုင်းတွင် တရုတ်စစ်သားများ ရှိနေပြီး မသင်္ကာလျှင် ဖမ်းဆီးစစ်ဆေးကြသည်။

ချုပ်နှောင်ထားကာ နှိပ်စက်ကြသည်။

၎င်းစစ်သားများက ယခုအချိန်ကာလတွင် ဘုရားဖူးခရီးသည်များ လူစုလူဝေးဖြင့် သွားလာနေကြသည်ကို မနှစ်သက်ကြပေ။

"တကယ်လို့ ဘုရားဖူးတွေအနေနဲ့ ပထမလမ်းအတိုင်း ဆက်သွားရင် တရုတ်စစ်သားတွေနဲ့တွေ့ပြီး ဖမ်းဆီးနှိပ်စက်ခြင်းခံရပေလိမ့်မည်၊

သင့်အနေနဲ့ ဒီညပဲ ဟိမဝန္တာကနေတဆင့် သူတို့တည်းခိုနေတဲ့ ဟော်ချီးဇရပ်ရှိတဲ့နေရာကို ရောက်အောင်သွားပါ၊ သူတို့နဲ့တွေ့တဲ့အခါ လိပ်ပြာခန္ဓာကနေ ရုပ်ခန္ဓာဖြစ်အောင်ပြောင်းပြီး ဘုရားဖူးတွေကို အခြားလမ်းကသွားအောင် အကူအညီပေးရပေလိမ့်မယ်"

"ကောင်းပါပြီ"

"သင်ရဲ့တာဝန်က ဘုရားဖူးခရီးသည်တွေ ဘေးအန္တရာယ်မရှိဘဲ မနုဿရောဝရေကန်တော်ကြီး ရောက်သွားဖို့ပါပဲ၊





သူတို့ရေကန်တော်ကြီးရှိတဲ့ နေရာရောက်သွားပြီးရင် သင့်တာဝန်ပြီးပါပြီ၊ ပြန်လာလို့ရပါပြီ"

"ကောင်းပါပြီ ဆရာရှင် ညွှန်ကြားတဲ့အတိုင်း အောင်မြင်အောင် သွားရောက်ဆောင်ရွက်ပေးပါ့မယ်"

ဟု ကတိပေးလိုက်သောအခါ ဆရာရှင်၏ မျက်နှာပေါ်မှာ ကျေနပ်သောအမူအယာများ ပေါ်လာပြီးနောက် ထိုနေရာမှ ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာလည်း သင်ယူလေ့ကျင့်ထားမှုများကို အသုံးချခွင့်ရတော့မည် ဖြစ်သောကြောင့် ကျေနပ်ဝမ်းသာနေမိလေသည်။

www.burmeseclassic.com





## အခန်း [ ၄ ]

# လိပ်ပြာဝိညာဉ်ဘဝနှင့် လမ်းပြပေးသူ

ဒေါက်တာမင်းထင်ကျော်အနေဖြင့် ရှမ်ပဲလား မဟာ ရိတက္ကသိုလ်၌ ရုပ်ခန္ဓာထားခဲ့ပြီး လိပ်ပြာခန္ဓာဖြင့် ခရီးစတင်ထွက်ခွာလေသည်။

သူသည် ညဉ့်ဦးပိုင်းအချိန်မှာပင် ထိုနေရာမှစတင်ထွက်ခွာခဲ့ခြင်းဖြစ်ပြီး ဟိမဝန္တာမှတဆင့် တောင်ပိုင်းလမ်းမကြီးရှိရာသို့ ရလေသည်။

တောင်ပိုင်းလမ်းမကြီးမှာ တရုတ်ပြည်နှင့် တိဗက်၊ အိန္ဒိ

www.burmeseclassic.com



ယတို့နှင့် ဆက်သွယ်ထားသော လမ်းမကြီးဖြစ်သည်။

ကုန်သည်များနှင့် ဘုရားဖူးခရီးသည်များ အသုံးပြုကြသော လမ်းမကြီးပင်ဖြစ်သည်။

သူသည် လိပ်ပြာခန္ဓာဖြင့် ခရီးသွားရာတွင် ထိုနေရာသို့ ရောက်သည်အထိတော့ အနှောင့်အယှက်၊ အတားအဆီးများနှင့် မတွေ့ရသေးပေ။ တောင်ပိုင်းလမ်းမကြီးပေါ်သို့ ရောက်သောအခါ မြောက်ဘက်ယွန်းယွန်းသို့ ဦးတည်ပြီး ခရီးဆက်ရပြန်လေသည်။

ယခု သူသွားနေသောခရီးမှာ မိုင်ပေါင်းရာချီဝေးသဖြင့် ရုပ်ခန္ဓာဖြင့်သာသွားပါက လအတော်ကြာမှ ရောက်နိုင်သော ခရီးမျိုးဖြစ်သည်။

ဝေးလံလှသောခရီးကို လိပ်ပြာခန္ဓာဖြင့် သွားသောအခါ မိနစ်ပိုင်းအတွင်း ရောက်ရှိသွားခြင်းဖြစ်ပေသည်။

မယွင်လ တောင်ကြားရောက်သောအခါ မြစ်တစ်ခုရှိနေပြန်သဖြင့် ထိုမြစ်ကိုဖြတ်ကျော်ရပြန်လေသည်။

မြစ်မှာ မကျယ်လှပေ။

ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်တောင်များရှိပြီး ထိုကျောက်တောင်များ ထိပ်ပေါ်၌ ရေခဲများဖုံးအုပ်နေလေရာ ရေခဲဦးထုပ်ဆောင်းထားသည်နှင့်ပင် တူနေတော့သည်။

ထိုမြစ်ကိုကျော်ဖြတ်ပြီး တောင်ကြမ်းလမ်းတစ်နေရာ ရောက်သောအခါ အန္တရာယ်အချို့နှင့်တွေ့ရလေသည်။

ဂူပေါက်များထဲမှ ထွက်လာသော နတ်ဆိုးမိစ္ဆာအချို့ပင်





ဖြစ်သည်။ လိပ်ပြာခန္ဓာဘဝမှာတော့ သူအနေဖြင့် နတ်ဆိုးမိစ္ဆာများနှင့် ယှဉ်ပြိုင်တိုက်ခိုက်၍ မရပေ။

ယှဉ်ပြိုင်နိုင်သည့် စွမ်းအားမရှိပေ. . .။

ထို့ကြောင့် လွတ်အောင်ရှောင်ပြေးရန်သာ ကြိုးစားရတော့သည်။ အကယ်၍ လိပ်ပြာဝိဉာဉ်ကို ဖမ်းမိသွားပါက ကျောင်းတော်ကြီးသို့ ပြန်မရောက်နိုင်တော့ပေ။

သူကရှောင်ပြေးသောအခါ နတ်ဆိုးမိစ္ဆာများကလည်း နောက်မှ ထပ်ကြပ်မကွာလိုက်လာကာ ဖမ်းဆီးကြသည်။

နောက်ဆုံးတော့ မယွင်လတောင်ကြားမှ ထွက်လာနိုင်လေသည်။ တောင်ကြားမှလွန်သောအခါ နောက်မှလိုက်လာကြသော နတ်ဆိုးမိစ္ဆာများကိုလည်း မတွေ့ရပေ။

နတ်ဆိုးမိစ္ဆာတို့သည် ၎င်းတို့နယ်နမိတ်ကျော်သောအခါ ကွယ်ပျောက်သွားကြခြင်းဖြစ်ပေသည်။

တောင်ကြားလမ်းမှ ကျော်သောအခါ 'ဟော်ချီး'ဇရပ်ကြီးကို လှမ်းမြင်ရသည်။

ဟော်ချီးဇရပ်ကြီးမှာ မြစ်ရှိသောနေရာနှင့် မဝေးလှဘဲ ဘုရားဖူးသွားလာကြသော ခရီးသွားများ၊ ခရီးတစ်ထောက် ဝင်နားခိုသော နေရာတစ်ခုလည်း ဖြစ်ပေသည်။

လှမ်းကြည့်လိုက်တော့ ဇရပ်ပေါ်မှာ ခရီးသည်တစ်စုကို တွေ့ရလေသည်။

မီးဖိုကြီးတစ်ခုဖိုထားပြီး ရေနွေးကျိုထားကာ ထိုနေရာဝင် အချို့ရှိနေကြသည်။

www.burmeseclassic.com



အချို့က မီးလှုံရင်း စကားပြောဆိုနေကြသည်။

အချို့ကတော့ စောင်ကြမ်းများဖြင့် တစ်ကိုယ်လုံးပ[illegible]ကာ ပုတီးစိပ်သူကစိပ်၊ မေတ္တာပို့သူကပို့နေကြသည်။

"ဆရာရှင်ပြောလိုက်တဲ့ ခရီးသွားတွေပဲဖြစ်ရမယ်၊ [illegible]တာဝန်က သူတို့ကို မနုဿရောဝ ရေကန်ကြီးရှိတဲ့နေရာ ရော[illegible]တဲ့အထိ ဘေးအန္တရာယ်မရှိအောင် ကာကွယ်စောင့်ရှောက်[illegible]ပို့ပေးရမယ်. . .

ဒါပေမယ့် လိပ်ပြာခန္ဓာနဲ့တော့ သူတို့ကို ကူညီစော[illegible]ရှောက်ပေးလို့မရဘူး၊ ရုပ်ခန္ဓာအဖြစ် ဖန်တီးပြီးမှ အကူအည[illegible]ပေးလို့ရမယ်"

ဟု တွေးလိုက်လေသည်။

လိပ်ပြာခန္ဓာသို့ ရောက်နေသူတစ်ဦးသည် ဖန်ဆင်းနိ[illegible]သောစွမ်းအားရှိပါက ရုပ်ခန္ဓာကို ဖန်ဆင်းယူ၍ရသည်။ သို့သေ[illegible]ထိ၍ကိုင်၍ရသော (Tangible) ရုပ်မာမျိုးတော့ မဖြစ်ပေ။

နတ်များ၊ ဥစ္စာစောင့်များနှင့် တွေ့ခွင့်ရသော်လည်း [illegible]၎င်းတို့ကို ထိ၍ကိုင်၍တော့မရပေ။ ထိုကဲ့သို့ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က စိတ်စွမ်းအင်ကို အသုံး[illegible]ပြီး လိပ်ပြာခန္ဓာမှ ရုပ်ခန္ဓာကို ဖန်ဆင်းလိုက်သည်။

ထိုအခါ သူသည် သာမန်ခရီးသွားတစ်ယောက်အသွ[illegible]သဏ္ဌာန်မျိုး ပြန်ပေါ်လာလေသည်။

ထိုအခါမှ ဇရပ်ရှိသောနေရာသို့ လျှောက်သွားလေ[illegible]တော့သည်။





[illegible]င်းတောထဲတွင် အဖော်မပါဘဲ တစ်ယောက်တည်း လျှောက်[illegible]လာသောသူ့ကိုမြင်သောအခါ ဇရပ်ပေါ်မှာ ရှိနေသူများက ဦးစွာ[illegible]လက်အုပ်ချီလျှက် မေတ္တာပို့ပေးကြသည်။

ပြီးမှ ဇရပ်ပေါ်သို့လာရန် ဖိတ်ခေါ်ကြသည်။

"အဖော်မပါဘဲ တစ်ယောက်တည်း ခရီးသွားလာနေတဲ့[illegible]သူသည်ပါလား၊ ဒီကိုလာပြီး လက်ဖက်ရည်သောက်ရင်း အ[illegible]နွေးဓာတ်ယူပါဦးလား"

"ကျေးဇူးတင်ပါတယ်ဗျာ၊ အဖော်တွေက တရုတ်စစ်[illegible]သားတွေနဲ့တွေ့ပြီး အဖမ်းအဆီးခံကြရလို့ တစ်ယောက်တည်း[illegible]ဖြစ်လာတာပါ. . "

"ကြားရတာ စိတ်မကောင်းစရာပါလား၊ တရုတ်စစ်သား[illegible]တွေကတော့ နေရာအနှံ့မှာလိုက်ပြီး အနှောင့်အယှက်ပေးနေ[illegible]ကြတော့တာပဲ၊ အဖမ်းအဆီးခံရတဲ့သူတွေ ဘေးအန္တရာယ်ကင်း[illegible]ကြပါစေ. . "

ဟု အားလုံးက လက်အုပ်ချီလျှက် မေတ္တာပို့ပေးကြလေသည်။

"ဒါထက် မိတ်ဆွေက ဘယ်ကိုသွားမှာပါလဲ"

"ကျွန်တော်က မနုဿရောဝ ရေကန်ကြီးကိုသွားမှာပါ၊ [illegible]အဲဒီကမှတစ်ဆင့် ကေလာသတောင်တော်ရောက်တဲ့အထိ ခရီး[illegible]ဆက်မှာပါ"

"ဟန်ကျလိုက်ပလေ. . ကျုပ်တို့အဖွဲ့တွေလည်း မိတ်ဆွေကြီးသွားမယ့် ခရီးစဉ်အတိုင်းသွားကြမှာပါပဲ၊ ဒါပေမယ့်

www.burmeseclassic.com



ဒီလမ်းခရီးကို သိပ်ပြီးမကျွမ်းကျင်တော့ စမ်းတဝါးဝါးနဲ့ သွားရ
ရတယ်ဗျာ၊ လမ်းမှာများ မတော်တဆ တရုတ်စစ်သားတွေ
တွေ့ရင်တော့ အခက်ပါပဲ. ."

ဟု တစ်ယောက်က စိုးရိမ်သောအသံမျိုးဖြင့် ပြောခဲ့
သည်။

"ကျွန်တော်ကတော့ ဒီခရီးလမ်းတွေကို တစ်ခေါက်
ခေါက်သွားဖူးနေတော့ လမ်းအတော်များများကိုတော့ သိ
တယ်၊ ကျွန်တော်စုံစမ်းသိရသလောက်တော့ ဒီလမ်းဟောင်း
အတိုင်းသွားရင်တော့ လမ်းမှာတင် တရုတ်စစ်သားတွေနဲ့တွေ့
အဖမ်းခံကြရမှာပဲ"

"ဒီတော့ ဘယ်လိုများလုပ်ရမလဲ၊ မိတ်ဆွေကြီးမှာ နည်း
လမ်းများရှိရင် ကျုပ်တို့ကို အကူအညီပေးပါဦးဗျာ. ."

ဟု ပြောဆိုတောင်းပန်းကြလေသည်။

"ခရီးသွားအချင်းချင်း ဆိုတော့လည်း ဒီလိုပဲ အကူအ
ညီပေးကြရမှာပဲ၊ ကျွန်တော် ခင်ဗျားတို့အဖွဲ့ကို လမ်းခရီး
ဘေးမသီရန်မခ စေရဘဲနဲ့ သွားချင်တဲ့နေရာ ရောက်တဲ့အ
ခေါ်သွားနိုင်ပါတယ်. ."

"ကျေးဇူးတင်လိုက်တာဗျာ၊ ဒီစကားကြားရတာ ကျု
တို့ဖြင့် အတော်ကိုအားရှိသွားတာပဲ၊ ဒါဖြင့် ကျုပ်တို့တစ်ဖွဲ့လုံး
မိတ်ဆွေကြီးဦးဆောင်ရာနောက်ကပဲ လိုက်ခဲ့ပါရစေ. . ."

"ကောင်းပါပြီ ဒီလိုဖြင့် အာရုဏ်တက်တာနဲ့ လုပ်စ
ရှိတာတွေ ပြီးအောင်လုပ်ပြီးတော့ ဖြတ်လမ်းကနေ သွားကြ





ပါလိမ့်မယ်"

"ကောင်းပါပြီ"

ထိုသို့ပြောဆိုပြီး အာရုဏ်တက်သောအချိန်ရောက်သည်နှင့် ခရီးသွားအဖွဲ့မှာ ပစ္စည်းများကိုသိမ်းဆည်းပြီး ခရီးဆက်ရန် အဆင်သင့်ပြင်ပြီးကြလေသည်။

ဘုရားဖူးအဖွဲ့မှာ (၁၀)ယောက်ခန့်ရှိပြီး အမျိုးသမီးအချို့လည်း ပါလေသည်။

အာရုဏ်တက်ချိန်ရောက်လာလေလေ နှင်းများကပိုကျလာလေလေဖြစ်သည်။

သို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး နှင်းများဖြင့် ပိတ်ဆီးနေလေတော့သည်။

သို့သော်လည်း အရှေ့ဘက်ကောင်းကင်ပြင်မှ တက်လာသော အာရုဏ်ဦးအလင်းရောင်များကြောင့် ပတ်ဝန်းကျင်ကိုတော့ အတန်အသင့် မြင်နိုင်လေသည်။

ထိုအချိန်မှာပင် စတင်၍ ခရီးထွက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့မှ ဦးဆောင်လမ်းပြပြီး သွားလေရာနောက်သို့ ခရီးသွားများက လိုက်လာကြသည်။ သူတို့သည် တောင်ကြားလမ်းမှထွက်သော လမ်းဟောင်းမှမသွားဘဲ တောထဲမှ သွားရသော ဖြတ်လမ်းများမှ သွားကြလေသည်။

ထိုလမ်းများမှာ လူသွားလူလာမများသော လမ်းမျိုးမဟုတ်သောကြောင့် လမ်းကကြမ်းသည်။

အချို့နေရာများတွင် ကျောက်တုံးကျောက်ခဲများပေါ်မှ

www.burmeseclassic.com



လျှောက်ရသည်။

အချို့နေရာများမှာတော့ လူတစ်ယောက်စာသွားသာရုံ ရှိသော သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သွားကြရသည်။

တကယ်ဆိုမူ ရှေ့မှလမ်းပြသွားနေသော ဒေါက်တာမင်းထင်ကျော်အနေဖြင့် ထိုခရီးလမ်းကို ရုပ်ခန္ဓာဖြင့် မသွားလာဖူးသေးပေ။

သို့သော် လိပ်ပြာခန္ဓာဖြင့် သွားသောအခါမှာတော့ သွားရမည့်လမ်းကို အလိုလိုသိနေသည်။

မျက်စိထဲမှာ မြင်နေရလေသည်။

ဒါကလည်း ကျောင်းတော်ကြီးမှာရှိသော ဆရာရှင်တစ်ဦးတစ်ယောက်က စိတ်တန်ခိုးဖြင့် လမ်းပြပေးနေခြင်းကြောင်းသာ စိတ်ထဲကသိနေခြင်းဖြစ်သည်ကိုတော့ သိနေမိသည်။ လမ်းခရီးတလျှောက်လုံးမှာတော့ အနှောင့်အယှက် များမတွေ့ရပေ။

သူတို့ဖြတ်သွားသော လှိုဏ်ဂူက်လမ်းမှာ မူလလမ်းမကြီးရှိသောနေရာနှင့် အလှမ်းမဝေးလှသဖြင့် လမ်းပေါ်မှ ဖြတ်သွားသောကားသံများကြားရသည်။

အချို့နေရာရောက်တော့ လူသံသူသံများ ကြားကြရသည်။ အချိန်ကလည်း တဖြည်းဖြည်းနှင့် အာရုဏ်တက်ချိန်ကျော်လာလေပြီဖြစ်သဖြင့် ပတ်ဝန်းကျင်မှာလည်း အလင်းရောင်များ ရလာလေသည်။

သို့ကြောင့် သွားရလာရသည်မှာ မခက်ခဲလှတော့ပေ။

မနုဿရောဝ ရေကန်တော်နှင့် ကေလာသတောင်





တော်ရှိသောနေရာသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည် အများအပြားလာရောက်ကြသည်။

အိန္ဒိယ၊ နီပေါနှင့် တရုတ်ပြည်ဘက်မှလာသော ခရီးသည်တို့က အများဆုံးဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာ ခရီးသည်အသွားအလာကို စစ်ဆေးနေသော စခန်းတွေလည်းရှိသည်။

ဒေါက်တာမင်းထင်ကျော်က စစ်ဆေးရေးစခန်းများနှင့် တွတ်ကင်းသောနေရာများမှ ကွင်းရှောင်ကာ ဘုရားဖူးဧည့်သည်တို့ကို ခေါ်သွားလေသည်။

နံနက်ပိုင်းအချိန်ရောက်တော့ ထိုနေရာများကို ကျော်လွန်လာခဲ့လေသည်။

ကျောက်တောင်ကြီးများကြားမှသော်လည်းကောင်း၊ ဆိုင်းနေသောသံလွင်ပင်နှင့် ထင်ရှူးတောအုပ်များကြားမှ သော်လည်းကောင်း၊ တစ်ခါတရံ ကေလာသတောင်တော်ကြီးကို ဝါး လှမ်းမြင်ရလေသည်။

မြူနှင်းများဝေ့ဆိုင်းနေသောကြောင့် တစ်ခါတစ်ရံမှသာ တဝါးလှမ်းမြင်ရခြင်းဖြစ်ပေသည်။

နံနက်ပိုင်းအချိန် နှင်းမှုံများကြား၌ ခရီးသွားရသည်မှာ င်ပန်းမှု မရှိလှပေ. . . ။

ထိုနေရာတစ်ဝိုက်ရောက်လာတော့ အခြားသွားလာနေကြသော ဘုရားဖူးခရီးသည်အချို့ကို တွေ့လာရသည်။

သူတို့သည် နာရီအနည်းငယ်ကြာအောင် မရပ်မနား

www.burmeseclassic.com



လာခဲ့ကြရာမှ တစ်နေရာရောက်တော့ ခေတ္တနားပြီး ပါလာသော အစားအသောက်များကို စားသောက်ရန် ပြင်ကြသည်။

၎င်းတို့ယူလာသော အစားအစာများမှာ သတ်သတ်လွတ် အစားအစာများပင်ဖြစ်ပေသည်။

သူတို့စားသောက်ရန်ပြင်တော့ ဒေါက်တာမင်းထင်ကျော်အတွက်လည်း စားသောက်စရာများ ထည့်ပေးလေသည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်မဆာသေးလို့ မစားတော့ပါဘူး၊ ဦးကြီးတို့ပဲ စားကြသောက်ကြပါ"

"အားနာလို့ မစားတာလားမောင်ရဲ့၊ ကျုပ်တို့မှာ အစားအသောက်တွေက ပိုပိုလျှံလျှံပါလာကြတာပါ၊ စားသာစားပါ"

"မစားတော့ပါဘူးခင်ဗျာ. ."

"မင်းလည်း ငါတို့နဲ့အတူတူလာကြတာပဲ၊ လမ်းတလျှောက်လုံးလည်း ဘာမှစားသောက်တာ မတွေ့မိပါဘူး"

"ကျွန်တော်က အဓိဋ္ဌာန်နဲ့ နေတာဖြစ်လို့ မစားတော့တာပါခင်ဗျာ"

ဟုပြောပြတော့မှ သဘောပေါက်သွားပြီး ကျေနပ်သွားကြလေတော့သည်။

"ဒါထက်. . မောင်ရင်ကြည့်ရတာ ဒီအရပ်သားတော့ ဟုတ်မယ်မထင်ဘူး၊ ဘယ်အရပ်ဒေသက လာခဲ့တာလဲ"

အသက်ကြီးကြီးလူတစ်ယောက်က မေးသည်။

"ကျွန်တော်က ဗမာပြည်ဘက်ကလာတာပါ"

"အိုး အဝေးကြီးပါလား၊ ဗမာပြည်ဆိုတာ ဘုရားပုထိုး





နိုင်ငံပဲ၊ အဲဒီနိုင်ငံမှာနေရတာ အတော်ကံကောင်းတာပဲ"

ဟုပြောလေရာ ဒေါက်တာမင်းထင်ကျော်က ပြုံးနေလေသည်။ ထိုနေရာမှ ခေတ္တနား၍ စားသောက်ပြီးသောအခါ ခရီးဆက်ကြလေသည်။

နှင်းကွဲသွားပြီး အလင်းရောင်ကောင်းစွာရသောအချိန်တွင် မနုဿဗရောဝ ရေကန်ကြီးရှိသောနေရာသို့ ရောက်သွားကြလေတော့သည်။

ထိုနေရာတစ်ဝိုက်မှာတော့ ဘုရားဖူးခရီးသည် အတော်များများ တွေ့ရသည်။

အနယ်နယ်အရပ်ရပ်မှလာကြသော လူမျိုးပေါင်းစုံ၊ အရောင်အသွေးမျိုးစုံတို့ဖြစ်သည်။

အချို့က ဝါးလုံးထိပ်တွင် အလံများ တလူလူလွင့်ကာ နေရာအနှံ့ လျှောက်သွားနေကြလေသည်။

နိုင်ငံအမှတ်အသား၊ သင်္ကေတပါသည့် အလံမျိုးတော့ မဟုတ်ပေ။ အဖြူရောင်အလံများပေါ်တွင် ၎င်းတို့ ဘာသာအလိုက် စာများရေးထားသည်။

စာလုံးချင်းမတူသော်လည်း အဓိပ္ပါယ်ချင်းကတော့ အတူတူပင်ဖြစ်၏။

ထိုအလံများမှာ မေတ္တာပို့သောအလံများဖြစ်ပြီး အလံများ တဖျပ်ဖျပ်နှင့် လှုပ်ခတ်သွားတိုင်း ပတ်ဝန်းကျင်သို့ မေတ္တာဓာတ်များ ဖြန့်ဝေပေးနေသည်ဟု ယုံကြည်လက်ခံထားကြလေသည်။

www.burmeseclassic.com



အလံများပေါ်၌ ရေးထားသည့်စာကြောင်းများ၏ အဓိပ္ပါယ်မှာ. . .

"လူတွေအားလုံး မေတ္တာခြုံလို့ လုံပါစေ. ."

ဟူသော အဓိပ္ပာယ်ပင်ဖြစ်၏။

ထိုနေရာရောက်တော့ ရပ်ပြီး ဒေါက်တာမင်းထင်ကျော်က ပြောလေသည်။

"ဒီနေရာရောက်ရင်တော့ ဦးကြီးတို့အတွက် ဘေးအန္တရာယ်ကင်းသွားပါပြီ၊ ဟောဟိုကလှမ်းမြင်နေရတာ ကေလာသတောင်တော်ပါပဲ. ."

ဘုရားဖူးများက မှုံဝါးဝါးလှမ်းမြင်နေရသော ကေလာသတောင်ဘက်သို့ လှမ်းကြည့်ကြသည်။

ကေလာသတောင်မှာ အဝေးမှကြည့်သောအခါ ပိရမစ်တစ်ခုကဲ့သို့ မြင်ရလေသည်။

"ကေလာသတောင်ကို ခရီးဆက်သွားကြမယ်ဆိုရင် ခရီးနည်းနည်းတော့ ဝေးပါသေးတယ်၊ လမ်းမှာ ဒါချုန်လို့ခေါ်တဲ့ မြို့လေးတစ်မြို့ရှိပါတယ်၊ လိုအပ်တာရှိရင် အဲဒီမြို့မှာ ဝင်ဝယ်သွားလို့ရပါတယ်"

"မောင်ရင်က ဒီနေရာတွေတော့ အတော်ကလေးနှံ့စပ်စပ်ရှိပေတာပဲ"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရုံ ပြလိုက်သည်။

"ကေလာသတောင်တော်ကို ခရီးဆက်ကြမယ်ဆိုရင်





တခြားဘုရားဖူးတွေနဲ့ရောပြီး လိုက်သွားရင် လမ်းမမှားနိုင်တော့ပါဘူး"

"ဒါထက် မောင်ရင်က ဘယ်နေရာကို ခရီးဆက်မှာလဲ"

"ကျွန်တော်က တခြားအစီအစဉ်လေးတွေ ရှိသေးလို့ ဦးကြီးတို့နဲ့ မလိုက်နိုင်တော့တာပါ၊ ကဲ အားလုံးကို နှုတ်ဆက်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပေးကြပါဦး"

"ကောင်းပါပြီမောင်ရင်၊ အခုလို အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ်"

ဟုပြောကြလေသည်။

ထို့နောက် နှင်းများကြားသို့ ဒေါက်တာမင်းထင်ကျော်ဝင်သွားသည်ကို မျက်စိတဆုံး လှမ်းကြည့်နေကြလေသည်။

အကယ်၍သာ တစ်စုံတစ်ယောက်က နောက်မှလိုက်ကြည့်လျှင်လည်း နှင်းများကြားရောက်သွားသည်နှင့် တွေ့ရတော့မည် မဟုတ်တော့ပေ. . .။

www.burmeseclassic.com





## အခန်း [ ၇ ]

# အနာရုဂ်ကာလီနှင့် တွေ့ရခြင်း

ရှေးအခါကတော့ ရှန်ဂရီးလားဒေသသို့ ရောက်လာဖို့ မလွယ်ကူလှပေ။

တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ကျော်ဖြတ် ခတ်ခဲစွာလာရောက်ကြရပေသည်။

ထိုသို့လာရာမှာလည်း သဘာဝဘေးအန္တရာယ်များနှင့် တွေ့ကာ ပျက်စီးကြရသည့်မျိုးလည်း ရှိကြလေသည်။

www.burmeseclassic.com



နောက်ပိုင်းတော့ တရုတ်ပြည်မှ လမ်းမကြီးတစ်ခု ဖောက်လုပ်ခဲ့လေသည်။

မူလဖောက်လုပ်စဉ်က ရည်ရွယ်ချက်မှာ ရှမ်ဂရီလား ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် မဟုတ်ပေ။

စစ်ရေးအရ အသုံးပြုရန် ဖောက်လုပ်ခဲ့ကြခြင်း ဖြစ် သည်။ တောင်ပိုင်းအဝေးပြေးလမ်းမကြီး ဖောက်ပြီးသွားသော အခါ မြန်မာနိုင်ငံဘက်အထိ လွယ်လင့်တကူ သွားလာ၍ ရသွား လေသည်။

သို့သော်လည်း တောင်ပိုင်းလမ်းမကြီး ဖောက်လိုက် သည့်အတွက် ဘုရားဖူးသွားလာသူများနှင့် ကုန်အရောင်းအ ဝယ်သွားသူများအတွက် များစွာအဆင်ပြေသွားကြလေသည် ယခင်က သွားလာရန်ခက်ခဲလှသော ရှမ်ဂရီလားဒေသကိုလည် လွယ်လင့်တကူသွားရောက်နိုင်ကြပြီဖြစ်သောကြောင့် ဖွံ့ဖြိုးလာ ခဲ့လေသည်။

နောက်ပိုင်းမှာတော့ စီးပွားရေးအကွက်မြင်သူများက ရှမ်ဂရီလားအရပ်ဒေသနှင့် မဝေးလှသောနေရာ၌ . . စခန်း ထောက်မြို့ငယ်တစ်ခု ထူထောင်ကြလေသည်။

ထူထောင်စက သာမန်အခြေအနေသာဖြစ်သော်လည် နောက်ပိုင်းကာလကြာသောအခါ တဖြည်းဖြည်းတိုးတက်လာ လေတော့သည်။

ရှမ်ဂရီလားမြို့တည်သောနေရာမှာ ရှမ်ဂရီလားရွာ ရှိသောနေရာနှင့်တော့ မဝေးလှပေ။





ရှမ်ဂရီလားရွာဆိုသည်မှာ ပရာနာမာရွာပင်ဖြစ်၏။ ရှမ်ဂရီလားရွာဟူသော အမည်မှာ မူလအမည်ကိုမသိသော သူများက အလွယ်တကူခေါ်ကြခြင်းပင်ဖြစ်၏။ မူလအမည်က တော့ ပရာနာမာပင်ဖြစ်ပေသည်။

တောင်ပိုင်းကာလမ်းမကြီးနံဘေးတွင် ရှမ်ဂရီလားမြို့ ပေါ်လာသောအခါ ခရီးသွားများအတွက် များစွာအဆင်ပြေ သွားကြသလို အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာရှိကြသော ရွာများ ၌ နေထိုင်သူတို့လည်း များစွာအဆင်ပြေသွားကြလေသည်။

ဘုရားဖူးသွားလာနေကြသော ခရီးသွားများ၊ ကုန်သည် များအတွက် ခရီးတစ်ထောက် ဝင်ရောက်နားခိုစရာ စခန်း ထောက်မြို့ဖြစ်လာသည်။

စီးပွားရေးလာဘ်မြင်သူတို့က စားသောက်ဆိုင်များ၊ တည်းခိုနေထိုင်ရန် အဆောင်များ၊ အိမ်များ ဆောက်လုပ်ငှား ရမ်းသော လုပ်ငန်းများ လုပ်ကိုင်ကာ စီးပွားလမ်းဖြောင့်ကြလေ သည်။

အနီးတစ်ဝိုက်မှာရှိသည့် ကျေးရွာများမှာနေကြသူတို့က လည်း တောတောင်များထဲမှာ ရှာဖွေရသော ပစ္စည်းအမျိုးမျိုး၊ ဆေးဖက်ဝင်အပင်များ၊ စားသောက်စရာပစ္စည်းများ လာရောက် ရောင်းချခြင်းဖြင့် သူတို့အတွက် အပိုဝင်ငွေရလာကြသည်။

ခရီးသွားများကလည်း ဒေသခံများလာရောက်ရောင်းချ သော အစားအသောက်များနှင့် ဆေးဖက်ဝင်ပစ္စည်းအမျိုးမျိုး တို့ကို များစွာနှစ်သက်သဘောကျသဖြင့် ဝယ်ယူသွားကြလေ

www.burmeseclassic.com

သည်။

အခြားအရပ်ဒေသများတွင် အလွယ်တကူ မရနိုင်သည် ရလျှင်သော်မှ ပစ္စည်းအစစ်အမှန်ဖြစ်ရန်ခဲယဉ်းသော ဆေးဖက်ဝင်ပစ္စည်းများ ရကြလေသည်။

ကြံ့သွေး၊ ကျောက်သွေး၊ ဆတ်ချိုနု၊ ငှက်သိုက်၊ မှာ ရည်၊ ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ပင်၊ သစ်ခွနက် စသည် ရှားပါးသောပစ္စည်းအမျိုးမျိုးတို့ကို ရှမ်ဂရီးလားဒေသ၌ တွေ့နိုင် ရနိုင်ကြပေသည်။

နောက်ပိုင်း ရှမ်ဂရီးလားမြို့ကလေး တဖြည်းဖြည်းနှင့် စည်းကားလာသောအခါ တရုတ်ပြည်မှတစ်ဆင့် ကမ္ဘာလှည့်ခရီး သည်များပင် လာရောက်ကြလေသည်။

ထိုကဲ့သို့ ဝင်ရောက်တည်းခိုသောခရီးသွား များလာ သောအခါ တည်းခိုနေထိုင်ရန်အတွက် အဆောက်အဦးများ တိုးချဲ့ဆောက်လုပ်ကာ ငှားရမ်းကြသည်။

ယခုမြင်တွေ့နေရသော ကာလကဲ့သို့ ခေတ်မီတိုးတက် သော တိုက်တာအဆောက်အဦးများ မရှိသေးသော်လည်း သစ် သားဖြင့် ဆောက်ထားသည့် ဟော်နန်းကဲ့သို့ ကြီးကျယ်ခန်းနား သော အဆောက်အဦးကြီးများ ရှိနေကြပေပြီ။

ရှမ်ဂရီးလားမြို့စွန် တစ်နေရာမှာတော့. . ဟော်နန်း ဆောင်တမျှ ကြီးကျယ်ခန်းနားသော တည်းခိုဆောင်ကြီးတစ်ခု ရှိပေသည်။

'ရှမ်ဂရီလာ တည်းခိုဆောင်'ဟု အမည်ပေးထားသည်





[တ]ည်းတည်းခိုဆောင်ကို ပိုင်ဆိုင်သူမှာ ချန္ဒရာဆိုသော အိန္ဒိယ လူမျိုးတစ်ဦးဖြစ်သည်။

သူသည် အသက်(၅၀)အရွယ်ခန့်သာရှိသေးပြီး စီးပွား ရေးလောဘ်မြင်သူတစ်ဦးလည်းဖြစ်သည်။

တစ်နေ့တော့ သူပိုင်ဆိုင်သော ရှမ်ဂရီလာတည်းခို ဆောင်သို့ ခရီးသွားဧည့်သည်တစ်စု ရောက်လာလေသည်။

စုစုပေါင်း(၅)ယောက်ဖြစ်သည်။

ခေါင်းဆောင်လာသူမှာ သီဟဒီပ ဆိုသူဖြစ်ပြီး ဗမာနှင့် အိန္ဒိယ သွေးနှောနေသူဖြစ်သည်။

သူ့နောက်မှာပါလာကြသူတို့မှာလည်း အိန္ဒိယနှင့် ကချင် ပြည်နယ်သားအချို့တို့ဖြစ်သည်။

ဇမုန်းထန်၊ သံပချိုင်၊ ခမ်ဇာစုန်နှင့် ရာဂျစ်တို့လေး ယောက် ဖြစ်ကြလေသည်။

ဧည့်သည်များ ရောက်လာသဖြင့် ချန္ဒရာကိုယ်တိုင် ထွက်ကာ ခရီးဦးကြိုပြုလေသည်။

"ကြွပါကြွပါ. . ဒီမှာ စိတ်ချမ်းသာစွာနဲ့ လွတ်လွတ်လပ် လပ် တည်းခိုနေနိုင်ပါတယ်"

"ကျွန်တော်တို့ဟာ ဒေသန္တရအကြောင်းတွေကို လေ့လာ ချင်မှာဆိုတော့ ရက်ကြာကြာလေးနေဖို့ စိတ်ကူးထားတယ်"

"နေနိုင်ပါတယ်ခင်ဗျာ. .၊ ဈေးနှုန်းလည်း သင့်တော် အောင် ထားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ဒါထက် ဒီမှာ ဒီနေရာဒေသတွေ

www.burmeseclassic.com



အကြောင်းကို နှံ့စပ်ကျွမ်းကျင်တဲ့သူမျိုးရှိရင်လည်း လမ်းပြအဖြစ် ခေါ်ချင်ပါတယ်”

“ကောင်းပါပြီ၊ စုံစမ်းရှာဖွေပေးပါ့မယ်”ဟု ပြောဆိုပြီး ဧည့်သည်များအတွက် နေရာထိုင်ခင်းများ စီစဉ်ပေးလိုက်လေသည်။

ညနေပိုင်းအချိန်ရောက်တော့ ထိုနေရာသို့ လူရွယ်တစ်ယောက်ရောက်လာလေသည်။

ပရာနာမာရွာမှာနေသော နီမောင်ပင်ဖြစ်သည်။

နီမောင်က အသက်(၂၅)နှစ်အရွယ်ခန့်ပင် ရှိသေးပြီး ဖျတ်လတ်တက်ကြွသော လူရွယ်တစ်ဦးဖြစ်သည်။

နီမောင်ရောက်လာတော့ သီဟဒီပကိုယ်တိုင် သိချင်တာများမေးမြန်းစုံစမ်းလေသည်။

“မင်းနာမည် ဘယ်သူလဲ”

“နီမောင်လို့ ခေါ်ပါတယ်”

“ဗမာတစ်ယောက် မဟုတ်လား”

“ဟုတ်ပါတယ်”

“ကောင်းတာပေါ့ကွာ၊ ဒီလိုအရပ်ဒေသမှာ ဗမာအချင်းချင်း ပြန်တွေ့ရတာပိုကောင်းတာပေါ့၊ ဒီအရပ်ဒေသရောက်နေတာ အတော်ကြာပြီလား”

“ကြာပါပြီ၊ ဒီနေရာတစ်ဝိုက်တွေလည်း ကျွန်တော်မရောက်ဖူးတဲ့နေရာ မရှိသလောက်ပါပဲ”

“မင်းက ဘာအလုပ်လုပ်တာလဲ”





“တောထဲက ပစ္စည်းတွေရှာဖွေပြီး ရောင်းချပါတယ်၊ ဆေးဖက်ဝင် ပစ္စည်းတွေပေါ့. .”

သီဟဒီပက ဆေးပြင်းလိပ်အသေးစား တစ်လိပ်ကို ဒီကဒ်ထဲမှ ထုတ်ယူကာ မီးညှိ၍ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။ မီးခိုးငွေ့များနှင့်အတူ သင်းပျံ့သော ဆေးပြင်းလိပ်ရနံ့က ပြန့်နှံ့သွားလေသည်။

ခဏကြာတော့မှ သီဟဒီပက စကားပြန်ဆက်သည်။

“ငါ့နာမည်က သီဟဒီပလို့ခေါ်တယ် ငါတို့လည်း ဗမာပြည်ကလာကြတာပဲ၊ ဒီနေရာကိုလာတဲ့ ရည်ရွယ်ချက်ကတော့ ရောက်ဖူးတဲ့နေရာတွေ လိုက်ပြီးလေ့လာကြည့်ဖို့ပါပဲ၊ မင်းက ဒီနေရာရောက်တာ အတော်ကြာပြီဆိုတော့ ဒီနေရာကအကြောင်းတွေ အတော်ကလေး သိမှာပေါ့. .”

“သိသင့်သလောက်တော့ သိပါတယ်”

“ဒါဖြင့် မင်းသိတဲ့ နေရာတွေ၊ ထူးခြားတဲ့နေရာတွေကို ပြောပြပါဦး”

နီမောင်က ရှမ်ဗဲလားမဟာဂန္ဓာရီတက္ကသိုလ်အပြင် အခြားသူသိထားသော အကြောင်းအရာများကို ပြောပြလိုက်သည်။

သီဟဒီပက သူပြောနေသော အကြောင်းအရာများကို ဆေးပြင်းလိပ်ဖွာရင်းနှင့် နားထောင်နေလေသည်။

စကားဆုံးတော့မှ မေးလေသည်။

“မင်းပြောတဲ့အကြောင်းတွေထဲမှာ ငါသိချင်တဲ့ အ

www.burmeseclassic.com



ကြောင်းတော့မပါသေးဘူး”

“ခင်ဗျားက ဘယ်အကြောင်း သိချင်တာလဲ”

“လွန်ခဲ့တဲ့နှစ်ပေါင်း (၁၅၀-၂၀၀)နီးပါးလောက်က ဒီ နေရာတစ်ဝိုက်မှာရှိတဲ့ ဒေလီမြို့ဟောင်းအကြောင်းပဲ”

ထိုစကားကြားတော့ နီမောင်စိတ်ထဲတွင် အံ့ဩသွားမိလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ထိုအရပ်ဒေသမှာ နေကြသူများမှာ ဒေလီမြို့တော်ဟောင်းအကြောင်းကို သိကြသည်။

မြစိမ်းရောင်မင်းသမီးဟု တင်စားခေါ်ဝေါ်ကြသည် ကချေသည်မလေး အနာရ်ကာလီအကြောင်းကို ကြားဖူးကြသည်။ သိတန်သရွေ့ သိထားကြသည်။

မြစိမ်းရောင်မင်းသမီးရှိသော မြစိမ်းရောင်ကုန်းရှိသော နေရာကို သိသော်လည်း မည်သူမှမသွားဝံ့ကြပေ။ အခြားရွာမှာ နေထိုင်ကြသူများထက် မြစိမ်းရောင်ကုန်းနှင့်နီးသော ပရာနာ ရွာသားများကို ပို၍သိကြလေသည်။

လပြည့်လကွယ်ရက်ရောက်တိုင်း မြစိမ်းရောင်ကုန်းဘက်မှ မကောင်းဆိုးဝါးများ ဆင်းလာပြီး ခြောက်လှန့်နှောင့်ယှက်သဖြင့် လူအများအပြား သေကြေပျက်စီးကြရသည်။ လည်း သူတို့ရွာက အများဆုံးဖြစ်သည်။

ထို့ကြောင့် ဒေလီမြို့ဟောင်းရှိသောနေရာ၌ ရှိသော မြစိမ်းရောင်ကုန်းသို့ အကြောင်းကိစ္စမရှိပါပဲ မည်သူမှ အသွားအလာမပြုကြပေ. . .။





ယခုမှ ရောက်လာသော ဧည့်သည်များက ဒေလီမြို့တော်ဟောင်းနေရာကို တကူးတကမေးလာသဖြင့် အံ့ဩသွားမိခြင်းဖြစ်ပေသည်။

“ဒေလီမြို့ဟောင်းရှိတဲ့နေရာကို မင်းသိတယ် မဟုတ်လား”

“သိပါတယ်”

“ခရီးအတော်ဝေးသလား”

“ကျွန်တော်တို့နေတဲ့ရွာကနေသွားရင် မဝေးလှပါဘူး”

“မင်းရောက်ဖူးတယ်မဟုတ်လား”

“ရောက်ဖူးပါတယ်၊ အဲဒီနေရာက သွားသင့်တဲ့နေရာတစ်နေရာတော့ မဟုတ်ပါဘူး”

“ဘာဖြစ်လို့လဲ”

“ကျိန်စာသင့်ထားတဲ့ နေရာဖြစ်လို့ မကောင်းဆိုးဝါးတွေရှိနေကြတယ်”

“မင်းကဘယ်လိုသိတာလဲ”

“လပြည့်လကွယ်ရက်တွေရောက်တဲ့အခါ. . အဲဒီမြို့ဟောင်းမှာရှိတဲ့ မကောင်းဆိုးဝါးတွေက ရွာထဲဝင်လာပြီး လူတွေကို ဖမ်းစားလို့ သေကြရတယ်”

ထိုစကားကြောင့် အားလုံးပြုံးစေ့စေ့ဖြစ်သွားကြသည်။ ကောင်ပြောပြနေသော အကြောင်းအရာအချို့ကို မယုံကြည်ကြသည့်သဘောမျိုး ဖြစ်ပေသည်။

“ကျွန်တော်ပြောတာ မယုံရင် ခင်ဗျားတို့ ကိုယ်တိုင်

www.burmeseclassic.com



စောင့်ကြည့်လို့ရပါတယ်၊ အဲ့ဒီကျရင် သူတို့ဘယ်လောက် ဆိုးတယ်ဆိုတာ တွေ့ရပါလိမ့်မယ်”

“နောက်တော့လည်း ကြုံကြိုက်ရင်တော့ ဗဟုသုတဖြစ်အောင် စောင့်ကြည့်ရသေးတာပေါ့၊ ဒါထက် မင်းက ဒေလီမြို့ဟောင်းရှိတဲ့နေရာကို သိတယ်ဆိုတော့ ငါတို့ကို လမ်းပြပေးနိုင်မယ်မဟုတ်လား”

“ရပါတယ်၊ ကျွန်တော့်မှာ အဖော်နှစ်ယောက်ရှိပါသေးတယ်၊ သုံးယောက်လိုက်ခဲ့ပါ့မယ်”

“ကောင်းတာပေါ့ကွာ လူများတော့ ပိုကောင်းတာပေါ့၊ ဒီတော့ မနက်စောစော သွားကြမယ်၊ မင်းတို့လာခဲ့ကြပေတော့”

ဟု ပြောသဖြင့် နီမောင်လည်း ပြန်လာခဲ့လေသည်။

ရွာပြန်ရောက်တော့ သူ၏အဖော်နှစ်ယောက်ဖြစ်သော စောထီးနှင့်ငမဲအောင်တို့နှင့်တွေ့ပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

“ငါတို့သဘောပြောရရင်တော့ ငွေဘယ်လောက်ပဲ ရပါစေ အဲဒီနေရာတော့ မသွားချင်ဘူး၊ ဒါပေမယ့် မင်းက စကားလွှန်လာခဲ့ပြီဆိုတော့လည်း သွားကြရုံပေါ့ကွာ. . ”

ဟုပြောကြလေသည်။

သူတို့ပြောသလိုပင် ထိုအလုပ်ကို လက်ခံလာပြီးမှ စိတ်ထဲမှာ ထင့်နေသလို ဖြစ်နေသည်။

သို့သော်လည်း ပြောထားပြီးမှတော့ သွားရပေတော့မည်။ ညအချိန်ရောက်တော့ မြစိမ်းရောင်ကုန်းပေါ်၌ရှိသော





သင်္ချိုင်းဟောင်းရှိသော နေရာဘက်မှ စူးစူးဝါးဝါး ခွေးအူသံ များ ပေါ်ထွက်လာလေသည်။

ထိုနေ့သည် လပြည့်ညလည်းမဟုတ်၊ လကွယ်ညလည်း မဟုတ်ပေ. . .။

ယခင်ရက်များ၌မူ သင်္ချိုင်းဟောင်းရှိသော နေရာဘက်မှ ခွေးအူသံများမှာ လပြည့်ည၊ လကွယ်ညများ၌သာ ကြားရလေ့ရှိသည်။ အခြားရက်များ၊ ညများ၌ မကြားရဘူးပေ. .။

ယခုညမှာတော့ လပြည့်၊ လကွယ်မဟုတ်ပါပဲ ခွေးအူသံများကြားရလေပြီ။

“ဟဲ့. . ကလေးတွေ အိမ်ထဲဝင်ကြစမ်းဟဲ့၊ အပြင်ရောက်နေတဲ့သူတွေကိုလည်း ခေါ်ကြစမ်း၊ မြစိမ်းရောင်ကုန်းပေါ်က ထူးထူးခြားခြား ခွေးအူသံတွေ ကြားရပြန်ပြီ”

ဟုပြောဆိုသံများအပြင်. . အပြင်ရောက်နေသူများအား ခေါ်သံများ ဆူဆူညံညံပေါ်ထွက်လာလေသည်။

ခွေးအူသံများ ကြားရပြီးနောက် မရှေးမနှောင်းမှာပင် တလားခေါက်သံများ ပေါ်ထွက်လာသည်။

“ဘုန်း. . ဘုန်း. . ဘုန်း. . ”

ခွေးအူသံများကြားရစဉ်ကပင် ကြောက်ရွံ့ထိတ်လန့်နေကြသော သူများမှာ တဆက်တည်းဆိုသလိုပင် တလားခေါက်သံများပါ ကြားရသောအခါ မကြာခင် မကောင်းဆိုးဝါးများ ဆင်းလာတော့မည်ကို သိကြသဖြင့် မိမိတို့နေအိမ်များရှိရာသို့ အရောက်ပြေးကြလေသည်။

www.burmeseclassic.com



နီမောင်မှာလည်း ထူးထူးခြားခြားကြားရသော တလား ခေါက်သံများကြောင့် အံ့သြနေမိလေသည်။

နောက်တော့ . ကြားနေရသော တလားခေါက်သံများ မှာ တဖြည်းဖြည်းနှင့် ရွာဖြင့်နီးလာချေပြီ။

တစ်ရွာလုံးမှာလည်း မီးရောင်ကိုမှိတ်၊ တံခါးပိတ်ကာ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေကြလေသည်။

အတန်ကြာတော့ တလားခေါက်သံများက ပရာနာမာ ရွာထဲသို့ ဝင်လာကြသည်။

ရှေ့ဆုံးမှ ခေါင်းတလားကြီးကို ထမ်းကာ လူအရိုးဖြင့် တဘုန်းဘုန်းထုလာသော မကောင်းဆိုးဝါးက ဝင်လာပြီး သူ့ နောက်မှလည်း ပုံပျက်ပန်းပျက်နှင့် ကြောက်စရာကောင်းသော အသွင်သဏ္ဍာန်ရှိသည့် မကောင်းဆိုးဝါးများက တန်းစီပြီး လိုက် လာကြလေသည်။

ခါတိုင်းလာလျှင်တော့ ၎င်းတို့ထံမှာ အဝတ်နက်ဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ် ပါလာလေ့ရှိသည်။

ထိုအထုပ်ထဲမှာတော့ လူသေသောအခါ အသုံးပြုသည့် ပစ္စည်းများပါလေသည်။

မကောင်းဆိုးဝါးများက မည်သည့်အိမ်ခေါင်ပေါ်မှ အထုပ်ပစ်တင်မသွားဘဲ ဆက်လျှောက်သွားကြလေသည်။

နောက်ဆုံး နီမောင်တို့သုံးယောက်နေသော တဲအိမ် ရှေ့သို့ရောက်တော့ ရှေ့ဆက်မသွားတော့ပဲ ရပ်တံ့သွားကြလေ သည်။ ထို့ကြောင့် အိမ်ထဲမှ အခြေအနေ ချောင်းကြည့်နေသော



သုံးယောက်စလုံး မျက်လုံးပြူးသွားကြသည်။

ကြောက်ရွံ့ထိတ်လန့်စွာဖြင့် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်လိုက်သည်။

'တလားခေါက်သံ ဘယ်သူ့ကံ' ဆိုသောစကားအတိုင်း ဒီတစ်ခါတော့ သူတို့အလှည့်ကျရောက်ပြီဟု ထင်လိုက်ကြသည်။ မှာတ်နိုင်တော့ပေ။

ဘုရား တရား သံဃာ ရတနာသုံးပါးတို့ကို အာရုံပြုထား ပြီး မိမိအိမ်ပေါ်သို့ အထုပ်တစ်ထုပ်ကျလာမည့်အသံကို နားစွင့် နေကြလေသည်။

သို့သော်လည်း အတော်ကြာသည်အထိ အသံမကြားရ သော့မှ အပေါက်မှ ထပ်မံချောင်းကြည့်ကြပြန်သည်။

ဒီတစ်ခါတော့ အိမ်ရှေ့မှာ ရပ်နေသော မကောင်းဆိုး ဝါး များကိုမတွေ့ရတော့ပေ. . . ။

၎င်းတို့နေရာတွင် ရပ်နေသော အမျိုးသမီးတစ်ယောက် ကိုသာ တွေ့ရလေသည်။

ထို့ကြောင့် အံ့သြသွားကြသည်။

အပြင်ဘက်၌ . . အလင်းရောင် ပိုးတဝါးရှိနေသော ကြောင့် ထိုအမျိုးသမီး၏ ပုံရိပ်သဏ္ဍာန်ကို ကောင်းစွာမြင်တွေ့ သည်။ ဆာရီကဲ့သို့ အဖြူရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထား ဖြင့် လေထဲမှာ တလူလူလွင့်နေသည်။

သူမက နီမောင်တို့ရှိနေသော နေရာဘက်သို့ ကြည့် ကာ လက်ယပ်ခေါ်နေသည်။

www.burmeseclassic.com



"နီမောင် ဟိုမှာခေါ်နေပြီ"

"ဘယ်သူခေါ်တာလဲ မသိဘူး"

"ဘယ်သူခေါ်ခေါ် ငါတို့တော့ မထွက်ဝံ့ဘူး၊ မင်းပဲသွားပေတော့"

ဟုပြောသဖြင့် နီမောင်မှာ စိတ်ကိုငြိမ်အောင်ထားကာ အိမ်အပြင်ဘက်သို့ ထွက်သွားလေသည်။

အပြင်ဘက်ရောက်ပြီး သူမနှင့်မနီးမဝေးရောက်သွားသောအခါ သင်းပျံ့လှသော ရနံ့တစ်မျိုးကို ရလေသည်။

ပထမတော့ နီမောင့်စိတ်ထဲမှာ မရဲတရဲဖြစ်နေမိသေးသည်။ နောက်တော့မှ မထူးတော့ပြီမို့ အသေအချာကြည့်လိုက်သည်။ ပါးလွှာသောအဖြူရောင်ဆာရီကို ဝတ်ထားသော မိန်းမပျိုမှာ အသက်အရွယ်မကြီးလှသေးပေ။

အလွန်ဆုံးရှိမှာ (၂၅)နှစ်ထက်တော့ မပိုပေ။

မြင်ရုံနှင့်ပင် အိန္ဒိယအမျိုးသမီးတစ်ဦးဖြစ်မှန်း သိရပြီး ရုပ်ရည်က ချောမောလှပလေသည်။

ထူထဲနက်မှောင်သော မျက်ခုံအောက်မှ မျက်ဝန်းအစုံက အမှောင်ရိပ်ထဲမှာပင် အရောင်တလက်လက် တောက်ပနေသည်။ မျက်နှာအမူအယာကတော့ တည်တည်ငြိမ်ငြိမ်ပင်ရှိနေပေသည်။

ထိုနေရာရောက်တော့ နီမောင်က မေးလိုက်သည်။

"ဘာအတွက် ခေါ်တာပါလဲ"

"နင်နဲ့စကားပြောချင်လို့ ခေါ်တာပါ"





စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩသွားလေသည်။

"ဘာပြောချင်တာလဲ"

"နင် မနက်က အလုပ်တစ်ခု လက်ခံခဲ့တယ် မဟုတ်လား၊ အဲဒီအလုပ်ကို မလုပ်နဲ့ လုပ်ရင်သေလိမ့်မယ်"

"ဘယ်လိုကြောင့်လဲ"

"အဲဒီလူတွေက မလုပ်သင့်တဲ့အလုပ် လုပ်ဖို့လာကြတာပဲ သူတို့လုပ်ချင်တဲ့အလုပ်ကလည်း ဘယ်တော့မှ ရမှာမဟုတ်ဘူး"

"ကျွန်တော်က အဲဒါတွေ မသိဘူးဗျ၊ နည်းနည်းလောက် ပြောပြပေးစေချင်တယ် . . ."

"ဟိုးတောင်ကုန်းပေါ်မှာ ရှေးနှစ်ပေါင်းများစွာက ရှိခဲ့တဲ့ ခေလီမြို့တော်ဟောင်းရှိတယ်၊ ငါတို့နေတဲ့ သင်္ချိုင်းဂူတွေရှိတယ်၊ အဲဒီဂူတွေကို ဖျက်ဆီးဖို့လာကြတဲ့သူတိုင်း အန္တရာယ်ဆိုးတွေနဲ့ တွေ့ပြီး သေရမှာပဲ"

ဒီတော့မှ သဘောပေါက်သွားလေတော့သည်။

"ကောင်းပါပြီ၊ ခင်ဗျားမလာစေချင်ရင် မလာတော့ပါဘူး"

"တကယ်တော့ ငါအခုလာတာ နင့်ကိုသတိပေးဖို့ပဲ၊ ဟိုမှာမြင်လား . ."

ဟု လက်ညှိုးထိုးပြရာ သူမနှင့် မနီးမဝေးနေရာမှာ ရပ်နေသော မိစ္ဆာကောင်ကြီးကို ယခုမှပင် တွေ့ရလေသည်။ မိစ္ဆာကောင်ကြီးလက်ထဲမှာ အထုပ်မည်းကြီးတစ်ထုပ်လည်း ကိုင်

www.burmeseclassic.com



ထားလေသည်။

ထိုအထုပ်မည်းကြီးကိုတော့ သူကောင်းစွာသိပေသည်။

ထိုအထုပ်ကြီး အိမ်ပေါ်ပစ်တင်လိုက်ပါက ထိုအိမ်မှာ ရှိသောသူများ သေစေသည့် "သေမင်းတမန်တော်" ဟု ခေါ်ဆိုထိုက်သော အထုပ်မည်းကြီးပင်ဖြစ်သည်။

အထုပ်ထဲတွင် လူသေပြုပြင်ရာတွင် အသုံးပြုသော ပစ္စည်းများ ထုပ်ထားခြင်းပင်ဖြစ်လေသည်။

မိစ္ဆာကောင်ကြီးက ထိုအထုပ်ကို လက်ထဲ၌ ကိုင်ထားရင်းမှ နီမောင်တို့နေသောအိမ်ပေါ်သို့ ပစ်တင်ရန် ဟန်တပြင်ပြင် ရှိနေလေသည်။

"ဒါပေမယ့် ဒီရောက်လာတော့မှ နင့်ကို မသတ်သင့်မှန်းသိရတယ်၊ နင်ငါပြောတဲ့စကား နားထောင်ပါ။ ဒါပေမယ့် နင် ငါ့အတွက် တစ်ခုတော့ ဆောင်ရွက်ပေးရလိမ့်မယ်"

"ဘယ်လိုကိစ္စမျိုးပါလဲ"

"ရှမ်ပဲလားကျောင်းတော်ကြီးမှာ ငါတွေ့ချင်တဲ့လူတစ်ယောက်ရှိတယ်၊ ငါ သူ့ကိုစောင့်မျှော်နေခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ သူ့ဆီသွားပြီးတော့ ငါ့အကြောင်းကို ပြောပြပေးပါ"

"ရှမ်ပဲလားကျောင်းတော်ကြီးက သာမန်လူတွေ သွားလို့မရဘူး၊ တကယ်လို့ ချောက်တစ်ဖက်ကမ်းကို ကူးလို့ရခဲ့ရင်တောင်မှ မသက်ဆိုင်တဲ့သူတွေဆိုရင် ကျောင်းတော်ကြီးထဲ ဝင်ခွင့်ပေးမှာမဟုတ်ဘူး"





"စိတ်မပူပါနဲ့ သွားသာသွားပါ၊ သူနဲ့တွေ့ရင် အစစအရာရာ အဆင်ပြေသွားပါလိမ့်မယ်"

"ဒါပေမယ့် ခင်ဗျားပြောတဲ့သူကို နာမည်လည်းမသိ၊ လူနည်းမမြင်ဖူးဘဲနဲ့ ဘယ်လိုတွေ့အောင် ရှာရမလဲ"

"သူ့နာမည်က 'သစ်'လို့ခေါ်တယ်၊ သူ့ကိုမြင်ဖူးချင်ရင် တိုအမှောင်ရိပ်ထဲကိုကြည့်လိုက်ပါ"

ဟုပြောပြီး. . အမှောင်ရိပ်ထဲသို့ လက်ညှိုးထိုးပြလေသည်။ ပထမတော့ ဘာမှမမြင်ရပေ. . ။

နောက်တော့ တဖြည်းဖြည်းနှင့် အမှောင်ရိပ်ထဲမှာ ပုံရိပ်တစ်ခုပေါ်လာသည်။

အသက်(၃၀)ဝန်းကျင်ခန့်ရှိသော လူရွယ်တစ်ဦးပင်ဖြစ်သည်။ ခန့်ညားတည်ငြိမ်သော ဥပတိရုပ်ရှိသူတစ်ဦးပင်ဖြစ်သည်။ အမှောင်ရိပ်ထဲမှာပေါ်နေသောပုံရိပ်က နီမောင်ကို စူးစူးစိုက်စိုက်လှမ်းကြည့်နေသည်။

နောက်တော့ တဖြည်းဖြည်းနှင့် ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

"နင်သူ့ကိုတွေ့အောင်ရှာပြီး ငါပြောတာတွေကို ပြောပြပေးပါ၊ ဒီအတွက် နင် ကောင်းကျိုးချမ်းသာတွေ အများကြီးရလိမ့်မယ်. ."

"ဒါထက် သူနဲ့တွေ့တဲ့အခါ ခင်ဗျားနာမည်ကို ဘယ်လိုပြောပြရမလဲ"

"ငါ့နာမည် အနာရ်ကာလီလို့ ခေါ်တယ်၊ သူနဲ့ တွေ့တဲ့

www.burmeseclassic.com



အခါမှာလည်း ဒီနာမည်ကိုပဲ ပြောပြပေးပါ၊ တဖြည်းဖြည်းနဲ့တော့ သူသတိရလာပါလိမ့်မယ်"

ဟုပြောဆိုမှာကြားကာ နှင်းတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

သူမထွက်သွားသည်နှင့် မကောင်းဆိုးဝါးများလည်း မတွေ့ရတော့ပေ...။

ထိုအခါမှ အိမ်အတွင်းသို့ ပြန်ဝင်လာပြီး စောသီးနှင့် ငမဲအောင်တို့ကို အကျိုးအကြောင်း ပြောပြလိုက်လေသည်။





## အခန်း [ ၈ ]

# တောကြီးမာယာ ဝက်ပါ

နောက်ထပ်ရက်အနည်းငယ်ကြာတော့ နီမောင်တို့ သုံးယောက်မှာ ဟိမဝန္တာဘက်သို့ ခရီးထွက်ကြရန် ပြင်ဆင်ကြလေသည်။

သီဟာဒီပတို့ ခေါ်သောနေရာသို့ မလိုက်နိုင်တော့သည့်အကြောင်းကိုလည်း အကြောင်းပြန်လိုက်ကြသည်။

သီဟာဒီပတို့ကတော့ ထိုသို့ပျက်သွားသည်ကို မကျေနပ်ဖြစ်နေကြသည်။

www.burmeseclassic.com



သို့သော်လည်း စရံငွေပေးထားခြင်းမရှိသဖြင့် ဘာ
ပြောဆိုနိုင်ခြင်းတော့ မရှိကြပေ။

နီမောင်တို့ မလိုက်သောအခါမှာတော့ အခြားလမ်း
ပေးနိုင်သူတို့ကို ရှာဖွေခေါ်ယူကာ ၄င်းတို့အစီအစဉ်ဖြင့် သွား
ကြရန် စီစဉ်ကြလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကတော့
ခါတိုင်းခရီးထွက်သကဲ့သို့ပင် ခရီးထွက်ရာတွင် ယူဆောင်သွား
သော လက်နက်ကိရိယာ၊ ရိက္ခာများထည့်ပြီးနောက် ဟိမဝန္တာ
သို့ ဦးတည်ပြီး ခရီးသွားကြလေသည်။

တကယ်တော့ သူတို့သုံးယောက်မှာ ထိုခရီးလမ်း
မကြာခဏဆိုသလို သွားလာနေကျဖြစ်သည်။

ဟိမဝန္တာတောင်တန်းကြီးမှာ မိုင်ပေါင်း(၁၅၀၀)ခန့်
လျားပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်ထွတ်များလည်း ရှိ
လေသည်။

အစဉ်သဖြင့် ဆီးနှင်းများ ဖုံးနေသော ထိုတောင်
များပေါ်တွင် မည်သည့်အရာဝတ္ထုများ ရှိနေသည်ကိုပင် မ
နိုင်ကြပေ။

ကျောက်တောင်ကြီးများရှိသော နေရာများတွင် န
ရှိုင်းသော ချောက်ကမ်းပါးကြီးများနှင့် လူသူအရောက်အပေါ
နည်းသော ဂူပေါက်ကြီးများလည်းရှိကြသည်။

ဟိမဝန္တာသည် မြင့်မားသော တောင်မြင့်ကြီးများ
သလို နက်ရှိုင်းလှသော တောနက်ကြီးများလည်း ရှိပေ





သည်။ ထိုတောနက်ကြီးများအတွင်းမှာတော့ ဂမုန်းပေါင်းများစွာ
နှင့် ဆေးပင်တို့ပေါ်များလှသလို သားရဲတိရစ္ဆာန်တို့ ပျော်မွေ့ရာ
နေရာတစ်ခုလည်းဖြစ်ပေသည်။

ထို့ပြင် ဟိမဝန္တာတောင်တန်းပေါ်တွင် သာမန်လူတို့
ရောက်နိုင်၊ မတွေ့နိုင်သော နေရာများလည်း ရှိပေသေးသည်။

ဥပမာ. . . ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်တို့ရှိသော
အနောရဓတ္တရေအိုင်အနီးမှ သီလာသကျောက်ဖျာရှိသော နေရာ
၊ ဂန္ဓမာဒနတောင်လို နေရာမျိုး၊ ဝိဇ္ဇာတို့ပျော်စံရာ သူယော
ဘာရှိသောနေရာမျိုး. . . စသော ဝိဇ္ဇာဇော်ဂျီ၊ တပသီ၊ နတ်
ဒေဝတာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ သူတော်စင်များနှင့် သက်
ဆိုင်သော နေရာများကိုတော့ သာမန်ရှာဖွေသူတို့ တွေ့လည်း
တွေ့နိုင်၊ ရောက်လည်း မရောက်နိုင်ကြပေ။

သာမန်လူတို့ရောက်နိုင်၊ တွေ့နိုင်သည့် နေရာများက
တော့ သာမန်နေရာများသာ ဖြစ်သည်။

သာမန်တောနက်ကြီးများထဲတွင် လူကို အန္တရာယ်ပေး
တတ်သော ကျား၊ ဆင်၊ ကျားသစ်၊ ဝက်ဝံ၊ မျောက်ဝံတို့မှစပြီး
လူစသည်တို့ပင် ရှိကြလေသည်။

ထို့ထက်ပိုပြီး ကြောက်စရာကောင်းသော အချက်က
တော့ ပရလောကသားတို့ နှောင့်ယှက်ဖျက်ဆီးသော အန္တရာယ်
ကောင် ဖြစ်၏။

ဟိမဝန္တာတောင်တကြောမှာရှိသော တောထဲ၌သော်
လည်းကောင်း၊ တောင်ပေါ်၌သော်လည်းကောင်း အကြောင်း

www.burmeseclassic.com



အမျိုးမျိုးကြောင့် သေဆုံးသွားသောသူပေါင်းများစွာတို့ ရှိခဲ့ကြသည်။

ရာပေါင်းများစွာ သေဆုံးသွားခဲ့ကြသောသူတို့၏ ဝိညာဉ်တို့မှ မကျွတ်မလွတ်သောဘဝဖြင့် တောထဲမှာ ရှိနေကြသည်။ ၎င်းတို့နှင့် ကြုံတွေ့ရပါကလည်း အန္တရာယ်ဖြစ်စေနိုင်သည်။

တောထဲဝင်လျှင် တောအကြောင်းကို သိရသည်။ တောင်ပေါ်တက်လျှင် တောင်၏အကြောင်းကို နားလည်ရသည်။ တောတောင်မာယာနှင့် လျှို့ဝှက်ချက်များကို မသိနားလည်ဘဲ တောထဲဝင်၊ တောင်ပေါ်တက်ပါက အသက်သေဆုံးခြင်း တစ်ပါး အခြားမရှိနိုင်တော့ပါချေ။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ တောနက်ထဲသို့ ရောက်လာကြသည်။

သူတို့သုံးယောက် ဦးတည်သွားနေသော နေရာက ရှမ်းဗဲလား မဟာဂန္ဓာရီတက္ကသိုလ်ရှိသော နေရာဘက်သို့ ဖြစ်သည်။

ရှမ်းဗဲလား ကျောင်းတော်ကြီးရှိမှန်း သိကြသော်လည်း ရောက်ဖူး၊ တွေ့ဖူးခြင်းတော့ မရှိကြသေးပေ။

"ငါတို့နှစ်ယောက်ကတော့ မင်းပြောလို့သာ လိုက်လာခဲ့ရတယ် ဟိုရောက်ရင်တောင်မှ ဟိုဘက်ကမ်းကို ကူးလို့ရမယ် မထင်ဘူး"

ဟု ငမဲအောင်က ပြောသည်။





ထိုအခါ စောထီးက. . .

"ဒီတော့လည်း အဲဒီနေရာတစ်ဝိုက်မှာရှိတဲ့ ဆေးပင်တွေ ရှာဖွေပြီးတော့ ပြန်ရုံပေါ့၊ ငါးမရ ရေချိုးပြန်တဲ့ သဘောမျိုးပေါ့"

ဟုဝင်ပြောရာ နီမောင်ကတော့ သဘောကျသဖြင့် ရယ်နေလေသည်။

"မင်းတို့နှစ်ယောက်ကို ငါပြောမယ်၊ ဝိညာဉ်လောကသားတွေနဲ့ ဆက်ဆံတဲ့နေရာမှာ အတော်သတိထားရတာတွေ ရှိတယ်"

"ဘာတွေလဲ. . ."

"သူတို့က လူတွေလို ပရိယာယ်မများကြဘူး၊ ကတိပေးရင် ပေးတဲ့အတိုင်း လုပ်ရတယ်၊ ပြောထားရင် ပြောတဲ့အတိုင်း လုပ်ရတယ်၊ ကိုယ်ဘက်ကလုပ်ပေးစရာရှိရင်လည်း လုပ်ပေး၊ သူတို့ဘက်က လုပ်ပေးရမှာဆိုရင်လည်း လုပ်ပေးကြတယ်"

"မပေးရင်ကော. ."

"မပေးရင် သူတို့လောကအခေါ် စည်းဖောက်တာပဲ"

"လူတွေဝေါဟာရနဲ့ ပြောမယ်ဆိုရင်တော့ သစ္စာပျက်တာပေါ့၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် အနာဂါကာရ်လီဆိုတဲ့ အမျိုးသမီးကို ကတိပေးထားတဲ့အတိုင်း ကိုယ်တတ်နိုင်သလောက်တော့ လုပ်ပေးရမယ်. ."

ထိုအခါမှာတော့ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်လုံးမှာ ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပေ။

www.burmeseclassic.com



သုံးယောက်သား စကားတပြောပြောနှင့် လာကြရာ ညနေပိုင်းအချိန်ရောက်တော့ တောနက်ကြီးအတွင်းမှာရှိသော တောင်ကြားတစ်နေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာသည် သူတို့သုံးယောက် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသောနေရာဖြစ်သည်။

သုံးယောက်သား ချောင်းရှိသော တောင်ကြားအတွင်းသို့ ဆင်းလာကြသည်။

အဆင်းလမ်းဖြစ်သော်လည်း မတ်စောက်သည်ကတစ်ကြောင်း၊ ကျောက်တုံးကျောက်ခဲများက ရေညှိများနှင့် ချော်နေသည်ကတစ်ကြောင်းကြောင့် သတိထားပြီး ဆင်းကြရလေသည်။

အောက်သို့ရောက်သည်နှင့် ချောင်းရှိသော ကမ်းစပ်သို့ ရောက်သွားကြလေတော့သည်။

ကျောက်တောင်နှစ်ခုကြား ရောက်နေသည်ကတစ်ကြောင်း၊ အပေါ်မှ သစ်ပင်၊ သစ်တောများက အုပ်မိုးနေသည်ကတစ်ကြောင်းကြောင့် အောက်ခြေတစ်ဝိုက်မှာ မှောင်နေလေသည်။

ချောင်းက အတော်ကျယ်သည်။ တောင်ကျရေများ ဆင်းသောနေရာ ဖြစ်သဖြင့်လည်း ရေစူးကနက်သည်။

ကျောက်တောင်နှစ်လုံးကြားမှ ရေတံခွန်ကဲ့သို့ တောင်ကျရေများ ဆင်းနေသောကြောင့် ရေစီးက ဝဲလုံးထိုး ကြမ်းနေလေသည်။ တစ်ဘက်ကမ်းနှင့် တစ်ဘက်ကမ်း ကူးဖို့မလွယ်လှပေ။





ထိုအချိန်တွင် ဟိမဝန္တာတော်တစ်နေရာတွင် မိုးရွာသဖြင့် နှင်းခဲများ အရည်ပျော်ပြီး တောင်ကျရေများ ဆင်းနေဟန်တူသည်။

သုံးယောက်သား ကမ်းစပ်အတိုင်း လျှောက်လာစဉ် တစ်နေရာမှ ဝမ်းခေါင်းသံကြီးနှင့် ကျယ်ကျယ်လောင်လောင် အော်လိုက်သော အသံမျိုးကြီး ကြားလိုက်ကြရသည်။

အော်သံကြားရသောဘက်က ချောင်းဖျားဘက်စီမှ ဖြစ်သည်။

"ဘာကောင် အော်သံလဲ"

"အသံကတော့ မျောက်ဝံတွေ လူဝံတွေ အော်သံလို့ ထင်တယ်၊ အသံကတော့ တစ်ခုခုဖြစ်နေပုံပဲ"

"ဒီနေရာက တောနက်တော့ သတိဝီရိယတော့ ထားကြဦးပဲ"

ဟု အချင်းချင်းပြောဆိုနေစဉ် နောက်ထပ် အော်သံကြီး ထပ်ကြားရပြန်သည်။

"ဘူး..ဟူး..ဝူး.."

ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သည့် အသံမျိုးဖြစ်သည်။ ချောင်းက တဖြောင့်တန်း ဖြစ်နေသောကြောင့် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ ဝဲတောထဲမှ ပြေးလာသော သတ္တဝါကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ရသည်။

သတ္တဝါကြီး ကမ်းစပ်မှ ပြေးလာခြင်းဖြစ်ရာ ဝဲတော

www.burmeseclassic.com



များနှင့် ကွယ်သွားလိုက် ပြန်မြင်ရလိုက်နှင့် ဖြစ်နေသည်။

"လူဝံလား၊ မျောက်ဝံလားတော့မသိဘူး၊ ဟိုဘက်က
ကနေ ငါတို့ဘက်ကို ပြေးလာနေတယ်"

ဟုပြောသဖြင့် ကျန်နှစ်ယောက်ကပါ ဆင်းကြည့်
သည်။ အူရင့်အူတန်ဟုခေါ်သော တောလူကြီးတစ်ကောင် တ
ကြမ်း ပြေးလာနေသည်ကို လှမ်းမြင်ရသည်။

တောလူကြီးရှိသောနေရာမှာ ချောင်းတစ်ဘက်ကမ်း
ဖြစ်သဖြင့် စိုးရိမ်စရာတော့မရှိပေ။

တောလူကြီးမှာ ချောင်းထဲသို့ ခုန်ဆင်းတော့မလိုလု
လိုက် ပြန်တက်သွားလိုက်၊ နောက်မှ ပြေးလိုက်လာလိုက်
အလုပ်ရှုပ်နေလေသည်။

နီမောင်တို့သုံးယောက် ကမ်းစပ်မှာ ရပ်နေသည်ကို
မြင်ဟန်မတူပေ. . .။

သစ်ပင်ဝါးပင်များ မရှိသောနေရာတွင် ချောင်းစပ်
ပြေးလိုက်လာပြီး၊ သစ်ပင်နှင့် ဝါးတောများရှိသောနေရာရော
လျှင် တောထဲမှာ တရကြမ်းပြေးလိုက်လာရာ သစ်ပင်ဝါး ပင်
ကျိုးကြေသံများကိုပင် ကြားလာရသည်။

တောလူကြီးမှာ သူတို့ကိုဂရုမစိုက်ဘဲ ချောင်းထဲ
ကြည့်ကာ အသံနက်ကြီးဖြင့် အော်ဟစ်ရင်း လိုက်လာသည်

ငှင်းအော်သံနှင့်အတူ. . နီမောင်တို့ရောက်နေသော
ဘက်ကမ်းမှလည်း ထိုအော်သံမျိုး ကြားရလေသည်။

နီမောင်က ချောင်းထဲသို့ လှမ်းကြည့်လိုက်သောအ





ချောင်းရေနှင့်အတူ သတ္တဝါကြီးတစ်ကောင် မျောပါလာသည်
ကို မသဲမကွဲလှမ်းမြင်ရသည်။

ချောင်းရေထဲမှာ ပေါ်လိုက်မြုပ်လိုက် ဖြစ်လာသော်
လည်း သတ္တဝါတစ်ကောင်ဖြစ်မှန်းတော့သိသည်။

"တောလူတစ်ကောင် ရေထဲမျောပါလာပုံပဲ"

"ဘယ်လိုလုပ်မလဲ"

"ရလိုရငြားပေါ့၊ ကယ်ကြည့်ရအောင်"

"ရေစီးက ဒီလောက်ကြမ်းနေတာ မင်းပါ ပါသွားလိမ့်
မယ်"

နီမောင်က ကမ်းစပ်မှာရှိသော အရွယ်တော်ဝါးပိုးဝါး
တစ်ပင်ကို ဓားဖြင့်အလျင်အမြန် ဝင်ခုတ်လေသည်။

စောထီးနှင့် ငမဲအောင်က ဝါးပင်လဲကျမသွားစေရန်
ထိန်းပေးထားသည်။

သုံးပုံနှစ်ပုံရောက်တော့ ဝါးပင်ကလဲတော့မလို ဖြစ်လာ
သည်။ ရေထဲမျောလာသောသတ္တဝါ မနီးမဝေးရောက်သည်နှင့်
ဝါးပင်ကို ရေထဲလှဲချလိုက်သည်။

အချိန်ကိုက်ပင်ဖြစ်သည်။

ဝါးပင်ရေထဲအကျတွင် ရေစီးနှင့်မျောလာသော တော
လူက အနားရောက်လာသည်။

ဝါးပင်ကိုမြင်တော့ လက်ဖြင့်လှမ်းဆွဲသည်။

ပထမလွတ်ထွက်သွားသေးသည်။

နောက်တစ်ချက်ဆွဲတော့မှ မိမိရရ ဆုပ်မိသွားသည်။

www.burmeseclassic.com



ဝါးပင်က အခြေမပြတ်သေးသဖြင့် တန်းလန်းကြီးဖြစ်နေသော ကြောင့်သာ တော်တော့သည်။

ဒီရေစီးအားနှင့် လူသုံးယောက်ဝိုင်းဆွဲထားလျှင်လည်း နိုင်မည်မဟုတ်ပေ။

တောလူအလေးချိန်ကြောင့်ကမ်းစပ်သို့ ရောက်လာသည်။ အနားသွားကြည့်တော့ တောလူပေါက်စတစ်ကောင် ဖြစ်နေသည်ကို တွေ့ရသဖြင့် ကမ်းပေါ်ရောက်အောင် ဆွဲတင်ပေးလိုက်ကြသည်။

ထိုအချိန်မှာပင် တစ်ဖက်ကမ်းမှ လိုက်လာသော တောလူအမကြီး ကမ်းစပ်ရောက်လာသည်။

သူ့သားကမ်းပေါ်ရောက်နေသည်ကို လှမ်းမြင်ရသည်နှင့် အော်သံရပ်သွားကာ မျက်လုံးပြူးကြီးနှင့် လှမ်းကြည့်နေလေသည်။

ထိုအနိုက်မှာပင် ဝါးတောထဲမှ တိုးထွက်လာသော အသံကြားသဖြင့် လှမ်းကြည့်လိုက်ရာ ကြီးမားသော တောလူအထီးကြီး ထွက်လာသည်။

နီမောင်တို့ကိုမြင်တော့ ရန်မူရန် တရကြမ်း ဆင်းလာလေသည်။

သူတို့မှာပါသော လက်နက်လောက်နှင့်တော့ ထိုမျှလောက်ကြီးမားသော တောလူကြီးကို ဘယ်လိုမှ တားဆီး၍ရနိုင်တော့မည်မဟုတ်ပေ။

မတတ်သာလျှင်တော့ ချောင်းထဲခုန်ဆင်းပြေးရုံမှတစ်





း အခြားမရှိတော့ပေ. . . . ။

ရန်မူရန်ထွက်လာသော တောလူကြီး မနီးမဝေး ရောက်လာသည်နှင့် တစ်ဘက်ကမ်းမှာရပ်နေသော တောလူမကြီးက ူးဝါးဝါး တစ်ချက်အော်လိုက်ရာ တောလူကြီးမှ ခြေလှမ်းတုံ့သွားလေသည်။

နီမောင်တို့သုံးယောက်ကို တစ်လှည့်၊ တောလူပေါက်စလေးကိုတစ်လှည့် မျက်လုံးပြူးကြီးဖြင့် ကြည့်နေသည်။

ဒေါသထွက်နေသဖြင့် နှာခေါင်းပေါက်မှ တရှူးရှူးနှင့်ထွက်သံများလည်း လျော့သွားလေသည်။

နီမောင်တို့သုံးယောက်မှာလည်း တစ်ချက်ကလေးမှ လှုပ်ဝံ့ဘဲ ငြိမ်နေကြရလေသည်။

အတော်ကြာတော့ တောလူကြီး ဟန်အမူအယာမှာ သူတို့သုံးယောက်ကို ရန်မူလိုသော အမူအယာမျိုး မတွေ့ရတော့ဘဲ သူ့သို့တစ်လှမ်းချင်း လျှောက်လာပြီး တောလူပေါက်ကလေးကို ချီယူပြီး တောထဲသို့ ဝင်သွားလေတော့သည်။

ထိုအခါမှပင် တစ်ဘက်ကမ်း၌ ရပ်နေသော တောလူမကြီးလည်း စိတ်ချလက်ချဖြစ်သွားသော အမူအယာဖြင့် တောတွင်းသို့ ဝင်သွားလေတော့သည်။

နီမောင်တို့သုံးယောက်လည်း ထိုအခါမှပင် အသီးသီး သက်ပြင်းချနိုင်ကြပေတော့သည်။

“တော်ပါသေးရဲ့ကွာ၊ ငါတော့ တောလူကြီးရောက်လာတော့ ဒီတစ်ခါတော့ သုံးယောက်စလုံး သေပြီမှတ်နေတာ. .”

www.burmeseclassic.com



စောထီးကပြောသည်။

"မသေပါဘူး၊ ငါတို့က သူတို့ကို ရန်မူတာမှ မဟုတ်တာ၊ သူတို့အတွက် အကူအညီပေးနေတာပဲ၊ လူပဲဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး မေတ္တာမပျက်ရင် အန္တရာယ်မရှိနိုင်ပါဘူး"

"ဒါထက် စောစောက တွေ့လိုက်တာ မျောက်ဝံလည်း မဟုတ်၊ လူဝံလည်းမဟုတ် ဘာကောင်လဲ"

"ငါတို့ဆီမှာတော့ တောလူလို့ခေါ်တဲ့ လူတစ်ပိုင်း မျောက်တစ်ပိုင်း သတ္တဝါမျိုးပေါ့၊ ဒီတောလူတွေက လူတွေလိုပဲ အသိဉာဏ်ရှိတယ်၊ အမှတ်သညာလည်း ကောင်းတယ်"

ထို့နောက် သုံးယောက်သား နေမဝင်ခင် စခန်းချရန် အတွက် ဂူပေါက်တစ်ခုကို ရှာဖွေပြီး မီးဖိုရန် ပြင်ဆင်ကြလေတော့သည်။ တောထဲမှာတော့ အလင်းရောင်ပျောက်စပြုနေပြီ. . ။





## အခန်း [ ၉ ]

# ကြိုးတံတားပေါ်မှ ကာယ်တင်ရှင်

ညအချိန်ရောက်သောအခါ တစ်ယောက်ကစောင့်ပြီး နှစ်ယောက်ကအိပ်သည်။

နီမောင်အိပ်ပျော်သွားသောအချိန်မှာတော့ အိပ်မက် မက်နေသလိုလိုနှင့် သူမမြင်ဖူးသေးသော လူတစ်ယောက်နှင့် တွေ့ရလေသည်။ ၎င်းတွေ့သောသူမှာ အခြားသူမဟုတ်ပေ။ ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်သည်။

"ငါ့နာမည်က ဒေါက်တာမင်းထင်ကျော်ပဲ၊ ငါက ဗမာ

www.burmeseclassic.com



ပြည်ကလာတဲ့ ဗမာလူမျိုးတစ်ယောက်ပဲ၊ မဟာဂန္ဓာရီကျောင်းတော်ကြီးမှာ ပညာသင်ကြားနေတယ်"

မြန်မာပြည်သား ဗမာတစ်ယောက်နှင့် တွေ့ရသဖြင့် စိတ်ထဲ၌ ဝမ်းသာသွားလေသည်

"ကျွန်တော်နာမည်က နီမောင်လို့ခေါ်ပါတယ်၊ ဆရာကို တစ်နေရာမှာ တွေ့ဖူးတယ်လို့ထင်တာပဲ"

"မင်းကို တစ်ယောက်ယောက်က ငါရဲ့ပုံကို ပြပေးလိုက်တာဖြစ်မှာပေါ့. . "

ထိုသို့ပြောတော့မှ ပြန်လည်မှတ်မိသွားလေသည်။ ခရီးမထွက်ခင် အနာဂ်ကာရီနှင့်တွေ့ရစဉ်က အမှောင်ရိပ်ထဲမှာ သူပြပေးခဲ့သော ပုံရိပ်မှာ ဒေါက်တာမင်းထင်ကျော်၏ပုံနှင့် များစွာတူလေသည်။

ယခုတော့လည်း ထိုပုံရိပ်ကိုပင်. . ပုံရိပ်အဖြစ်နှင့်ပင် ထပ်မံတွေ့နေရပြန်၏။

"ဆရာနဲ့ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့ခရီးထွက်လာတာ ဆရာနဲ့တွေ့ဖို့အတွက်ပါပဲ၊ ဒါထက် မေးပါရစေဦး၊ ကျွန်တော်တို့ အခုလိုလာကြတာ ဘယ်လိုအကြောင်းရှိလို့လည်းဆိုတာ သိသလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြသည်။

"ကျွန်တော် ဆရာနဲ့တွေ့တဲ့အခါမှာ ပြောပြပါ့မယ် ဒါထက် ကျောင်းတော်ကြီးရှိတဲ့ဘက်ကို ကျွန်တော်တို့ လာလို့ရနိုင်ပါ့မလား"





"ကြိုးစားပြီးလာရင် ရနိုင်ပါတယ်"

"ဒီလိုဖြင့် ရောက်အောင်လာခဲ့ပါ့မယ်၊ ဆရာစောင့်နေပါ"

ဟုပြောတော့ ခေါင်းညိတ်ပြပြီး ပြန်ပျောက်သွားလေတော့သည်။

နီမောင်လည်း အိပ်ပျော်ရာမှ ပြန်နိုးလာလေသည်။ အချိန်က နံနက်ပိုင်းအချိန်ပင် ရောက်နေချေပြီ။ သူ့စိတ်ထဲမှာတော့ ဒေါက်တာမင်းထင်ကျော် ပုံရိပ်များကို သတိရနေလေသည်။

"ငါတို့လာတာကို သူသိနေလို့များ အိပ်မက်ထဲမှာ လာတွေ့တာလား မပြောတတ်ဘူး"

ဟုလည်း တွေးမိလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ ပါလာသော အစားအသောက်များကို ဝမ်းပြည့်အောင် စားသောက်ပြီး ထိုနေရာမှ ခရီးထွက်လာကြလေသည်။

တောလမ်းခရီး၊ တောင်တက်လမ်းခရီးများကို နေ့တစ်ဝက်လောက် ဖြတ်သွားကြရပြီး မွန်းလွဲပိုင်းအချိန်ရောက်သောအခါ တောင်ထိပ်ကိုပင် မမြင်ရသော ကျောက်တောင်မြင့်ကြီးရှိသောနေရာသို့ ရောက်သွားကြလေသည်။

"ငါတို့ ဒီကျောက်တောင်ထိပ်ကို ရောက်အောင် တက်ကြရမယ်၊ တောင်ထိပ်ပေါ်ရောက်ရင်တော့ ရှမ်ဗဲလား ကျောင်းတော်ကြီးကို မြင်ရလိမ့်မယ်"

www.burmeseclassic.com



"မင်းရောက်ဖူးသလား"

"တစ်ခေါက်တော့ တက်ဖူးတယ်၊ တောင်ပေါ်တက်တဲ့ လမ်းဟောင်းတွေလည်းရှိတယ်"

"ဘယ်သူတွေ အသုံးပြုခဲ့တာလဲ ၊ မုဆိုးတွေနဲ့ တောင် တက်သမားတွေကတော့ ဒီနေရာတွေအထိ လာကြမယ် မထင် ဘူး"

"ဒီလမ်းတွေကို အသုံးပြုတာက မုဆိုးတွေမဟုတ်ပါ ဘူး၊ ရှမ်ဗဲလားကျောင်းတော်ကြီးကို သွားတဲ့သူတွေပဲ အသုံးပြု ကြတာပါ"

ဟုပြောဆိုကာ လမ်းဟောင်းများရှိသော နေရာများ ဘက်မှ တောင်ပေါ်သို့ တက်ကြလေသည်။

တောင်တက်လမ်းခရီးဖြစ်သောကြောင့် ဖြေးဖြေးမှန်မှန် နှင့်ပင် တက်ကြရသည်။

ခရီးတစ်ထောက်တွင် သစ်တော၊ ဝါးတောများအတွင်း မှ ဖြတ်တက်ကြရသည်လည်းရှိသည်။

ထင်းရှူးပင်တောများအတွင်းမှ ဖြတ်သွားရသည်လည် ရှိသည်။ ဝါးတောကြီးများမှာ ကောင်းလှသည်။

လူသူအရောက်အပေါက်နည်းပြီး တကူးတက ခုတ် သုံးစွဲသူများမရှိသဖြင့် ကောင်းချင်းတိုင်း ကောင်းနေပေရာ အ ချို့နေရာများဆိုလျှင် လူတစ်ယောက်သွားရန်ပင် မလွယ်ကူ ပေ. . .။

ထိုတောများအတွင်းရောက်တော့ တောင်ပေါ်





ကျက်စားလေ့ရှိသော တိရစ္ဆာန်အချို့နှင့်တွေ့သော်လည်း ရန်မမူ ကြပဲရှိလေသည်။

တိရစ္ဆာန်များကလည်း ၎င်းတို့ကို သတ်ဖြတ်ရန်မူမည့် သူများ မဟုတ်မှန်းသိကြဟန်ဖြင့် စားမြဲတိုင်းစားသောက်ကာ အေးအေးဆေးဆေးနှင့်ပင် ရှိနေကြလေသည်။ လူတွေ့လျှင် သဲကြီးမဲကြီး ရန်မူလေ့ရှိကြသည့် ဝက်ဝံကြီးများကပင် ရန်မမူ ကြပေ. . .။

ရှမ်ဗဲလားကျောင်းတော်ကြီးနှင့်နီးပြီ၊ သူတော်ကောင်း များ၏ မေတ္တာဓာတ်များ လွှမ်းခြုံနေသော နေရာဖြစ်သော ကြောင့်လား မပြောတတ်ပေ၊ မည်သည့်တိရစ္ဆာန်ကမှ အန္တရာယ် မပေးကြပေ. . ။

'လမ်းတစ်လျှောက်မှာရှိသည့် သစ်တောများအတွင်းမှ ဖြတ်သွားကြသောအခါမှာလည်း မျောက်၊ မျောက်ဝံနှင့် တောလူ များ အော်သံကိုကြားကြရသည်။

တောလူများသည် ထိုတောင်ပေါ်၌ ကျက်စားနေထိုင် ကြဟန်ရှိလေသည်။

တောလူများ အော်သံကြားရတော့ တောင်ကျရေများ မှာ ၎င်းတို့ကယ်ပေးသော တောလူကလေးကိုပင် သတိရမိ ကြသေးသည်။

ကမ္ဘာပေါ်ရှိ တောနက်ကြီးများနှင့် တောင်မြင့်ကြီးများ ပေါ်၌ နေထိုင်ကျက်စားနေသော မျောက်ဝံအမျိုးအနွယ်ပေါင်း မြောက်များစွာရှိကြလေသည်။

www.burmeseclassic.com



မျောက်ဝံ၊ လူဝံနှင့် တောလူတို့မှာ မျောက်အမျိုးအနွယ်ဝင်များပင်ဖြစ်ကြလေသည်။

မျောက်လွှဲကျော်၊ မျောက်စောင်းမ၊ မျောက်ဖင်နီ… ကဏန်းနှိုက်မျောက်စသည်တို့မှာ သာမန်အရွယ်အစားလော… သာရှိကြသည်။

ထိုအထဲမှာပင် မျောက်လွှဲကျော်များကတော့ အကော… အရွယ်အစား ပိုမိုကြီးမားကြသည်။

အချို့မျောက်များမှာ အနီရောင်ဖြစ်ကြသည်။

အဆိုပါအနီရောင်မျောက်ကြီးများနှင့် ပတ်သက်… “မျောက်ကမ္ဘာ” (The Ape World)စာအုပ်၊ “အာရှတလွှာ… တိရစ္ဆာန်ရိုင်းများ” (Asian Wild Animals) စာအုပ်နှင့် “မလေး… ဘွန်ကို လူတစ်ပိုင်းသတ္တဝါများ” (Half - Human of Malay … Bornge) စာအုပ်များကို လေ့လာကြည့်သောအခါ ကမ္ဘာပေါ်… လူဝံသုံးမျိုးရှိကြောင်း တွေ့ရှိရသည်။

ပထမအကြီးစား လူဝံမျိုးသည် အာဖရိကတိုက်ရှိ … (လ)ဂျိယံကွန်ဂိုနယ်၌ရှိသော ဂေါ်ရီလာလူဝံကြီး (Gorilla…) … သည်။

ဒုတိယ လူဝံမျိုးမှာ အာရှတိုက်ရှိ မလေးနိုင်ငံ … ဘော်နီယိုနှင့် ယိုးဒယား(ထိုင်း)၊ မြန်မာပြည်တို့၌ နေထိုင်… သော မလေးဘာသာစကားအရ အူရင်အူတန်(Oran Outa…) ခေါ်ပြီး မြန်မာစကားအရ “တောလူ”ဟုခေါ်သော အာ… ကြီးမျိုးဖြစ်သည်။



တတိယ လူဝံမျိုးမှာ ချန်ပန်ဇီ(Chimt Panzee)ခေါ် …အာဖရိကတိုက်ကားထဲ၌ ပါရှိနေသော လူဝံအငယ်စားမျိုးဖြစ်လေသည်။

အူရင်အူတန်(Oran Outang) (ခေါ်) တောလူအမည်ခံ လူဝံသည် အားခွန်ဗလ လွန်စွာကြီးမားသလောက် လူကဲ့သို့ သိဉာဏ်ရှိခြင်း၊ သွေးရင်းသားရင်းကို သံယောဇဉ်ကြီးခြင်း၊ …ဆက်ခြင်း၊ သတ္တိရှိခြင်း စသည့် လူနှင့်များစွာတူသော အချက်အလက်များရှိနေခြင်းကြောင့် မလေးလူမျိုးများက ၎င်းတို့၏ ဘာသာစကားဖြင့် အူရင်အူတန်(တောလူ)ဟု ခေါ်ဝေါ်အမည်ပေးထားခြင်းဖြစ်သည်။

တောလူတို့သည် အကောင်အရွယ်အစားကြီးမား သလောက် မှတ်ဉာဏ်လည်းကောင်းသည်။

၎င်းတို့၏ ဒဏ်ရာအနာတရ ဖြစ်အောင်ပြုခဲ့လျှင်သော်လည်းကောင်း၊ သို့မဟုတ် မိသားစုဝင်တို့ကို သေကြေပျက်စီးအောင် ပြုလုပ်မိလျှင်သော်လည်းကောင်း. . .

ထိုသူတို့အား ရေဆုံးရေဖျား လိုက်လံရှာဖွေကာ ကလဲ့စားချေလေ့ရှိသည်။

မဖြစ်ဖြစ်တဲ့နည်းနှင့် လိုက်လံသတ်ဖြတ်လေ့ရှိကြသည်။

ထိုကဲ့သို့ပင်. . ၎င်းက ချစ်ခင်သံယောဇဉ်ထားမိလျှင် …လည်း ကူညီစောင့်ရှောက်မှုများ ပေးတတ်ကြသည်။

တောထဲတွင် လူနှင့်တွေ့သော်လည်း ၎င်းတို့အား ရန် …ပါက ၎င်းတို့ကလည်း ရန်မူလေ့မရှိပေ၊ အေးအေးဆေးဆေး

www.burmeseclassic.com



ပင် နေလေ့ရှိကြသည်။

ငှင်းတို့ကို ရန်မူမှသာ ကြောက်စရာကောင်းလော
အောင် ပြန်လည်တုံ့ပြန်လေ့ရှိကြသည်။

တောနက်ကြီးများထဲတွင် တောလူကဲ့သို့ ကြောက်စ
ကောင်းသော မျောက်ဝံကြီးမျိုးလည်းရှိသေးသည်။

မီဆီရီ(Misere) ဟုခေါ်သော မျောက်ဝံကြီးများပင် ဖြ
ပေသည်။ ၎င်းတို့သည် “အေ့(ဂ)”(Ape) ခေါ် မျောက်ဝံမျိုးဖြစ်
သည်။

၎င်းမျောက်ဝံကြီးများမှာလည်း လူ့စရိုက်နှင့် အ
ပင်နီးစပ်၍ လူတစ်ယောက်ကဲ့သို့ အသိဉာဏ်ရှိကြသည်။

မျောက်စကားသံမျိုးနှင့်ပင် အချင်းချင်း ပြောဆို
ရှိကြသည်။ လမ်းသွားသည့်အခါ ခြေထောက်နှင့်သွားလာ
ရှိပြီး သန်မာသောလက်နှစ်ဘက်က တိုက်ခိုက်သတ်ပုတ်
အသုံးပြုကြလေသည်။

တစ်ခါတစ်ရံလည်း ခြေရောလက်ပါ အသုံးပြုလ
လေးဖက်ထောက်ကာ သွားလာကြသည်။

မတ်တပ်ရပ်လျှက် လမ်းလျှောက်သောအခါ လူမျ
သို့ လက်ကိုဘယ်ညာလွှဲ၍မသွားပေ။

လက်နှစ်ဖက်ကို ရင်ညွှန့်နေရာ၌ မြှောက်ကပ်
သွားလာကြသည်။

သို့ကြောင့် အဝေးမှကြည့်သောအခါ လူလော၊ မျေ
ဝံလော ခန့်မှန်းရန် ခက်လှသည်။





ထိုမျောက်ဝံကြီးများမှာလည်း တောလူများကဲ့သို့ ၎င်းတို့
သာအေးအေးနေကြသော်လည်း သူတို့အား ထိခိုက်နာကျင်
အောင်ပြုလုပ်ပါက ကာလဲ့စားချေသည့်သဘောဖြင့် တိုက်ခိုက်
သတ်ဖြတ်ကြသည်။

နာဂတောင်တန်းများပေါ်တွင် ရွာအနီး ပတ်ဝန်းကျင်
အဖော်မပါဘဲ တစ်ယောက်တည်းသွားသော မိန်းမကို တွေ့
ဖမ်းခေါ်သွားပြီး သားမယားအဖြစ် ပြုကျင့်လေ့ရှိကြသည်။

ထို့ကြောင့် တောနှင့်နီးသော နာဂရွာများ၌ နေကြ
သော မိန်းမများမှာ တောထဲသွားပါက အဖော်မပါပဲ မသွားဝံ့
ကြပေ။

တောထဲဝင်ပြီး တောပစ်သွားကြသော မုဆိုးများမှာ
လည်း မျောက်ဝံကြီးများတွေ့သော်လည်း မိမိတို့အား အန္တရာယ်
ပေးပါက ပစ်ခတ်ခြင်းမပြုကြပေ. . . ။

ထိုအခါ မျောက်ဝံကြီးများလည်း မုဆိုးများတွေ့သော်
လည်း အန္တရာယ်မပေးဘဲ အေးအေးဆေးဆေးပင် နေတတ်ကြ
သည်။

တစ်ခါတစ်ရံ မျောက်ဝံကြီးများနှင့် တွေ့သော နာဂ
မုဆိုးများမှာ အစအနောက်ပင် ခံကြရသည်။

ထိုမုဆိုးကို မျောက်ဝံကြီးနှစ်ကောင်က ဝိုင်းထားပြီး
ဆိုး၌ပါသော မြှားတောင့်၊ လွယ်အိတ်၊ လက္ကွတ်တို့ကို ချွတ်ယူ
ပြီး သစ်ပင်မြင့်ကြီးများပေါ်ရှိ ကိုင်းဖျား၌ ချိတ်ထားတတ်
သည်၊ အခြားမမြင်နိုင်သော နေရာ၌သော်လည်းကောင်း ဝှက်

www.burmeseclassic.com



ထားတတ်သည်။

နာဂမုဆိုးအား တစ်ကိုယ်လုံးအဝတ်မရှိဘဲထားပြီး နားရွက်ဆွဲ၊ မျက်လုံးဖြဲကြည့်၊ တစ်ကိုယ်လုံး ဟိုကိုင်ဒီကိုင်ဖြင့် ပြုကာ ကျီစယ်နှောက်ပြောင်လေ့ရှိသည်။

နာဂမုဆိုးမှာ အဝတ်လည်းမရှိ၊ ထွက်ပြေး၍လည်း မ[illegible] သဖြင့် မျောက်ဝံကြီးများ ကျီစယ်သမျှ လုပ်သမျှကို ခံကြရသည်။

လူက မျောက်ကိုဖမ်းမိသောအခါ လုပ်ချင်ရာလုပ်သ[illegible] သို့ လူကိုမျောက်က ဖမ်းမိတော့လည်း လုပ်ချင်ရာလုပ်ကြသည့် သဘောမျိုးပင်ဖြစ်သည်။

တစ်ချိန်လုံး နှောက်ပြောင်ကျီစယ်ပြီးတော့မှ မိုးချုပ်နီး နီးတော့မှ နာဂမုဆိုးအား ဒီအတိုင်းထားခဲ့ကာ တစ်ကောင်ပြီး တစ်ကောင် ထွက်သွားကြလေတော့သည်။

နာဂမုဆိုးခမျာ သစ်ပင်ထိပ်ဖျားရောက်နေသည့် အ ဝတ်နှင့် ပစ္စည်းများကို တက်မယူနိုင်တော့သဖြင့် မိုးချုပ်တော့ သစ်ရွက်များကို ခါးပတ်ပြီး အိမ်ပြန်ခဲ့ရပေသည်။

ရှေးအခါက နာဂတောင်တန်းမှာနေကြသော မုဆိုး များနှင့် မီဆီရီ မျောက်ဝံကြီးတို့သည် စိမ်ခေါ်ပြီး တိုက်ခိုက်ကြ သည်မျိုးပင် ရှိခဲ့ကြသည်။

နှောင်သောအခါ မီဆီရီ (ခေါ်) မျောက်ဝံကြီးများ ဟိမဝန္တာဘက်မှာရှိသော တောအုပ်များ၊ တောင်စွယ်တောင် တန်းများဘက်သို့ ရွှေ့ပြောင်းသွားကြရာ မတွေ့ရသလောက် နည်းပါးသွားလေသည်။





မီဆီရီ မျောက်ဝံကြီးများကို နာဂတောင်တန်းများ၌ မတွေ့ကြရတော့သော်လည်း လူသူအရောက်အပေါက်နည်းသော ဟိမဝန္တာတောင်တစ်ကြော၌ရှိသော တောင်စွယ်တောင်တန်းများပေါ်မှာတော့ ထိုမျောက်ဝံမျိုးများကို တွေ့ကြရသည်။

နီမောင်တို့တွေ့ခဲ့သော တောလူတို့မှာလည်း မီဆီရီ မျောက်ဝံကြီးများကဲ့သို့ အကောင်အရွယ်အစားကြီးမားပြီး လူတစ်ယောက်ကဲ့သို့ အသိဉာဏ်ရှိသော တိရစ္ဆာန်ကြီးများပင် ဖြစ်ကြလေသည်။

နီမောင်တို့သုံးယောက်မှာ တောင်တက်လမ်းတစ်လျှောက် နားလိုက်၊ တက်လိုက်နှင့် ခရီးဆက်ခဲ့ကြရာ နောက်တစ်နေ့ နေ့လည်ပိုင်းအချိန်ရောက်သောအခါမှာတော့ တောင်ထိပ်ပေါ်သို့ ရောက်သွားကြလေသည်။

သူတို့ရောက်သွားသောနေရာမှ လှမ်းကြည့်ပါက . . ချောက်ကမ်းပါးကြီးတစ်ဘက်တွင် ရှမ်ဗဲလား မဟာဂန္ဓာရီ ဘက္ကသိုလ်ကြီးကို လှမ်းမြင်ရလေသည်။

သို့သော်လည်း သူတို့ရောက်သွားသောနေရာမှာ တစ်ဖက်ကမ်းသို့ကူးရန် တပ်ဆင်ထားသော ကြိုးတံတားရှိသော နေရာတော့မဟုတ်ပေ . . .။

သို့ကြောင့် ကြိုးတံတားတပ်ဆင်ထားသော နေရာဘက်သို့ သွားကြလေသည်။

ကျောင်းတော်ကြီးရှိနေသောဘက်နှင့် သူတို့ရောက်နေသောဘက်မှာ အတော်ပင်ကျယ်ဝန်းသော ချောက်ကမ်းပါး

www.burmeseclassic.com



ကြိုးက ခြားနေပေသည်။

ချောက်ကမ်းပါးကြီးမှာ နက်ရှိုင်းလှသောကြောင့် အောက်ခြေသို့ မမြင်ရပေ. . .။

တိမ်တိုက်များကဲ့သို့ ရွေ့လျားနေသော မြူနှင်းများကိုသာ မြင်ရသည်။

တစ်ဖက်နှင့်တစ်ဖက်ကူးရန် တပ်ဆင်ထားသော ကြိုးတံတားကလည်း ခိုင်ခိုင်မာမာတပ်ဆင်ထားသည့် ကြိုးတံတားမျိုးတော့မဟုတ်ပေ. . ။

လှုပ်ယမ်းနေပြီး ကိုင်စရာလည်းမရှိပေ. . ။

တပ်ဆင်ထားသော ကိုင်စရာကြိုးတန်းကလည်း ခိုင်ခိုင်မာမာမဟုတ်ပေ။

စောထီးက ထိုနေရာရောက်တော့ အခြေအနေကိုကြည့်ပြီး ခေါင်းခါလိုက်သည်။

“မဖြစ်နိုင်ဘူး၊ ဒီလိုကြိုးတံတားမျိုးနဲ့တော့ ငါတို့ ဟိုဘက်ကမ်းကိုကူးဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အရဲစွန့်ကူးရင်လည်း လမ်းတစ်ဝက်မှာတင် ပြုတ်ကျပြီးသေမှာပဲ”

ထိုအခါ ငမဲအောင်က ကြိုးတံတားရှိသော နေရာသွားပြီး ကိုင်လှုပ်ကြည့်သည်။

“ဟုတ်တယ် နီမောင်၊ ဒီကြိုးတံတားမျိုးနဲ့တော့ ဘယ်နည်းနဲ့မှ ငါတို့ ကူးလို့ရမှာမဟုတ်ဘူး၊ ဒီနေရာကနေ လှည့်ပြန်သွားကြရင် ပိုကောင်းမယ်ထင်တယ်. . ”

“မင်းတို့ကလည်းကွာ ယောကျ်ားတွေမဟုတ်ကြတဲ့ အ





တိုင်းပဲ၊ မလုပ်ခင်က အားလျှော့နေကြတာပဲ၊ သူများတွေလည်း ငါတို့လိုပဲ ကူးသွားနေကြတာ မဟုတ်ဘူးလား”

“သူတို့နဲ့ငါတို့နဲ့ တူတာမှမဟုတ်တာ၊ သူတို့က တန်ခိုးသိဒ္ဓိတွေရှိကြတဲ့သူတွေ၊ ငါတို့က ဘာတန်ခိုးမှ ရှိတာမှ မဟုတ်တာ၊ မကူးဝံ့ပါဘူးကွာ. . ”

ထိုစကားကြားတော့ နီမောင်က သဘောကျစွာဖြင့် ရယ်လိုက်လေသည်။

“ကဲ. . ကဲ. . မင်းတို့နှစ်ယောက် မကူးဝံ့ရင်လည်း ဒီဘက်ကသာ စောင့်နေကြ၊ ငါပဲကူးသွားမယ်”

“ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်ကွာ၊ စိတ်မပူကြပါနဲ့”

ဟုပြောဆိုကာ နီမောင်တစ်ယောက်တည်း ကြိုးတံတားမှတစ်ဆင့် တစ်ဖက်ကမ်းသို့ ကူးရန်ပြင်သည်။

အချိန်က နေ့လည်ပိုင်းအချိန် ကျော်လာပြီဖြစ်သဖြင့် တောင်ထိပ်ပေါ်မှာ မြူနှင်းများပါးသွားပြီး အလင်းရောင်များ ရလာပေပြီ။

ထိုအချိန်သည် တစ်ဖက်ကမ်းသို့ ကူးရန် အကောင်းဆုံးအချိန်မျိုးပင်ဖြစ်သည်။

ညနေပိုင်းရောက်သောအခါ မြူနှင်းများ ထူထပ်စွာကျလာပါက ကြိုးတံတားကိုပင် မြင်တွေ့ရတော့မည်မဟုတ်ပေ။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်မှာလည်း နီမောင်တစ်ယောက်တည်းသွားမည်ဆိုသောအခါ တစ်ခုခုဖြစ်သွားမည်

www.burmeseclassic.com



ကို စိတ်မချဖြစ်နေကြသည်။

*နီမောင်ကတော့ ဘာမှထူးခြားမှုမရှိဘဲ သူလုပ်ရမည့်* အလုပ်ကို အေးအေးဆေးဆေး အမူအယာနှင့်ပင် ပြုလုပ်နေသည်။

နောက်တော့ နွယ်ကြိုး၊ ကြိမ်ကြိုးများနှင့် ပြုလုပ်ထားသော ကြိုးတံတားပေါ်မှ စတင်လျှောက်လေသည်။

ကြိုးတံတားက သိပ်မကျယ်လှပေ။

ထို့ပြင် နံဘေးမှာ တပ်ဆင်ထားသော ကြိမ်တန်းများကလည်း ခိုင်ခိုင်မာမာ မရှိလှပေ။

ထို့ကြောင့် ထိုကြိုးများကို အားပြု၍မရပေ။

လူတစ်ယောက် ကြိုးတံတားပေါ် ရောက်သည်နှင့် ကိုယ်အလေးချိန်ကြောင့် လှုပ်ယမ်းစပြုလာလေသည်။

အောက်သို့ငုံ့ကြည့်တော့လည်း ရွှေ့လျားနေသော မြူနှင်းများသာ တွေ့ရပြီး အခြားဘာမှ မမြင်ရပေ။

ထို့ကြောင့် အောက်သို့မကြည့်ဘဲ ရှေ့ကိုသာကြည့်ပြီး ဆက်လျှောက်လေသည်။

အလယ်နေရာရောက်တော့ ကြိုးတံတားက ပုခက်ကဲ့သို့ ခွက်ကျနေသောကြောင့် ပိုပြီးလှုပ်ယမ်းနေသည်။

ရှေ့ဆက်ရန် မလွယ်လှသဖြင့် ရပ်နေရသေးသည်။

တံတားငြိမ်သွားတော့မှ ဆက်လျှောက်လေသည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် ထိမ်းလျှောက်သွားရာ ခရီးအတော်ပေါက်တော့မှ တံတားက အတော်ပင်လှုပ်လာလေ





သည်။ လေကတည်း တဖြည်းဖြည်း ပြင်းထန်လာသည်။

တံတားအခြေအနေက ပုခက်လွှဲသကဲ့သို့ ဖြစ်လာသောကြောင့် ဘေးဘက်မှာရှိသော ကြိမ်တန်းကို အားပြုကိုင်ထားရသည်။ ကြိမ်တန်းကလည်း လှုပ်နေသည်။

"သတိထား. . သတိထား၊ စိတ်ကိုငြိမ်အောင်ထား"

ဟူသောအသံတစ်သံကို ကျောင်းတော်ကြီးရှိသော နေရာဘက်မှ ကြားရသည်။

ထိုသို့သတိပေးနေသည့်ကြားမှာပင် လှုပ်ယမ်းနေသော အရှိန်က များလာသဖြင့် မထိမ်းနိုင်တော့ပဲ ဘေးသို့ ပြုတ်ကျသွားလေတော့သည်။

"အား. . ."

ထိုသို့ကျသည်နှင့် ဆွဲမိဆွဲရာဖမ်းဆွဲလိုက်ရာ ဘေးမှာ တန်းထားသော ကြိမ်တန်းကိုဆွဲမိသဖြင့် လေထဲမှာ တန်းလန်းကြီးဖြစ်နေလေတော့သည်။

လေကတဝူးဝူး တိုက်နေသည်ကတစ်ကြောင်း၊

ကြိုးတံတားကလှုပ်ယမ်းနေသောကြောင့် ချိန်သီးလွှဲသကဲ့သို့ ဖြစ်နေသည်။

ထိုအခြေအနေကို နှစ်ဘက်ကမ်းမှ လှမ်းမြင်နိုင်လေသည်။ တစ်ဖက်ကမ်းမှာ ကျန်ခဲ့ကြသော စောထီးနှင့် ငမဲအောင်တို့လည်း ဘာမှမတတ်နိုင်ကြပေ. . .။

ထို့အတူ ကျောင်းတော်ကြီးရှိသော နေရာဘက်မှလည်း လူနှစ်ယောက် ထွက်ကြည့်နေကြလေသည်။

www.burmeseclassic.com

ဒေါက်တာမင်းထင်ကျော်နှင့် ဆရာရှင်ကုမာရ တို့ပင် ဖြစ်သည်။

"သူတော့ ဒုက္ခရောက်တော့မယ်ထင်တယ်၊ ကျွန်တော် သွားကယ်ရမလား"

ဒေါက်တာမင်းထင်ကျော်က စိုးရိမ်စိတ်ဖြင့် ပြောလိုက်သည်။

"သင်သွားကယ်ရင် နှစ်ယောက်စလုံး ပြုတ်ကျသွားမှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ ဆရာရှင်"

"မကြာခင် သူ့ကိုကယ်ပေးမယ့်သူ ရောက်လာပါလိမ့်မယ်၊ စောင့်သာကြည့်နေပါ"

ဆရာရှင်က တည်ငြိမ်သော အမူအယာဖြင့် ပြန်ပြောလေသည်။ ထိုအချိန်မှာပင် နီမောင်လာသော နေရာဘက်မှ သတ္တဝါတစ်ကောင်ပြေးဆင်းလာသည်။

တောလူအကောင်ပေါက်ကလေး တစ်ကောင်ပင်ဖြစ်၏။ တောလူအကောင်ပေါက်ဟုဆိုသော်လည်း လူ့ခန္ဓာကိုယ်နီးပါးထွားကျိုင်းလေသည်။

တောလူပေါက်လေးက တံတားပေါ်မှ ပြေးလာခြင်းမဟုတ်ပေ။ ကြိုးတန်းကိုလက်ဖြင့်ဆွဲကိုင်ကာ လွှဲကူးလာခြင်းဖြစ်ရာ မကြာမီ နီမောင်ရှိရာသို့ ရောက်လာသည်။

အနားရောက်သောအခါ နီမောင့်လက်တစ်ဖက်ကို ဖမ်းကိုင်ပြီး တံတားအပေါ်သို့ ပြန်တက်သွားတော့သည်။





နီမောင်ကကြည့်လိုက်တော့ တောင်ကျရေစီးထဲမှ သူ ကယ်တင်ပေးလိုက်သည့် တောလူကလေးဖြစ်မှန်း မှတ်မိသွားသဖြင့် ကျေးဇူးတင်သွားလေသည်။

"ငါ့အသက်ကိုပြန်ကယ်ပေးတဲ့အတွက် ကျေး. . ကျေးဇူးတင်ပါတယ်ကွာ"

လူဝံပေါက်ကလေးကတော့ သူ့ကိုမျက်လုံးအပြူးသားဖြင့်သာ ပြန်ကြည့်နေလေသည်။

နောက်တော့. . နီမောင်က တစ်ဖက်ကမ်းသို့ ဆက်လျှောက်သွားရာ ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက် ရပ်နေသည့် ကျောင်းတော်ကြီးရှိသောဖက်ကမ်းသို့ ချောချောမောမောရောက်သွားလေတော့သည်။

နီမောင်တစ်ဖက်ကမ်းသို့ ရောက်သွားတော့မှ ကြိုးတံတားအလယ်နေရာမှာ ရပ်နေပြီး သူ့ကို စိတ်မချသလို လှမ်းကြည့်နေသော တောလူပေါက်ကလေးမှာလည်း လာရာလမ်းအတိုင်း တစ်ဖက်ကမ်းသို့ ပြန်လှည့်သွားလေတော့သည်။

လူဖြစ်စေ. . . တိရစ္ဆာန်ဖြစ်စေ. . .

တစ်ဦးမေတ္တာတစ်ဦးသိ၊ တစ်ဦးကျေးဇူးတစ်ဦးက သိကြရသည်ကတော့ ဝတ္တရားတစ်ခုသာ ဖြစ်ပေတော့သည်။

www.burmeseclassic.com





## အခန်း [ ၁၀ ]

# ဘဝဟောင်းမှ မှတ်တမ်းများ

နီမော့ဇ်အတွက်တော့ အိပ်မက်မက်နေသကဲ့သို့ပင် ဖြစ်နေပေတော့သည်။

မဟာဂန္ဓာရီ တက္ကသိုလ်ကြီးအကြောင်းကို ကြားဖူးသော်လည်း . ယခုကဲ့သို့ ကိုယ်တိုင်ရောက်ရမည်တော့ ဘယ်တုန်းကမှ မထင်မိခဲ့ပေ။ သူ့အနေဖြင့် ရောက်ဖို့ရန်လည်း အကြောင်းမရှိခဲ့ပေ။

ယခုတော့ မမျှော်လင့်ဘဲ မဟာဂန္ဓာရီ တက္ကသိုလ်ကြီး

www.burmeseclassic.com



ရှိရာသို့ ရောက်ခဲ့ရပေပြီ. .။

တောလူကလေးကယ်တင်ပေးခဲ့သဖြင့် ကျောင်းတော်ကြီးရှိသော နေရာဘက်ကမ်းသို့ ရောက်သွားသောအခါ တံတားထိပ်မှ သူ့ကိုဆီးကြိုနေသောလူနှစ်ယောက်တို့နှင့် တွေ့ရလေသည်။ တစ်ဦးက ဒေါက်တာမင်းထင်ကျော်ဖြစ်ပြီး တစ်ဦးက ဆရာရှင်ကုမာရ တို့ပင်ဖြစ်၏။

သူရောက်သွားတော့ နှစ်ယောက်စလုံးက လက်အုပ်ချီလျှက် မေတ္တာပို့ပေးကြသည်။ ပြီးမှ ဆရာရှင်ကုမာရက ကျောင်းတော်ကြီးရှိရာဘက်သို့ လျှောက်သွားလေသည်။

"မင်း အခုလို ဒီဘက်ကမ်းကို ချောချောမောမောနဲ့ ရောက်လာတာ ငါတော့ သိပ်ပြီးဝမ်းသာတာပဲ"

"ကျွန်တော်လည်း အခုလို ဆရာနဲ့တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် ကျွန်တော်လာမယ်ဆိုတာ ဘယ်လိုများ ကြိုသိနေတာလဲ"

"ဆရာရှင်က မင်းလာတော့မယ် ပြင်နေကတည်းက သိနေတယ်၊ နောက်တော့ မင်းရောက်လာတော့မယ်ဆိုတာ သူက ငါ့ကိုပြောပြပေးတယ်၊ ဒါကြောင့် ဒီနေရာကနေ လာစောင့်နေတာပါ"

ဟုပြောပြလေသည်။

"ကျွန်တော်လာတာ တခြားအကြောင်းမဟုတ်ပါဘူး ဆရာနဲ့တွေ့ပြီး ပြောစရာလေးတွေ ရှိလို့ပါ"

"အေးအေးဆေးဆေးပြောကြတာပေါ့၊ အပြင်ဘက်မှာ





သိပ်အေးတယ် ကျောင်းထဲဝင်ကြရအောင်၊ မင်းကို ဆရာကြီးနှစ်ယောက်နဲ့လည်း တွေ့ပေးရဦးမယ်"

ဟုပြောပြီး ခေါ်သွားသဖြင့် နီမောင်လည်း နောက်မှ လိုက်သွားလေသည်။

ကျောက်တောင်စွန်းပေါ်မှာတည်ဆောက်ထားသော ကျောင်းတော်ကြီးက ကြီးကျယ်ခမ်းနားလှသည်။

ထိုနေရာတွင် ကျောင်းတော်ကြီးအပြင် မျှော်စင်နှင့်တူသော ဘုံကျောင်းကြီးတစ်ခုလည်း ရှိသည်။

"ချွင်"ဟု အမည်ပေးထားသော ဘုံကျောင်းနှင့်တူသော အဆောက်အဦးကြီးမှာ အထပ်ခုနစ်ထပ် ရှိလေသည်။

ကျောက်သားနံရံများဖြင့်ပြုလုပ်ထားသော ကျောင်းတော်ကြီးအတွင်းသို့ ရောက်သောအခါ သွားလာနေကြသော သူများကိုတွေ့မြင်ရသည်။

တပည့်သာဝကတို့အား ပညာသင်ပေးနေကြသည့် ဆရာရှင်အချို့နှင့် အမြို့မြို့အနယ်နယ်မှ လာရောက်ပညာသင်ကြားနေကြသည့် ဂန္ဓာရီပညာရှင်တို့ပင် ဖြစ်ကြလေသည်။

အိန္ဒိယ၊ တရုတ်၊ တိဗက် အစရှိသည့် လူမျိုးစုံတို့ကို ကျောင်းတော်ကြီးအတွင်းမှာ စုံလင်စွာတွေ့မြင်ရလေသည်။

နီမောင်ကတော့ ကျောင်းတော်ကြီးအတွင်းမှာ များပြားသော လူမျိုးပေါင်းစုံတို့အား တွေ့သောအခါ စိတ်ထဲမှာ အံ့သြနေမိလေသည်။

ဒေါက်တာမင်းထင်ကျော်က နီမောင်ကို အဆောင်တစ်

www.burmeseclassic.com



ဆောင်သို့ ခေါ်သွားလေသည်။ အဆောင်ထဲမှာတော့ ဆရာကြီး သူရဇ္ဇနှင့် ဦးဇန်ကောင်း တို့နှစ်ယောက်ရှိနေကြသည်။

နီမောင်ရောက်သွားတော့ လက်ဖက်ရည်၊ အစားအ သောက်များ ကျွေးမွေးလေသည်။

နီမောင်ကတော့ ယခုလိုနေရာမျိုးမှာ ဗမာလူမျိုးအ ချင်းချင်း ပြန်တွေ့ရသဖြင့် ဝမ်းသာနေမိလေသည်။

လေးယောက်ဆုံသောအခါ နီမောင်က လက်ဖက်ရည် တစ်ခွက်သောက်ရင်းနှင့် သူလာသောအကြောင်းကို ပြောပြ လိုက်သည်။

"သူ့နာမည်က အနာရ်ကာလီလို့ခေါ်ကြတယ်၊ လည် ပင်းမှာ ကျောက်စိမ်းလည်ဆွဲတစ်ခု ဆွဲထားလို့ မြစိမ်းရောင် မင်းသမီးလို့လည်း ခေါ်ကြတယ်"

ဆရာကိုတော့ 'သဒ်'လို့ပြောရင် တဖြည်းဖြည်း မှတ်မိ လာမယ်လို့ ပြောလိုက်ပါတယ်"

"သဒ်"

ဒေါက်တာမင်းထင်ကျော်က ထိုနာမည်ကို ရေရွတ်ရင်း လေးလေးနက်နက် စဉ်းစားနေလေသည်။

ထိုအခါ ဆရာကြီးသူရဇ္ဇကပြောသည်။

"မောင်ထင်ကျော်အတွက် ဘဝဟောင်းက ရေစက်တစ် ခု ပြန်ပေါ်လာတာပဲဖြစ်မှာပေါ့၊ အတိတ်ဘဝမှာ မျိုးစေ့ချခဲ့မိတဲ့ ကံကံ၏အကျိုးလို့ခေါ်တဲ့အပင် အခုအညှောင့်ပြန်ထွက်လာတဲ့ သဘောပါပဲ"





"ကျွန်တော်ကတော့ ဘာမှသတိမရတော့ပါဘူး"

"အခုသတိမရလည်း နောက်တော့ တဖြည်းဖြည်းနဲ့ မှတ်ရလာမှာပါ"

"ဒါထက် . . အနာရ်ကာလီဆိုတဲ့ နာမည်ကို ဆရာကြီး ကြားဖူးပါသလား"

"သမိုင်းကြောင်းတွေမှာတော့ တွေ့မိပါတယ် မောင် ထင်ကျော်၊ သေသေချာချာ သိချင်ရင် ရှေးဟောင်းမှတ်တမ်း ထားတဲ့ စာကြည့်တိုက်မှာ သွားရှာကြည့်ရင် သိနိုင်မှာပါ"

ဟုပြောသဖြင့် နီမောင်ကိုပါ တပါတည်းခေါ်ကာ ရှေး ဟောင်းမှတ်တမ်းများထားသော နေရာသို့ သွားကြလေသည်။

ထိုအခန်းမှာ တရုတ်ဘုံကျောင်းနှင့် ပုံသဏ္ဌာန်တူသော အဆောက်အအုံကြီး၏ အပေါ်ဆုံးထပ်၌ဖြစ်သည်။ အတွင်း ကျောက်သားဖြင့် ထုဆစ်ထားသော ကျောက်လှေခါးထစ်များ ကြောင်လိမ်လှေခါးသဖွယ် ပြုလုပ်ထားသောကြောင့် နဂါးရစ် သဖွယ် ကွေ့ပတ်ကာ တစ်ထပ်ပြီးတစ်ထပ် တက်သွားလေရာ မိနစ်အတော်ကြာတော့မှ အပေါ်ဆုံးအထပ်သို့ ရောက်သွား လေသည်။

ပြတင်းပေါက်များက မြူနှင်းငွေ့များဝင်နေသည်။ ကြည် လင်သောသလင်းကျောက်ပြားချပ်များ တပ်ဆင်ထားသည့် ပြတင်းပေါက်မှကြည့်လျှင် အပြင်ဘက်သို့ လှမ်းမြင်ရသည်။

သို့သော်လည်း တရွေ့ရွေ့သွားနေသော တိမ်များနှင့် မြူတက်များကိုသာ တွေ့နေရသဖြင့် ကောင်းကင်မှ ဘုံဗိမာန်

www.burmeseclassic.com



တစ်ခုသို့ ရောက်နေသကဲ့သို့ စိတ်ထဲမှ ထင်ရလေသည်။

ထိုအပေါ်ထပ်ရောက်တော့ လူများများမတွေ့ရ... ဘဲ တစ်ယောက်နှစ်ယောက်လောက်သာ တွေ့ရတော့သ... အခန်းထဲမှာတော့ စင်များဖြင့်တင်ထားသော စာအုပ်မျ... ပေစာများ၊ ပုရပိုဒ်များအပြင် သစ်သားပြားများပေါ်မှာ အက္ခ... များရေးပြီး စာအုပ်သဖွယ်ပြုလုပ်ထားသော သစ်သားစာ... ကြီးများလည်း တွေ့ရသည်။

စာအုပ်များထားသော နေရာများတွင် ခုနှစ်သက္က... များ၊ စာအုပ်၌ပါသော အကြောင်းအရာများကို သက္ကဋဘာ... ဖြင့်ရေးထားလေသည်။

ကျောင်းတော်ကြီးသို့ လာရောက် ပညာသင်ကြ... တိုင်း သက္ကဋဘာသာမှာ အများသုံးဘာသာရပ်ပင်ဖြစ်ပေသ...

ဒေါက်တာမင်းထင်ကျော်က လွန်ခဲ့သော နှစ်...

တစ်ရာကျော်၊ နှစ်ရာ၊ သုံးရာပတ်ဝန်းကျင်တစ်ဝိုက်တွင် အိ... မဟာရာဇာစော်ဘွားများအကြောင်း မှတ်တမ်းပြုရေးသား... သော စာအုပ်တစ်အုပ်ကို ယူပြီး လှန်လှောရှာဖွေရာ နော... မှာတော့ (၁၈၀၀) ပြည့်နှစ်နောက်ပိုင်းတွင် ထင်ရှားကျော်ကြ... သော နန်းတွင်းကချေသည် အနာရ်ကာလီအကြောင်း ရေး... သော မှတ်တမ်းတစ်ခုကို တွေ့ရသဖြင့် ဖတ်ကြည့်လေသ...

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာ... သုံးရာဝန်းကျင်ကတည်းက ဟိမဝန္တာတောင်ခြေနှင့် မ... သောနေရာတွင် ဒေလီမြို့တော်ကြီးရှိခဲ့ပေသည်။ ထိုမြို့တော်...



...ဂ္ဂဘာဘုရင်ကြီးက စိုးစံအုပ်ချုပ်တော်မူလေသည်။

အဂ္ဂဘာဘုရင်မှာ မဟာရာဇာစော်ဘွား တစ်ဦးပင်ဖြစ် ...သည်။ အဂ္ဂဘာဘုရင်မှာ အသက်(၆၀)ကျော်အရွယ်ခန့်ရှိပေ ...ည်။ ဒေလီမြို့တော်ကြီးမှာ ဟိမဝန္တာတောင်ခြေနှင့် နီးသော ...ကြောင့် ကောက်ပဲသီးနှံ ဆန်ရေစပါး ကောင်းစွာဖြစ်ထွန်းလေ ...ည်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား စသောရတနာမျိုးစုံတို့ ...ါများကြွယ်ဝလေသည်။

အဂ္ဂဘာဘုရင် နန်းတော်တွင်းမှာ ဖြေဖျော်ပေးရသော ...ချေသည်များရှိကြသည့်အထဲတွင် အနာရ်ကာလီမှာ အချော ...း အလှဆုံးနှင့် အကကောင်းလှသော ကချေသည်မတစ်ဦး ...ဖြစ်ပေသည်။

အနာရ်ကာလီမှာ အသက်(၂၅)ဝန်းကျင်အရွယ်ခန့်သာ ...သေးသဖြင့် ပန်းတစ်ပွင့်၏အလှဆုံးအချိန်ကဲ့သို့ လှပတင့်တယ် ...ရှိပေသည်။ သို့ကြောင့် ဘုရင်ကြီးက တော်ကောက်ရန် ရည်စူး ...ားလေသည်။

အနာရ်ကာလီကတော့ ဂုဏ်ပကာသနကို မနှစ်သက် ...သည့်အပြင် မက်မောခြင်းလည်းမရှိပေ။ သို့ကြောင့် ဝါသနာနှင့် ...မ်းရေးကြောင့်သာ ကချေသည်မအဖြစ် နန်းတွင်းမှာ ကပြဖြေ ...ဖျော်ပေးနေရသော်လည်း ဘုရင်ကြီးကိုတော့ နှစ်သက်ခြင်းမရှိ ...ှပေ။

အဘယ်ကြောင့်ဆိုသော် . . သူမမှာ ရည်စူးထားသည့် ...နှစ်သူရှိနေသောကြောင့်ဖြစ်သည်။ အခြားသူတော့ မဟုတ်ပေ။

www.burmeseclassic.com



နန်းတွင်းမှာ ဖြေဖျော်ပေးနေရသော စောင်းသမား 'သခ်'ပင်ဖြစ်ပေတော့သည်။

စောင်းသမားသခ်မှာ သူမနှင့်အသက်အရွယ် မကွာ သည့်အပြင် ဝါသနာတူချင်းလည်းဖြစ်ပေသည်။

အနာဂါကာလီကလည်း သခ်ကိုချစ်ခင်နှစ်သက်သည် သခ်ကလည်း အနာဂါကာလီကို နှစ်သက်သဘောကျသဖြ တစ်နေ့ကျလျှင် အတူလက်တွဲသွားရန် ရည်ရွယ်ထားကြ သည်။

နောက်တော့ အဂ္ဂဘာဘုရင်က ထိုအကြောင်းကို စွန်းတစရိပ်မိသွားသဖြင့် တစ်နေ့သ၌ အနာဂါကာလီအား ခေါ် ပြီးပြောလေသည်။

"အနာဂါကာလီ၊ နင့်ကိုငါကိုယ်တော် သဘောကျသဖြ တော်ကောက်ရန် ရည်စူးထားပြီးဖြစ်တယ်၊ ဒါကြောင့် ဒီက ကစပြီး မည်သည့်ယောကျ်ားနှင့်မှ ပတ်သက်မှုမရှိစေနဲ့တော့"

ဟုပြောဆိုကာ. . အရည်အသွေးကောင်းလှသော ကျောက်စိမ်းလည်ဆွဲတစ်ကုံးကို လည်မှာဆွဲပေးလေသည်။

ထိုကျောက်စိမ်းလည်ဆွဲမှာ ကျိန်စာဖြင့် စီရင်ထားသော လည်ဆွဲဖြစ်သည်ကိုတော့ အနာဂါကာလီတစ်ယောက် မသိ ပေ။

"ထိုကျောက်စိမ်းလည်ဆွဲကို ဆွဲထားသောကာလ လျှောက်လုံး အဂ္ဂဘာဘုရင်မှတစ်ပါး အခြားယောကျ်ားတို့ အ ချစ်ခင်နှစ်သက်ခြင်း မရှိစေရတော့ပေ၊

☺ အောင်မြင်စာပေ ☺



အကယ်၍ ချစ်ခင်နှစ်သက်ခြင်းပြုမိပါက ဘေးအန္တ ယ်ဆိုးဖြင့်တွေ့ကာ အသက်သေရပြီး မကျွတ်မလွတ်ဘဝ သော နေရစေသား. . ."

ဟူသော ကျိန်စာမျိုးဖြစ်လေသည်။

ထိုလည်ဆွဲကို ဆွဲထားပြီးသည့်နောက်ပိုင်းမှာတော့. . နာဂါကာလီဟူသော မူလအမည်ပျောက်ပြီး၊ 'ကျောက်စိမ်း င်းသမီး'ဟူသော အမည်ကို ခေါ်ဝေါ်ကြလေသည်။

ဘုရင်ကိုယ်တိုင် ဆင်မြန်းပေးသော ကျောက်စိမ်းလည် ကို ဆင်မြန်းထားပြီးနောက်တွင် တော်ကောက်ထားပြီးသည် သိသဖြင့် မည်သည့်ယောကျ်ားမှ အနားမကပ်ဝံ့တော့ပေ။ ၏ ချစ်သူ စောင်းသမား သခ်မှာလည်း ချစ်သူအတွက် တ်မအေးရအောင် ရှိနေတော့သည်။

နှစ်ယောက်သား တိတ်တခိုး တွေ့ရသည့်အခါမှာတော့ ခ်က ပြောသည်။

"မောင်တို့နှစ်ယောက်တော့ ဒီဘဝမှာ ဆုံဆည်းခွင့်မရ တော့ဘူးထင်ပါရဲ့ အနာဂါကာလီရယ်"

"ကျွန်မလည်း တစ်နေ့မှ စိတ်မအေးရပါဘူး၊ ဖြစ်နိုင်ရင် နေရာကနေ အဝေးကိုသာ ထွက်ပြေးချင်တော့တာပါပဲ၊ ကျွန်မ ဘောကတော့ ဂုဏ်ပကာသနတွေကိုလည်း မမက်မောဘူး၊ ောက်ပြီး ဘုရင်အိုကြီးကိုလည်း ဘယ်လိုမှ မနှစ်သက်ပါဘူး"

"ဒါပေမယ့် မောင်တို့က သူ့တိုင်းပြည်မှာနေ၊ သူ့လက် အောက်မှာနေကြရတော့ သူ့ရဲ့အာဏာစက်ကွင်းအောက်က

www.burmeseclassic.com



လွတ်ကင်းအောင် ဘယ်လိုလုပ်ရပါ့မလဲ ချစ်ရယ်"

"ကျွန်မကတော့ မောင်တစ်ယောက်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး၊ တကယ်လို့ အတင်းအဓမ္မသိမ်းပိုက်ရင်လည်း အသက်ကိုသာအသေခံသွားမယ်၊ ကျွန်မရဲ့ ချစ်ခြင်းမေတ္တာကိုတော့ ဘယ်နည်းနဲ့မှ ရမသွားစေရဘူး"

ဟုပြောလေရာ သခ်က ချစ်သူလက်ကလေးနှစ်ဖက်ကို တင်းတင်း ဆုပ်ကိုင်ထားလိုက်လေသည်။

"မောင်ကလည်း အနာရ်ကာလီအပေါ်မှာ ဘယ်တော့မှ သစ္စာမဖျက်ပါဘူး၊ မောင်တို့နှစ်ယောက် ဒီဘဝမှာ မပေါင်းဖက်ရရင်တောင် နောင်ဘဝတွေမှာ ပြန်လည်ဆုံတွေ့ပြီး ပေါင်းဖက်ဖို့ ဆုတောင်းပေးပါ့မယ်. . ."

"ကျွန်မလည်း မောင်နဲ့အတူ သစ္စာပြုပြီး ဆုတောင်းပါ့မယ်"

ဟုပြောဆိုကာ ချစ်သူနှစ်ဦး သစ္စာပြုကာ ဆုတောင်းခဲ့ကြပေသည်။ နောက်တော့ အဂ္ဂဘာဘုရင်ကြီးမှာ အနာရ်ကာလီကို မသိမ်းပိုက်ရသေးခင်မှာ ရောဂါတစ်ခုနှိပ်စက်သဖြင့် သေဆုံးရတော့မည့်အခြေအနေမျိုး ရောက်လေတော့သည်။

၎င်းကသေဆုံးကာနီးတွင် မှာကြားထားခဲ့လေသည်။

"သူသေဆုံးသွားပြီးလျှင် သလင်းကျောက်ခေါင်းတလားထဲမှာထည့်ကာ အသေပိတ်ထားစေပြီး. . သူနှစ်သက်သော အနာရ်ကာလီကိုလည်း အရှင်လတ်လတ် သလင်းကျောက်ခေါင်းတလားအတွင်းသို့ထည့်၍ ပိတ်ကာ ထိုကျောက်တလား





ကို သူ့နံဘေးမှာပင် ထားစေရမည်"

ဟု မှာကြားကာ သေဆုံးသွားလေတော့သည်။

ထိုသို့မှာကြားထားခဲ့သဖြင့် အဂ္ဂဘာဘုရင်၏ ရုပ်အလောင်းအား ဆွေတော်မျိုးတော်များက မြှုပ်နှံသင်္ဂြိုလ်သော သင်္ချိုင်းသို့ ယူဆောင်သွားကြသည်။

ကျောက်ဂူအတွင်းသို့ ရောက်သောအခါ အသင့်စီမံပြုလုပ်ထားသော သလင်းကျောက်ခေါင်းတလားအတွင်းသို့ ထည့်ပြီးနောက် အဖုံးပိတ်လိုက်သည့်အခါ တသားတည်းဖြစ်သွားလေတော့သည်။

ဘုရင်ကြီးသေဆုံးသွားပြီးနောက်တွင် အနာရ်ကာလီကို ဖမ်းဆီးချုပ်နှောင်ပြီး သင်္ချိုင်းသို့ခေါ်သွားလေသည်။ အနာရ်ကာလီမှာ အဂ္ဂဘာဘုရင်သေဆုံးသွားပြီဖြစ်သောကြောင့် တော်ကောက်ခံရမည့်ဘေးမှ ကင်းဝေးပြီဟု ထင်မှတ်ကာ ဝမ်းသာနေမိစဉ်မှာ အဖမ်းခံရခြင်းဖြစ်တော့သည်။

"ငါ့မှာဘာအပြစ်ရှိလို့ ဖမ်းခေါ်လာတာလဲ"

"နှင်က ဘုရင်တော်ကောက်ပြီးသား မိန်းမပဲ၊ ဘုရင်ကြီးက နင့်ကိုနှစ်သက်သဘောကျတယ်၊ သူသေပြီးတာတောင် သူ့အလောင်းနံဘေးမှာ နင့်ကိုအမြဲရှိနေရမယ်လို့ မှာထားခဲ့တယ်၊ ဒါကြောင့် ခေါ်လာတာပဲ"

"ဒါကတော့ နင်တို့ သက်သက်မတရားလုပ်တာပဲ၊ နင်တို့ကို ငါဘယ်ဘဝရောက်ရောက် မကျေနပ်ဘူး၊ ဒါကြောင့် ငါရောက်တဲ့နေရာက လာသတ်မယ်ဆိုတာ မြဲမြဲမှတ်ထားကြပါ"

www.burmeseclassic.com



ဟုဒေါသဖြင့် ပြောဆိုလေသည်။

ထို့နောက် မင်းချင်းများက သူမကို သလင်းကျောက်ခေါင်းတလားထဲ အတင်းထည့်ပြီး အဖုံးပိတ်ချလိုက်ရာ သူမလည်း သေဆုံးသွားလေတော့သည်။

မင်းချင်းများက ခေါင်းတလားနှစ်လုံး ယှဉ်လျက်သားရှိနေသော ဂူပေါက်ဝကို ကျောက်တုံးကြီးများဖြင့် ပိတ်ဆို့ထားသည့်အပြင် အခြားသူများ မမြင်တွေ့နိုင်စေရန် ထိုနေရာတစ်ဝိုက်တွင် သလဲပင်များ စိုက်ထားကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ သချိုင်းရှိသည့်အပြင် အပြစ်ရှိသူများအား သတ်ဖြတ်သုတ်သင်သော သူသတ်ကုန်းလည်း ရှိသဖြင့် မည်သူမှ အသွားအလာ မပြုဝံ့ကြပေ. . .။

နောက်ပိုင်းမှာတော့ နန်းတွင်းမှ ဖြေဖျော်ပေးနေရသော စောင်းသမားသခ်တစ်ယောက်လည်း ပျောက်ခြင်းမလှပျောက်သွားလေတော့သည်။

လပြည့်လကွယ်ညများ ရောက်လျှင်တော့ အနာရ်ကာလီအလောင်းရှိသော သလဲတောများရှိသော နေရာဘက်မှ သာယာညှင်းပျောင်းသော စောင်းသံကို အမှတ်မထင် ထိုနေရာရောက်သွားကြသူအချို့က ကြားကြရလေသည်။

အနာရ်ကာလီ၏ချစ်သူ စောင်းသမားသခ်၏ စောင်းသံလား။ ဒါမှ အခြားသူတစ်ယောက်၏ စောင်းသံဖြစ်လေသလားတော့ မည်သူမှ မသိနိုင်ကြတော့ပါချေ. . .။

ဒေါက်တာမင်းထင်ကျော်က မှတ်တမ်းဆုံးသွားသော





အခါ ထိုအကြောင်းအရာများကို နီမောင်ကို ပြန်ပြောပြလိုက်လေသည်။ နီမောင်က ထိုအကြောင်းများနားထောင်ပြီး. . .

"သူကတော့. . ဆရာက သူ့ရဲ့အရင်ဘဝက ချစ်သူဟောင်း စောင်းသမားသခ်လို့ ထင်နေပုံရတယ်၊ ဒါကြောင့် ကျွန်တော်ကို တကူးတကလွှတ်လိုက်တာပဲ၊ ဆရာသဘောကရော ဘယ်လိုထင်သလဲ. ."

ဟုမေးလိုက်လေသည်။

"ဘဝတွေ ခြားသွားကြပြီဆိုတော့ သူပြောတာ ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး၊ ကျွန်တော်တို့ အနေနဲ့က သာမန်အဆင့်ပဲရှိကြသေးတော့ ဘာမှ ပြောလို့မဖြစ်သေးဘူး"

"ဒါဖြင့် ဆရာ ဘယ်လိုလုပ်မှာလဲ"

"ဒီကိစ္စက ကျွန်တော်တစ်ယောက်တည်းတော့ ဆုံးဖြတ်လို့မဖြစ်သေးဘူး၊ ကျွန်တော်နဲ့အတူလာတဲ့ ဆရာကြီးနှစ်ယောက်ကိုလည်း ပြောပြရဦးမယ်၊ နောက်ပြီး ဆရာရှင်တွေကိုလည်း အသိပေးရမယ်၊ ကျွန်တော့်အနေကတော့ သူတို့စေခိုင်းတဲ့အတိုင်း လုပ်ပေးရမှာပါပဲ"

ဟုပြောဆိုကာ နှစ်ယောက်သား ကျောင်းတော်ကြီးအောက်သို့ ပြန်ဆင်းလာကြလေတော့သည်။

www.burmeseclassic.com





## အခန်း [ ၁၁ ]

# လူသေခဲ့သော်လည်း ဝိညာဉ်မသေသောသူ

ညဥ့်ဦးပိုင်းအချိန်ရောက်တော့ ကျောင်းတော်ကြီး တစ်နေရာမှ ကြေးစည်တီးသံ၊ ခေါင်းလောင်းထိုးသံ၊ ဖားစည်ရိုက်ခတ်သံ ပေါ်ထွက်လာသည်။

အုန်းမောင်းခေါက်သောအသံနှင့်တူသော အသံမျိုးလည်းပါသည်။ ထိုအသံများသည် နှင်းမှုံများပိတ်ဆီးနေသော ပတ်ဝန်းကျင်တစ်ဝိုက်မှ ထိုးဖောက်ပေါ်ထွက်လာခြင်းဖြစ်သည်။

မည်သို့ပင်ရှိစေ . . .။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ထိုအသံများကို စုပေါင်းပြီး ကြားရသောအခါ သာယာနာပျော်ဖွယ်ဖြစ်စေသည်။

ထိုကဲ့သို့ ကြေးစည်သံ၊ ခေါင်းလောင်းသံများ ပေါ်ထွက်လာသောအခါမှာတော့ ကျောင်းတော်ကြီးမှာ ရောက်နေကြသူ၊ ရှိနေကြသူများအားလုံး ဘုရားခန်းသို့ သွားကြရလေသည်။ ဘုရားခန်းမဆောင်မှာ ကျယ်ဝန်းလှသော ခန်းမဆောင်ကြီးဖြစ်ပြီး ခေါင်းရင်းဘက်စင်မြင့်ပေါ်တွင် ရွှေသားဖြင့် ထုလုပ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိပေသည်။ ဉာဏ်တော်အမြင့်မှ လေးပေခန့်ရှိပြီး ထိုင်တော်မူ ရုပ်ပွားတော် ဖြစ်သည်။

တစ်ဆူလုံး ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားခြင်းဖြစ်ရာ မီးရောင်ဖြင့် အရောင်တဝင်းဝင်း တောက်ပနေလေသည်။

ရုပ်ပွားတော်ရှေ့တွင် ဆီမီးခွက်များ၊ အမွှေးနံ့သာတုံးများ မီးရှို့ထားသောခွက်များ အစီအရီ ချထားလေသည်။ ဆီမီးခွက်များမှ အလင်းရောင်ရနေသလို နံ့သာခွက်များမှလည်း အမွှေးရနံ့များက ပြန့်လွှင့်နေလေသည်။

ဗုဒ္ဓရုပ်ပွားတော်နှင့် အနီးဆုံးမှာတော့ ကျောင်းအုပ်ဆရာတော်ကြီးက နေရာယူ၍ ထိုင်လေသည်။

နောက်မှာတော့ အခြားဆရာရှင်များက သူ့အဆင့်နှင့်သူ နေရာခွဲကာ ထိုင်ကြသည်။

နောက်ဘက်မှာမှ ပညာသင်ကြားနေသော သာဝကများက ငြိမ်သက်စွာထိုင်ကာ ဘုရားကန်တော့ကြသည်။

ဘုရားကန်တော့ပြီးတော့ မေတ္တာပို့ခြင်းပြုကြသည်။





မေတ္တာပို့ပြီးတော့မှ မလှုပ်မယှက်နှင့် ငြိမ်သက်စွာထိုင်ကြလေသည်။

ဘုရားရှိခိုးသည်မှစကာ မေတ္တာပို့ခြင်းအလယ် တရားရှုမှတ်ခြင်းပြီး အချိန်အတော်ကြာသည်။

သုံးနာရီခန့်ကြာသောအခါမှ ပြီးစီးသည်။

ပြီးသည်နှင့် တပည့်သာဝကများ မိမိနေထိုင်ရာ အခန်းနေရာများသို့ ပြန်ပြီး ပြုလုပ်လိုသောကိစ္စများ ပြုလုပ်၍ ရပြီဖြစ်သော်လည်း ဆရာရှင်အချို့ကတော့ ညအတွက် တာဝန်ထမ်းဆောင်ရန် ပြင်ဆင်ကြရလေသည်။

သာမန်လူများက နေ့အချိန်မှာအလုပ်လုပ်ပြီး ညအချိန်ရောက်သောအခါ အနားယူအိပ်စက်ကြလေသည်။

ဆရာရှင်များကတော့ မနားကြရပေ။ နေ့အချိန်တွင် ချပ်ခန္ဓာဖြင့် ပညာသင်ကြားသော တပည့်သာဝကတို့အား ဘာသာရပ်အလိုက် ပညာရပ်များ သင်ပေးကြရသလို. .

ည(၁၁)နာရီအချိန်ကျော်သည့် ကမ္ဘာနေရာအနှံ့အပြားမှ လိပ်ပြာခန္ဓာဖြင့် လာရောက်ပညာသင်ကြားကြမည့် တပည့်သာဝကတို့အတွက် အဆင်သင့်ပြင်ဆင်ထားကြရပေသည်။

ခါတိုင်ညများကတော့ ဆရာကြီး သူရဇ္ဈ ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ သက်ဆိုင်ရာဘာသာရပ်များ သင်ကြားလေ့လာရန်အတွက် ညဦးနက်ပိုင်းအချိန်များ၌ပင် စာသင်ခန်းမများ၌ ရှိနေကြလေသည်။

ဒီကနေ့တော့ ဆွေးနွေးတိုင်ပင်ရန်ကိစ္စ အရေးတကြီး

www.burmeseclassic.com



ရှိနေသဖြင့် ဆရာရှင် ကုမာရက ခေါ်ထားသဖြင့် လေးယောက်စလုံး ဆရာရှင်ရှိသောအခန်းရှိရာသို့ သွားကြရလေသည်။

ဆရာရှင် ကုမာရနေသောအခန်းမှာ ချောက်ကမ်းပါး ဘက်သို့ မျက်နှာမူထားပြီး ချောက်ကမ်းပါးနှင့် လူသွားလမ်း တစ်လမ်းသာခြားသောနေရာ၌ ရှိသည့်အခန်းပင်ဖြစ်ပေသည်။

ညဉ့်နက်ပိုင်းရောက်နေပြီမို့ နှင်းများကထူထပ်စွာကျ ဆင်းနေသည်ကတစ်ကြောင်း၊ ထိုနေရာတစ်ဝိုက်တွင် မီးရောင် မရှိသောကြောင့် သတိကြီးထားကာ သွားကြရပေသည်။ ခြေ လှမ်းတစ်ချက်ချော်သွားပါက ချောက်ထဲကျသွားပြီး အသက် ရှင်နိုင်စရာမရှိပေ။

ဆရာရှင် ကုမာရနေသောအခန်းရှေ့ ရောက်သောအ ခါ ပိတ်ထားသောတံခါးချပ်က အလိုလိုပွင့်သွားလေသည်။

“အပြင်ဘက်မှာ သိပ်အေးပါတယ်၊ အထဲကိုဝင်ခဲ့ကြပါ”

ဟူသောအသံကြားသဖြင့် အခန်းတွင်းသို့ ဝင်ကြလေ သည်။ နီမောင်ပါ ပါလာသောကြောင့် လေးယောက်ဖြစ်သည်။

သူတို့အတွင်းရောက်တော့ တံခါးချပ်က သူ့အလိုအ လျောက်ပြန်ပိတ်သွားလေသည်။

တံခါးပိတ်သွားတော့မှ အအေးဒဏ်ခံနေရခြင်းမှ သက် သာခွင့်ရသွားကြသည်။

သူတို့ဝင်သွားပြီးမှ ဆရာရှင်ကုမာရက တရားထိုင်နေ ရာမှ ထလာလေသည်။

ပြီးနောက် အဆင်သင့်ပြုလုပ်ထားသော လက်ဖက်ရည်





အိုးထဲမှ လက်ဖက်ရည်တစ်ပန်းကန်စီထည့်ပြီးပေးရာ ထိုလက် ဖက်ရည်ပူပူလေးကို သောက်လိုက်တော့မှ ရင်ထဲမှာ နွေးသွား ကြတော့သည်။

ဆရာရှင်က သူတို့အနီးမှာပင် တင်ပလ္လင်ခွေဝင်ထိုင် ရင်းပြောလေသည်။

“ဘဝဟောင်းကအကြောင်းဆက်တွေ ရှိခဲ့တော့လည်း ဘဝသစ်မှာ အကျိုးဆက်တွေပြန်ပေါ်လာတာပဲ၊ လောကကြီးမှာ ရှိသမျှ အရာအားလုံးတွေဟာ ဝိညာဉ်စွမ်းအင်တွေနဲ့ ဆက်စပ် ပြီးနေပြီး အကျိုးဆက်၊ အကြောင်းဆက်တွေပေါ်မှာ သက် ရောက်မှုရှိလာတာပဲ”

“မှန်ပါတယ်. .”

“အဇ္ဈတ္တမှာ အနန္တစွမ်းအင်တွေ များလျှင်များသ လောက် အကျိုးသက်ရောက်မှုချင်းကလည်း ကွာခြားမှုရှိတာ ပဲ။ အရောင်အသွေး၊ ပုံသဏ္ဍာန်နဲ့ မေတ္တာနဲ့ဆက်စပ်မှုရှိတဲ့ အလှ တရားတွေ၊ ဘဝဟောင်းကအကြောင်းတရားတွေ ရှိပေမယ့်. . တချို့ကမြင်ရတယ်၊ တချို့ကတော့ သတိမရပဲ မေ့နေတတ်ကြ တယ်”

ဒေါက်တာမင်းထင်ကျော်ကတော့ ဆရာရှင်ပြောနေ သော စကားများသည် သူ့ကိုဦးတည်ပြောနေမှန်း သဘောပေါက် လေသည်။

“လူတွေဟာ အပြင်မှာရှိနေတဲ့ အလှတရားတွေကို စိတ် ဝင်စားကြတယ်၊ မက်မောနှစ်သက်ကြတယ်၊ တကယ်တော့ အဲဒီ

www.burmeseclassic.com



အလှတရားတွေဟာ မတည်မြဲတဲ့သဘောနဲ့ အမြဲပြောင်းလဲ
တဲ့ အလှတွေပဲ၊ တကယ့်အလှစစ်ဆိုတာ မိမိခန္ဓာကိုယ်ထဲမှာ
ရှိပါတယ်၊ ဒီအလှတရားဆိုတာ ဘဝဟောင်းရဲ့ မှတ်တမ်း
ဆိုရင်လည်း မမှားဘူး၊ ကိုယ်ကမေ့နေပေမယ့် အကြောင်းတိုက်
ဆိုင်တဲ့အခါ ပြန်ပေါ်လာလေ့ရှိတယ်၊ အခုတော့ သင့်အတွက်
ဘဝဟောင်းက မှတ်တမ်းတစ်ခု ပြန်ပေါ်လာတယ်လို့ပဲ ဆို
တော့မှာပဲ"

"ကျွန်တော်တို့ ဘယ်လိုများ ဆောင်ရွက်ရပါမလဲ ဆရာ
ရှင်"

"ပင်လယ်ခရီးကို ရွက်လွှင့်သွားကြတဲ့အခါ ဦးတည်ချက်
တစ်ခုတော့ ရှိကြရတယ်၊ ဦးတည်ချက်မရှိပဲနဲ့ ရွက်လွှင့်နေရင်
ဘယ်တော့မှ လိုရာရောက်မှာမဟုတ်ဘူး"

"မှန်ပါတယ်. . ."

"လူတွေလည်း ဒီလိုပဲ၊ ဘဝခရီးကြမ်းတစ်လျှောက်
ဦးတည်ချက်ကိုယ်စီနဲ့ ခရီးဆက်နေကြရတယ်၊ ဒါပေမယ့် ခရီး
တစ်ထောက်မှာ အခက်အခဲတွေနဲ့ တွေ့ရတဲ့အခါ ဦးတည်ချက်
ပြောင်းပြီး သွားရတာမျိုးရှိပါတယ်၊

သင့်အနေနဲ့ ဒီမှာပညာသင်ဖို့ လာတယ်ဆိုပေမယ့်
ဘဝဟောင်းမှာရှိခဲ့တဲ့ ကတိတစ်ခုကို ပေးဆပ်ရလိမ့်မယ်၊
ဒါကြောင့်. . သင် သူနဲ့လိုက်သွားရပေလိမ့်မယ်"

"တကယ်လို့ ကျွန်တော်မလိုက်ခဲ့ရင် ဘယ်လိုများ ဖြစ်
လာနိုင်ပါသလဲ"





"အပြစ်မရှိတဲ့ ရွာသူရွာသားတွေ အများကြီး သေကြရ
မှာပေါ့. . ."

ထိုစကားကြောင့် သက်ပြင်းတစ်ချက်ချလိုက်ကာ လက်
ကျက်ရည်ပန်းကန်ကို ပြန်ချထားလိုက်လေသည်။

"ဘဝဟောင်းကပါလာတဲ့ ကတိကြွေးရှိရင် ပေးဆပ်ရ
တယ်၊ ဝဋ်ကြွေးရှိရင်လည်း ခံရတယ်၊ ဒါဟာ သဘာဝကျတဲ့
လောကနိယာမတရားပဲ. ."

"ကောင်းပါပြီ. . ဆရာရှင် ညွှန်ကြားပေးတဲ့အတိုင်း
ကျွန်တော် သူနဲ့လိုက်သွားပါတော့မယ်. . ."

ဆရာရှင်က ကျေနပ်သော အမူအယာဖြင့် ခေါင်းညိတ်
ပြလေသည်။

"ဒါပေမယ့် သင်တစ်ယောက်တည်းတော့ မဟုတ်ပါဘူး၊
သူပါလိုက်ရပေလိမ့်မယ်၊ သင်က သင်နဲ့သက်ဆိုင်တဲ့ တာဝန်
တွေကို ဆောင်ရွက်နေတဲ့အချိန်မှာ သူက ရွာသူရွာသားတွေ
အပေါ်မှာ ကျရောက်မယ့် အန္တရာယ်တွေကို သူတတ်ကျွမ်းတဲ့
ဆေးဝါးမန္တရားပညာတွေနဲ့ ကာကွယ်စောင့်ရှောက်ပေးရလိမ့်
မယ်။

ထိုစကားကြားသောအခါ ရေငတ်တုန်း ရေတွင်းထဲ
ကျဆိုသကဲ့သို့ ဦးဗန်ကောင်းလည်း များစွာဝမ်းသာသွားတော့
သည်။ ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း ဆိုပါက
တော်မချဘဲ ဖြစ်နေရာ ယခုမှပင် အဆင်ပြေသွားပေတော့သည်။

"ကောင်းပါပြီ၊ လိုက်သွားပါ့မယ်"

www.burmeseclassic.com



ထို့နောက် ဆရာရှင် ကုမာရက ဒေါက်တာမင်းထင်ကျော်နှင့် ဦးပန်ကောင်းတို့နှစ်ယောက်ကို နေထိုင်ရမည့်နေရာ ပြုလုပ်ဆောင်ရွက်ရမည့် အစီအစဉ်များကို ပြောပြပေးလေ သည်။

ညဥ့်နက်ပိုင်းအချိန်ရောက်သောအခါ ဆရာရှင်က လိပ်ပြာဝိညာဉ်ခန္ဓာဖြင့် လာရောက်ပညာသင်ကြားကြမည့် တပည့်များရောက်လာတော့မည်ကို သိသဖြင့် စာသင်ခန်းမှ ရှိရာသို့သွားရန် ပြင်လေရာ သူတို့လေးယောက်လည်း အခန်း ပြန်လာကြလေသည်။

အခန်းပြန်ရောက်တော့ ဆရာကြီးသူရဇ္ဇက အ အရာရာ သတိဝိရိယနဲ့ လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားလေ သည်။

“ဝိညာဉ်လောကသားတွေနဲ့ ဆက်ဆံတဲ့အခါမှာ အ ကြီးသတိထားရတယ်၊ သူတို့က အကူအညီပေးရင်လည်း မြောက်အောင် အကူအညီပေးကြသလိုပဲ သူတို့နဲ့ မသင့်မြ တော့လို အနှောင့်အယှက်ပေးရင်လည်း ရေဆုံးရေဖျားလို ပြီး နှောင့်ယှက်ဖျက်ဆီးတတ်ကြတယ်”

“ဟုတ်ပါတယ် ဆရာကြီး”

“နောက်တစ်ချက်၊ မောင်ထင်ကျော်ကို ပြောစရာရှိ တယ်”

“ပြောပါဆရာကြီး”

“ကျုပ် လိပ်ပြာခန္ဓာနဲ့ အနာဂ်ကာလီရှိတဲ့နေရာကို





ခြေအနေသွားကြည့်ခဲ့သေးတယ်. . ”

ထိုစကားကြားတော့ နည်းနည်းတော့ အံ့သြသွားမိ လေသည်။

သို့သော်လည်း ဆရာကြီး သူရဇ္ဇက သူတို့နှစ်ယောက် ထက် စိတ်စွမ်းအင်မြင့်မားသူဖြစ်သောကြောင့် ထိုကဲ့သို့ လိပ်ပြာ ခန္ဓာဖြင့် သွားရောက်ကြည့်ရှုခြင်းတော့ အံ့သြခြင်းမဖြစ်မိတော့ ပေ။

“လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာကျော်က သူတို့ကိုဘယ်လို မြှုပ်ထားခဲ့သလဲဆိုတာ သိချင်လို့သွားကြည့်ခဲ့တာပါ”

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ များစွာစိတ်ဝင် စားသွားလေသည်။

“ပြောပြပါဦး ဆရာကြီး”

“အဂ္ဂဘာဘုရင်ဆီမှာ ခစားနေတဲ့ မှော်ပညာရှင်တစ်ဦး ရှိတယ်၊ အနာဂ်ကာလီ လည်ပင်းမှာဆွဲထားပေးတဲ့ ကျောက်စိမ်း လည်ဆွဲက သူ အစီအရင်လုပ်ပေးခဲ့တာပဲ”

“ဟုတ်ကဲ့. . ”

“အဂ္ဂဘာဘုရင် နတ်ရွာစံတော့ ကျန်ခဲ့တဲ့ ရုပ်ကလပ်ကို နှစ်ပေါင်းများစွာ ကြာတဲ့အထိ မပျက်မစီးရှိနေဖို့ အစီအရင်လုပ် ပေးခဲ့တာလည်း သူပဲ”

“အနာဂ်ကာလီကိုရော ဒီလိုပဲ စီရင်ခဲ့တာပဲလား ဆရာ ကြီး”

“ဟုတ်တယ်၊ စိတ်ဝင်စားစရာကောင်းတာက အဂ္ဂဘာ

www.burmeseclassic.com



ဘုရင်တသာ ဝိညာဉ်ကြိုးပြတ်ပြီး လူသေဘဝရောက်နေသေး
အနာဂါကာလီကတော့ လူသေမဟုတ်သေးဘဲ လူသေဘဝ
ရှိနေသေးတယ်"

"ဆရာကြီးပြောတာကို ကျွန်တော် သဘောမပေါက်
ဖြစ်နေသေးတယ်"

"ဒီလို မောင်ထင်ကျော်ရဲ့ အနာဂါကာလီကို ရုပ်ပြောင်
နာမ်ခွာပညာနဲ့ စီရင်ထားခဲ့တာပဲ၊ နှစ်ပေါင်းအတော်ကြာခဲ့
မယ့် ဝိညာဉ်ကြိုးက မပြတ်သေးဘူး၊ သူ့ဝိညာဉ်က တစ်နေ
မှာရှိနေသေးတယ်"

ထိုစကားကြောင့် ကျန်သုံးယောက်တို့မှာ များစွာအံ့
သွားကြလေသည်။

အထူးသဖြင့် ဒေါက်တာမင်းထင်ကျော်ဖြစ်သည်။

ဘဝဟောင်းမှ ချစ်သူက ဝိညာဉ်ကြိုးမပြတ်သေးသော
အခြေအနေမျိုးဖြင့် ရှိနေသေးသည်ဆိုသောကြောင့် ရင်ထဲ
လှုပ်ရှားလာမိလေသည်။

"ဒါကတော့ ကံတရားပေါ့လေ၊ နှစ်ပေါင်းအတော်ကြာ
ခဲ့ပြီဖြစ်လို့ မောင်ထင်ကျော်က ဘဝတစ်ခုပြောင်းခဲ့ရပေမယ့်
သူကတော့ အရင်ဘဝက ရုပ်ခန္ဓာနဲ့ပဲ ရှိနေသေးတယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ကျုပ်ရောက်သွားတဲ့အချိန်မှာ သူ့ရုပ်ခန္ဓာထည့်ထား
တဲ့ အခြေအနေကိုကြည့်ခဲ့တယ်၊ လူတွေမတွေ့နိုင်တဲ့ နေရာမှာ
ဂူပေါက်တစ်ခုရှိတယ်၊ အဲဒီနေရာမှာ တစ်ပင်လုံး နီရဲနေအောင်





နေတဲ့ သလဲပင်တွေရှိတယ်"

"ဟုတ်ကဲ့. . ."

"သလဲပင်တွေပိတ်နေတဲ့အပြင် ဂူပေါက်ဝကို ကျောက်
ကြီးနဲ့ပိတ်ထားတယ်၊ အခြားကလာတဲ့လူတွေကို သတ်တော့
ဆိုရင် ဂူပေါက်ဝက အလိုလိုပွင့်နေပြီး အတွင်းကို အလွယ်
တော့ ရောက်နိုင်တယ်"

"ကြောက်စရာပဲ"

"တခြားအချိန်တွေမှာတော့ ဂူပေါက်ဝရှိမှန်း မသိနိုင်
ဘူး၊ ဒါကတော့ ဉာဏ်ကိုသုံးပြီး တွေ့အောင်ရှာပေါ့. ."

"ဟုတ်ကဲ့. ."

"ကျောက်ဂူအတွင်းမှာ သလင်းကျောက်နဲ့ လုပ်ထားတဲ့
ခေါင်းတလားနှစ်လုံးရှိတယ်၊ တစ်လုံးက အဂ္ဂဘာဘုရင်ရဲ့ အ
လောင်းထည့်ထားပြီး၊ ကျန်တဲ့တစ်လုံးထဲမှာတော့ အနာဂါကာလီ
ရဲ့ ရုပ်ခန္ဓာရှိတယ်"

"ဘယ်လိုဖွင့်ရမလဲ ဆရာကြီး"

"သလင်းကျောက်တုံးကြီးကို အဖုံးအပိတ်တသားတည်း
ဖြစ်အောင် စီမံထားလေတော့ ဖွင့်ဖို့တော့ မလွယ်လှဘူး၊ ဒါ
ပေမဲ့ မောင်ထင်ကျော်တို့ အစွမ်းအစနဲ့ပဲ ရအောင်ဖွင့်ရမှာပဲ"

"ဟုတ်ကဲ့. ."

"အဲသည်လိုဖွင့်တဲ့အခါမှာ အထူးသတိထားရမယ်. .၊
ခေါင်းတလားကြီး မဖွင့်လိုက်နဲ့၊ နှစ်ပေါင်းများစွာ ပြင်ပလေနဲ့ မထိ
တွေ့ရတဲ့ ရုပ်ခန္ဓာဟာ လေစိမ်းနဲ့ထိတဲ့အခါ ပျက်စီးသွားနိုင်

www.burmeseclassic.com



တယ်၊ ဒီတော့ ကျောက်တလားကိုဖွင့်အခါမှ စိတ်မလောနဲ့၊ ဖြေးဖြေးနဲ့ စိတ်ရှည်လက်ရှည်သာ ဖွင့်ပေတော့. ."

"ကောင်းပါပြီး ဆရာကြီး"

"သူရဲ့ ရုပ်ခန္ဓာထိလို့ကိုင်လို့ရတဲ့အခါမှာ သူ့လည်ပင်းမှာဆွဲထားတဲ့ ကျောက်စိမ်းလည်ဆွဲကိုလည်း ဖြုတ်ပေးလိုက်ပါ၊ ဒါမှ ကျိန်စာစက်ကွင်းက လွတ်မြောက်ခွင့်ရမှာပါ"

"ဟုတ်ကဲ့၊ အခုလို ပြောပြပေးတဲ့အတွက် ဆရာကြီးကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး မောင်ထင်ကျော်ရယ်၊ ကျုပ်တို့က တစ်သက်လုံး အတူလက်တွဲလာခဲ့ကြတဲ့ အချင်းချင်းတွေပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က တတ်နိုင်တဲ့နေရာက အကူအညီပေးရမှာပေါ့၊ ဒါမှလည်း မိတ်ဆွေကောင်းတွေရဲ့ ဓတ္တုရားနဲ့ ညီညွတ်မှာပေါ့. . ."

ဆရာကြီးက ထိုသို့ပြောသော်လည်း ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ များစွာကျေးဇူးတင်နေမိလေသည်။ ဆရာကြီးသူရဇ္ဇက သူတို့ထက် စိတ်စွမ်းအားမြင့်မားသူ ဖြစ်လေသည်။

ထို့ကြောင့် သူစွမ်းဆောင်နိုင်သောပညာဖြင့် ကြိုတင်သိသင့်သောအချက်များ သိစေရန် ကြိုးစားဆောင်ရွက်ပေးခြင်းပင် ဖြစ်ပေသည်။

စကားပြတ်သွားတော့မှ အနားမှ နားထောင်နေသော နီမောင်က ဝင်မေးလေသည်။





"ကျွန်တော် တစ်ခုလောက်တော့ မေးပါရစေဆရာကြီး"

"မေးပါကွယ်"

"တခြားမဟုတ်ပါဘူး၊ အနာရ်ကာလီရဲ့ဝိညာဉ်က ကျွန်တော်တို့ရွာကလူတွေကို ဘာကြောင့်လာပြီး သတ်ဖြတ်နေတယ်ဆိုတာ သိချင်လို့ပါ. ."

ဆရာကြီးသူရဇ္ဇက လက်ဖက်ရည်တစ်ခွက်ကို သောက်နေရာမှ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"တကယ်တော့. . အနာရ်ကာလီဟာ မိန်းမဆိုးတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဆိုးဝါးလှတဲ့ ပတ်ဝန်းကျင်ရဲ့ နှိပ်စက်မှုကြောင့် ဒီလိုဘဝမျိုး ရောက်ခဲ့ရတာဆိုတော့ လူတွေကိုနာကျည်းနေလို့ လုပ်တာပါ၊ နောက်တစ်ချက်ကလည်း အခုသူရဲ့ဝိညာဉ်ရှိနေတဲ့ နေရာကလည်း တခြားမဟုတ်ဘူး သူသတ်ကုန်းနဲ့ သချိုင်းရှိတဲ့နေရာမဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီတော့ သူ့ဝိညာဉ်နေရတဲ့ နေရေပတ်ဝန်းကျင်မှာ မကောင်းတဲ့ဝိညာဉ်တွေနဲ့ပဲ နေရမှာပေါ့၊ ဒီတော့ သူ့ဝိညာဉ်လည်း အခုလို ကြမ်းတမ်းရက်စက်တဲ့ဘဝမျိုး ရောက်ခဲ့ရတာပေါ့ကွာ. ."

"သဘောပေါက်ပါပြီ ဆရာကြီး. .၊ အနာရ်ကာလီရဲ့ ဝိညာဉ်ကို အကြောင်းပြုပြီး ဝိညာဉ်တွေက ဝင်ရောက်နှောင့်ယှက်နေတယ်ဆိုတာ သိပါပြီ၊ ဒီအန္တရာယ်တွေကိုလည်း သုတ်သင်ဖယ်ရှားလို့ရနိုင်ပါလား ဆရာကြီး. ."

www.burmeseclassic.com



"ဒီလောက်လည်း စိတ်မပူပါနဲ့ကွာ၊ လောကမှာ မကောင်းတာတွေရှိသလို ကောင်းတာတွေလည်း ရှိကြပါတယ်။ ဟောဒီမှာ မင်းတို့နဲ့တစ်ပါတည်း လိုက်လာမယ့် ဆရာကြီး ဦးဗန်ကောင်းက မင်းတို့ကြုံတွေ့နေရတဲ့ အန္တရာယ်တွေကို ရှင်းလင်းဖယ်ရှားပေးပါလိမ့်မယ်. ."

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်. . ."

လေးယောက်သား စကားပြောနေကြရာ ညဉ့်နက်ပိုင်းအချိန်ပင် ကျော်လွန်လာပေပြီ။

ထိုအချိန်တွင် နှင်းများဖြင့် ပိတ်ဆီးနေသော ကျောင်းတော်ကြီးရှိရာသို့ ကမ္ဘာ့နေရာအနှံ့အပြားမှ ဝိညာဉ်လိပ်ပြာခန္ဓာဖြင့် ပညာသင်ကြားမည့်သူများ ရောက်လာကြပေတော့မည်။





# အခန်း [ ၁၂ ]

# အနာဂါတ်ကာလီနှင့် မကောင်းဆိုးဝါးများ

ယခုအခန်းမှာတော့ ရှမ်ဂရီလားသို့ ရောက်နေကြသည့် သီဟဒီပတို့အဖွဲ့အကြောင်းကို ရေးသားဖော်ပြပေးရပါမည်။

၎င်းတို့အဖွဲ့မှာ ခေါင်းဆောင်ဖြစ်သူက သီဟဒီပဆိုသူဖြစ်ပြီး သူ့နောက်တွင်၊ သံပချိုင်၊ ဇမ္ဗုန်းထန်၊ ရာဂျစ်နှင့် ဒမ်ဇာမုန်တို့လေးယောက်ပါလာသဖြင့် စုစုပေါင်း ငါးယောက်ဖြစ်သည်။

သူတို့အဖွဲ့သည် ရှမ်ဂရီလားမြို့ကလေးသို့ တကူးတကလာရောက်ကြသော ရည်ရွယ်ချက်မှာ ကျောက်စိမ်းလည်ဆွဲကို ရှာဖွေယူငင်ကြရန်ပင်ဖြစ်ပေသည်။

www.burmeseclassic.com



၎င်းတို့သည် ရှမ်ဂရီလာ တည်းခိုဆောင်တွင် ငှားရမ်းနေထိုင်ကြစဉ် တည်းခိုခန်းပိုင်ရှင် ချန္ဒရာက များစွာအကူအညီပေးခဲ့လေသည်။

လမ်းပြလိုသည်ဆိုသဖြင့် နီမောင်တို့ကိုခေါ်ပေးသည်။ သို့သော် အဆင်မပြေခဲ့ပေ။

ထို့ကြောင့် နောက်ထပ်တစ်ဖွဲ့ကိုခေါ်ပေးသည်။

မာလုနှင့် ရာမ ဆိုသော မုဆိုးနှစ်ယောက်ဖြစ်သည်။ ၎င်းတို့နှစ်ယောက်က သွားလိုသောနေရာတို့ကို ကောင်းစွာလမ်းပြပေးနိုင်သည်ဟု ပြောသဖြင့် အခငွေကြေးပေးကာ ခေါ်သွားလေသည်။

သို့ကြောင့် သူတို့အဖွဲ့မှာ ခုနစ်ယောက်ဖြစ်သွားတော့သည်။ သီဟဒီပတို့အဖွဲ့တွင် အမဲပစ်သေနတ်သုံးလက်နှင့် ကျည်ဆံများလည်းပါဝင်ကြလေသည်။

၎င်းတို့ရည်ရွယ်ချက်ကတော့ တောထဲတောင်ထဲ သွားလာရင်းနှင့် ရှားပါးသော အမဲကောင်းများတွေ့ပါက ပစ်ခတ်ဖမ်းဆီးရန် ရည်ရွယ်ချက်ရှိသည်။

လမ်းပြနှစ်ယောက်ရသောအခါ ခရီးထွက်ရန်ပြင်ကြလေသည်။

လိုအပ်သောရိက္ခာပစ္စည်းများကို ရှမ်ဂရီလာမြို့ကလေးမှပင် ပြည့်စုံအောင်ဝယ်ယူပြီး နောက်တစ်နေ့တွင် စတင်ခရီးထွက်ကြလေသည်။

ရာမနှင့် မာလုတို့နှစ်ယောက်မှာ မုဆိုးအလုပ်ဖြင့် အ





သက်မွေးဝမ်းကျောင်းပြုကြသော်လည်း နေရာအတော်များများတော့ မရောက်ဖူးကြပေ။

ထို့ပြင် ကျောက်စိမ်းဂူဟုအမည်ပေးထားသောနေရာကိုလည်း နှံ့နှံ့စပ်စပ်ရောက်ဖူးကြခြင်း မရှိကြပေ။

ငွေကြေးများစွာရကြသဖြင့် လမ်းပြပေးကြခြင်းဖြစ်ပေသည်။

တကယ်တော့ ရှမ်ဂရီးလားနှင့် ကျောက်စိမ်းဂူရှိသောနေရာမှာလည်း မနီးစပ်လှပေ။

တောင်နှင့်မြောက်ကဲ့သို့ အလှမ်းဝေးလှသည်။

လမ်းခရီးတစ်ထောင့်တွင် အန္တရာယ်များလှသောနေရာ အတော်များများကို ဖြတ်သန်းသွားကြရသည်။

တောနက်ကြီးများ၊ တောင်မြင့်ကြီးများတို့ကို ကျော်ဖြတ်သွားရလေသည်။

သူတို့ဖြတ်သွားသောခရီးလမ်းတစ်လျှောက်မှာလည်း ထူးခြားသော ရှားပါးသည့် တောတိရစ္ဆာန်များကို တွေ့ကြရသည်။

တစ်နေရာရောက်သောအခါ ကျောက်နံရံနံဘေး၌ ထူးခြားသော ရုပ်ထုတစ်ခုကိုတွေ့ရလေသည်။

မျောက်ဝံရုပ်တုကြီးပင်ဖြစ်သည်။

မည်သည့်အချိန်က မည်သူထုလုပ်ခဲ့မှန်း မသိကြရသော်လည်း နှစ်ပေါင်းများစွာကြာမြင့်နေဟန်ဖြင့် ရေညှိရေမှော်များ တက်နေပေပြီ။

www.burmeseclassic.com



လူတစ်ယောက်ထက် ပိုမိုကြီးသောအရွယ်အစားရှိပြီး ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန်မျိုးပင်ဖြစ်၏။

ထိုမျောက်ဝံရုပ်ကြီးကိုမြင်သောအခါ သီဟဒီပက စိတ်ဝင်စားသဖြင့် မေးလေသည်။

“ဒီမျောက်ဝံရုပ်ကြီးက ဒီနေရာမှာဘာကြောင့် ရှိနေတာလဲ”

“ကျွန်တော်တို့ မသိဘူး”

မာလုက အမှန်အတိုင်းပင် ပြောလိုက်သည်။

“မင်းတို့ ဒီနေရာ မရောက်ဖူးဘူးလား”

ခေါင်းခါပြသည်။

“မျောက်ဝံသွေးကို အရက်နဲ့ရောသောက်ရင် အကောင်းဆုံး အားဆေးဖြစ်တယ်၊ ဒီနေရာမှာ မျောက်ဝံတွေ မရှိဘူးလား၊ မျောက်ဝံတစ်ကောင်လောက် ရရင်ကောင်းမယ်”

ထိုစကားကြားသောအခါ မာလုနှင့် ရာမတို့နှစ်ယောက်မှာ ထိတ်လန့်သွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီးမှ မာလုကပြောသည်။

“ဒီလိုလုပ်လို့ မကောင်းဘူး”

“ဘာကြောင့် မကောင်းတာလဲ”

“မျောက်ဝံတွေက တောလူတွေလိုပဲ သိပ်ပြီးကြောက်စရာ ကောင်းတယ်၊ သူတို့ကို ရန်မူမိရင် သဲကြီးမဲကြီး လိုက်ပြီးတော့ ကလဲ့စားချေလေ့ရှိတယ်၊ သူတို့ကိုတွေ့ရင်လည်း မပစ်ပါနဲ့ အန္တရာယ်များလှတယ်”





“မျောက်ဝံတွေ ဘယ်လောက်ဆိုးဆိုး၊ သေနတ်ကျည်ဆံနဲ့တွေ့ရင်တော့ မခံနိုင်ကြပါဘူး၊ မင်းတို့ကိုင်တဲ့ လက်နက်တွေလောက်တော့ သူတို့က ဘယ်ကြောက်ပါ့မလဲ”

ထိုသို့ပြောနေစဉ် သူတို့ရောက်နေသော နေရာနှင့် မနီးအဝေးမှ မာန်ဖီသံလိုအသံမျိုးကြားလိုက်ရသဖြင့် သေနတ်များကိုပြင်လိုက်ကြသည်။

သို့သော်လည်း ထွေထွေထူးထူးတော့ဘာမှ မတွေ့ရပေ၊ သူတို့အဖွဲ့ထိုနေရာသို့ ရောက်သောအချိန်မှာ နေ့လည်ပိုင်းအချိန်ပင်ရှိသေးသည်။

ထိုအချိန်မှာပင် တောတစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအခြေအနေကို သတိပြုမိသော မာလုနှင့် ရာမတို့နှစ်ယောက်ကတော့ စိတ်တထင့်ထင့်ဖြစ်နေကြသည်။

သူတို့သည် မျောက်ဝံရုပ်ကြီးရှိသော နေရာနှင့် မနီးမဝေးနေရာတွင် စခန်းချပြီး ပါလာသောအစားအသောက်တို့ကို စားသောက်ရန် ပြင်ဆင်ကြလေသည်။

နေ့လည်ပိုင်းအချိန်ပင်ရှိသေးသောကြောင့် အလင်းရောင်ကတော့ ရှိနေသေးသည်။

သို့သော် သစ်ပင်ကြီးများက ထူထပ်စွာအုပ်မိုးနေသဖြင့် အောက်ခြေတစ်ဝိုက်မှာတော့ မှောင်နေသည်။

သစ်ပင်ကြီးတစ်ပင်အောက်မှာ စခန်းချပြီးသောအခါ တစ်ယောက် အောက်ဘက်လျှိုထဲမှာရှိသော စမ်းချောင်းအတွင်း

www.burmeseclassic.com



သို့ ရေဆင်းခပ်ရန် ဆင်းသွားလေသည်။

အောက်ရောက်တော့ သစ်ချုံများကြားမှ တိုးထွက်လာသော မျောက်ဝံနီကြီးတစ်ကောင်နှင့် ပက်ပင်းတိုးလေတော့သည်။

ရေခပ်ရန်ဆင်းလာသူက ကြောက်ကြောက်လန့်လန့်နှင့် ကျောမှလွယ်ထားသည့် သေနတ်ကို မောင်းဖြုတ်ကာပစ်လေသည်။

"ဒိုင်း. . ဒိုင်း. ."

ချောက်ထဲမှာ သေနတ်သံက ကျယ်လောင်စွာပေါ်ထွက်လာသည်။

ထို့အတူ မျောက်ဝံနီကြီး၏ ကျယ်လောင်သောအော်သံကလည်း စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

ထိုမျောက်ဝံနီကြီးအော်သံနှင့် မရှေးမနှောင်းမှာပင် တောတွင်းနေရာအနှံ့မှာ အခြားအော်သံများလည်း ပေါ်ထွက်လာလေတော့သည်။

သေနတ်ကျည်ဆံထိမှန်သော မျောက်ဝံကြီးကတော့ ရှေ့ဆက်တိုးမလာပဲ နေရာမှာတုံ့သွားသည်။

ကျည်ဆံထိထားသော ဝမ်းဗိုက်တစ်နေရာမှ သွေးများ စီးကျလာသည်။ ရေခပ်ဆင်းသူမှာ ရာဂျစ်ဖြစ်သည်။

ရာဂျစ်လည်း မျောက်ဝံနီကြီးအား သေနတ်ဖြင့် ပစ်တော့မှ ပို၍ကြောက်လန့်လာသဖြင့် အပေါ်သို့ ပြန်တက်ပြေးလေသည်။





သို့သော် စခန်းချသောနေရာသို့ပင် ပြန်မရောက်တော့ သ။ လမ်းခုလတ်မှာ ထွက်လာသောမျောက်ဝံနီကြီးတစ်ကောင်က ဖမ်းခေါ်သွားပြီး သတ်ဖြတ်ပစ်လိုက်လေတော့သည်။

"အား. . . ကယ်ကြပါဦး"

ရာဂစ်အော်သံကြားသဖြင့် ကျန်သူများလည်း သေနတ်များယူပြီး အသံကြားရာဘက်သို့ ပြေးလာကြသည်။

သို့သော်. . ထိုနေရာရောက်တော့ သွေးကွက်များသာ တွေ့ရပြီး ရာဂျစ်ကိုမတွေ့ကြရတော့ပေ. . .။

"ရာဂျစ်ကို တောကောင်ဆွဲသွားတာဖြစ်မယ်၊ သူ့မှာ သေနတ်ပါတာပဲ၊ စောစောက သေနတ်သံကြားလိုက်ရသေးယ်"

ထိုသို့ပြောနေစဉ်မှာ ပတ်ဝန်းကျင်တစ်ဝိုက်မှာ မျောက်ဝံကြီးများ၏ စူးစူးဝါးဝါး အော်သံများ အဆက်မပြတ်ပေါ်လာသသည်။ ထိုအသံများကြားတော့ ရာမကပြောသည်။

"စောစောက သူပစ်တာ မျောက်ဝံနီဖြစ်မယ်ထင်တယ်၊ အော်သံတွေဟာ မျောက်ဝံနီတွေရဲ့ အော်သံတွေပဲ၊ ဒီနေရာက မြန်သွားကြမှဖြစ်မယ်"

"ဟုတ်တယ်. . မျောက်ဝံနီတွေက အကောင်ကြီးသ ာက် ကြောက်ဖို့ကောင်းတယ်၊ သူတို့ဝိုင်းလာရင် သေနတ်နဲ့ လည်း မကြောက်ဘူး၊ ဒီနေရာကနေ အမြန်သွားကြမှ ဖြစ်ယ်"

ဟု ပြောနေစဉ်မှာပင် မျောက်ဝံနီများ၏ အော်သံများက

www.burmeseclassic.com



တဖြည်းဖြည်းနှင့် နီးလာလေသည်။

သစ်ပင်များကြားမှ ဖြတ်ပြေးသွားသော ပုံရိပ်များ.. အပင်များပေါ်မှ တစ်နေရာမှ တစ်နေရာလွှဲကူးသွားသော ပုံရိပ်များကို တွေ့ရသည်နှင့် ရာဂျစ်ကိုပင် ရှာချိန်မရတော့ပေ။

ထိုနေရာမှာ စခန်းချရန်အတွက် ပြင်ဆင်ထားသော ပစ္စည်းများကို မျောက်ဝံနီကြီးများ ရောက်လာပြီးနောက် တိုက်ခိုက်ကြလေတော့သည်။

သီဟဒီပတို့လည်း ၄င်းတို့ထံမှာ ရှိနေသေးသော သေနတ်နှစ်လက်ဖြင့် ပစ်ခတ်ကြရာ သေနတ်သံများက ဆူညံသွားလေတော့သည်။

သို့သော်လည်း မရတော့ဘဲ မျောက်ဝံနီများက တစ်ကောင်ပြီးတစ်ကောင် များလာသောကြောင့် မတတ်နိုင်တော့သဖြင့် ထိုနေရာမှ ထွက်ပြေးကြရတော့သည်။

ထိုသို့ပြေးရင်းမှာပင် သစ်ပင်များကြားမှ ဝေါခနဲထွက်လာသော မျောက်ဝံနီတစ်ကောင်လက်ချက်ကြောင့် လမ်းပြလိုက်လာသော ရာမမှာ လဲကျသွားလေသည်။

သေနတ်ဖြင့်ပစ်သော်လည်း မထိလိုက်တော့ပေ။

ရာမမှာ ခြေထောက်တစ်ဖက် ဒဏ်ရာရသွားသဖြင့် လမ်းမလျှောက်နိုင်တော့ပေ။

"ငါ့ကိုကယ်ကြပါဦး၊ တစ်ယောက်တည်း မထားခဲ့ကြပါနဲ့ ငါ့ကိုခေါ်သွားကြပါ"

ဟု အော်ပြောနေသော်လည်း ၄င်းအား မခေါ်နိုင်တော့





သဖြင့် ဘေးအန္တရာယ်လွတ်ရာသို့ ပြေးကြလေတော့သည်။

ထိုနေရာမှာတော့ လမ်းမလျှောက်နိုင်တော့သော ရာမတစ်ယောက်တည်းသာ ကျန်ခဲ့ပေရာ ကြောက်လွန်းသဖြင့် တဆတ်ဆတ်တုန်ရင်နေတော့သည်။

အတူတူလာသော မာလုခများမှာလည်း ရာမအတွက် စိတ်မကောင်းဖြစ်သော်ငြားလည်း သူတစ်ယောက်တည်း မနေရဲတော့သဖြင့် သီဟဒီပတို့နှင့် လိုက်သွားရလေတော့သည်။ မကြာခင် ရာမကျန်ခဲ့သော နေရာမှ စူးစူးဝါးဝါးအော်လိုက်သောအသံကိုသာ ကြားကြရပေတော့သည်။

စိတ်မကောင်းဖြစ်မိသော်လည်း မတတ်နိုင်တော့ပေ။

သူတို့အဖွဲ့မှာ ခရီးစထွက်လာစဉ်က လူခုနစ်ယောက်ရှိသော်လည်း ငါးယောက်သာကျန်တော့သည်။

သေနတ်သုံးလက်ကလည်း နှစ်လက်သာကျန်တော့သည်။

ဤသို့ဖြင့် ခြေဦးတည်ရာသို့ ပြေးခဲ့ကြရာ အချိန်အတော်ကြာသောအခါမှတော့ နောက်မှလိုက်လာသော မျောက်ဝံများအော်သံ မကြားရတော့ပေ။

ထိုအခါမှ သင့်တော်သောနေရာမှာ စခန်းချကြရလေသည်။ နေဝင်ချိန်ရောက်တော့မည်ဖြစ်သောကြောင့် ခရီးဆက်ရန်လည်း မသင့်တော့ပေ။

လုံခြုံသောဂူတစ်ဂူထဲမှာဝင်ပြီး စခန်းချပြီးတော့မှ ဒဏ်ရာဒဏ်ချက်တို့ကို ဆေးထည့်ပတ်တီးစည်းကြသည်။

www.burmeseclassic.com



ထို့နောက်ပါလာသော အစားအသောက်တို့ကို အ
သောက်ပြီးနားကြရသည်။

ညဘက်ရောက်တော့ အလှည့်ကျကင်းစောင့်ပြီး အိ
ကြရသည်။ ထိုညမှာတော့ နောက်ထပ်မည်သည့်အန္တရာယ
မတွေ့ရသောကြောင့် ကောင်းစွာနားကြရသည်။

သို့သော်လည်း နေ့လည်ကကြုံတွေ့ခဲ့ရသော အ
ဆိုးများကြောင့် စိတ်ချလက်ချတော့ မရှိလှပေ. . .။

နောက်တစ်နေ့ နံနက်လင်းသည်နှင့် ထိုနေရာမှ
ထွက်ကြလေသည်။

အချိန်အတော်ကြာတော့ တောလိုက်မုဆိုးနှစ်ယော
နှင့်တွေ့သဖြင့် မေးမြန်းစုံစမ်းကြည့်ရာ တောင်ဘက်သို့ လ
ညွှန်းထိုးပြကြသည်။

"မြစိမ်းရောင်ကုန်းက မဝေးတော့ပါဘူး၊ ဒီကနေသွာ
ရင် နေဝင်ချိန်လောက်ဆိုရင် ရောက်သွားကြမှာပါ"

ထိုစကားကြောင့် အားတက်သွားကြသဖြင့် သီဟ
ကလှမ်းမေးလိုက်သည်။

"အဲဒီနေရာမှာ ထူးခြားတာဘာတွေရှိသလဲ"

"ထူးခြားတာကတော့ သချိုင်းကုန်းနဲ့ သူသတ်က
တော့ရှိတယ်၊ နောက်ပြီး တစ္ဆေသရဲတွေ ရှိတယ်. . ဟီးဟီး..

ပြောရင်းနှင့် သွားဖြဲပြီးရယ်ပြလိုက်သေးသည်။

သီဟဒီပကတော့ သူမေးတာတခြား ပြန်ဖြေတာတ
ဖြစ်နေသောကြောင့် စိတ်တိုသွားလေသည်။





"အဲဒါတွေမေးတာမဟုတ်ဘူးကွ၊ မြစိမ်းရောင်မင်းသမီး
တဲ့ဂူ အဲဒီနေရာမှာရှိသလားလို့ မေးတာ. ."

"ရှိတာပေါ့ မြစိမ်းရောင်မင်းသမီးတင်ဘယ်ကမှာလဲ. .
ရဲ့အစေအပါးတွေဖြစ်တဲ့ သရဲသဘက်တွေလည်း အများကြီး
တယ်၊ မင်းသမီးနဲ့မတွေ့ရခင်မှာ သူတို့နဲ့ အရင်တွေ့ကြရမှာ
တော့ အသေအချာပဲ၊ သွားကြ. . သွားကြ. . ဟီး ဟီး ဟီး. ."

ဟုပြောဆိုရယ်မောကာ တောထဲဝင်သွားကြလေသည်။
သီဟဒီပတို့ကတော့ တောအတွေ့အကြုံမရှိသဖြင့် သတိမပြု
ကြသော်လည်း တောထဲတောင်ထဲသွားလာနေသော မာလုက
တော့ ထိုလူနှစ်ယောက်ကိုကြည့်ပြီး စိတ်ထဲမှာ သံသယဝင်သွား
လေသည်။

သူစိတ်ထဲမှာ ထိုလူနှစ်ယောက်၏ အမူအယာမှာ လူ
တစ်ယောက်နှင့်မတူသည်ကိုတော့ သိနေသည်။

ထို့နောက်မှာတော့ မုဆိုးနှစ်ယောက် လမ်းညွှန်ပြသော
ဘက်သို့ ခရီးဆက်သွားကြရာ ညနေပိုင်းအချိန်လောက်တွင်
မြစိမ်းရောင်ကုန်းရှိသောနေရာသို့ပင် ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်သွားကြပေတော့သည်။

ထိုနေရာရောက်တော့ နေဝင်ရီတရော အချိန်ဖြစ်နေ
ချေပြီ။ သချိုင်းဟောင်းရှိသော နေရာတစ်ဝိုက်မှာတော့ အုတ်ဂူ
အပြိုအပျက်များရှိသည်။

အချို့အုတ်ဂူများမှာ သလင်းကျောက်ဖြင့် ပြုလုပ်ထား
သော်လည်း နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ချိုနွယ်ပိတ်ပေါင်း

www.burmeseclassic.com



များ ဖုံးနေပြီး အရောင်းအဆင်းပင် မပေါ်တော့ပေ။

သူသတ်ကုန်းတစ်ဝိုက်မှာလည်း ကျောက်တိုင်ကြီးတ
တိုင်သာရှိတော့ပြီး အခြားဘာမှမရှိတော့ပေ။

ထိုကျောက်တိုင်ကြီးမှာ တစ်ချိန်က လူများကိုသတ်ဖြ
ရန် ချုပ်နှောင်သော ကျောက်တိုင်ဖြစ်ခဲ့ဟန်ရှိပေသည်။

ထိုနေရာအထက်ပိုင်းတွင် ကျောက်တောင်များရှိသည်
အချို့ကျောက်တောင်များတွင် ကျောက်ဂူပေါက်များလည်း
သည်။ အချို့မှာတော့ ပိတ်နေသည်။

ထိုနေရာတစ်ဝိုက်မှာတော့ သလဲပင်တောများရှိသည်
သလဲပင်ကို သာလဲပင်၊ တာလဲပင်ဟုလည်း ခေါ်သည်။ အပ
မြင့် အမျိုးအစားဖြစ်ပြီး အမြစ်များသောအပင်မျိုးဖြစ် သည်

အသီးသီးသောအခါ အနီရောင်ဖြစ်သည်။

သလဲပင်တောကြီး တပြိုင်နက်တည်း သီးသောအခိ
ရောက်ပါက နီရဲနေတတ်လေသည်။

ထိုနေရာရောက်တော့ သီဟဒီပကပြောသည်။

"မြစိမ်းရောင်မင်းသမီးရှိတဲ့နေရာက ဒီသလဲတော
တဲ့နေရာပဲ၊ ဒါပေမယ့် သလဲပင်တွေက ဒီလောက်များတော
ရှာရခက်လိမ့်မယ်"

"မခက်ပါဘူး၊ သူက ညအချိန်ရောက်တဲ့အခါ အပြ
ဘက်ထွက်လာတယ်လို့ ပြောသံကြားတယ်"

အတူပါလာသော သံပချိုင်က ပြောသည့်အခါ ဗမ
ထန်ကလည်း သူသိသမျှ ဝင်ပြောလေသည်။





"အနာဂါကာလီ ဝိညာဉ်က လပြည့်လကွယ်ရက်တွေ
ရောက်မှ အပြင်ထွက်တယ်လို့ ကြားမိတယ်၊ ဒီရက်တွေမှာ တွေ့
ရပ့ါမလား"

"မတွေ့မချင်းစောင့်ရင်တော့ တွေ့ရမှာပေ့ါကွာ"

ခမ်ဇာမုန်ဆိုသူကပြောလိုက်တော့မှ စကားပြတ်သွား
လေတော့သည်။

သူတို့သည် သလဲပင်တောကြီးရှိသောနေရာနှင့် မနီး
အဝေးမှာ စခန်းချကြလေသည်။

ထူးခြားသောအချက်မှာ ထိုနေရာတစ်ဝိုက်သို့ မည်
သည့် တောတိရစ္ဆာန်မှ မလာကြခြင်းဖြစ်သည်။

သလဲသီးမှည့်ကြွေကျနှစ်သက်ကြသည့် ငှက်များပင် သစ်
ပင်များပေါ်မှာ မတွေ့ကြရပေ. . . ။

သို့သော်လည်း အမှုမဲ့အမှတ်ဖြင့်သာ ရှိကြသည်။

သူတို့စခန်းချသောနေရာမှာ ဂူပေါက်များရှိသော နေ
ရာနှင့် မဝေးသော ကျောက်ဂူတစ်ဂူအတွင်း၌ ဖြစ်သည်။ ည
အချိန်ရောက်တော့ လရောင်မရှိသဖြင့် ပတ်ဝန်းကျင် တစ်ဝိုက်
မှာ မှောင်မည်းနေလေသည်။

သီဟဒီပတို့လည်း ဂူအတွင်းမှာ မီးပုံတစ်ခုဖိုထားပြီး
အပြင်ဘက်မှ အခြေအနေကို နားစွင့်နေကြလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ အပြင်ဘက်မှ အသံအချို့
ကြားလာရသည်။ တစ်နေ့လုံး မည်သည့်တိရစ္ဆာန်မှ မလာသော
တောင်ကုန်းပေါ်သို့ တိရစ္ဆာန်အချို့ တက်လာလေသည်။

www.burmeseclassic.com



သလဲသီးမကြိုက်သော တောခွေးများပင်ဖြစ်တော့သည်။ တောခွေးအုပ်က အကောင်အရေအတွက်များသည် တောင်ကုန်းပေါ်ရောက်တော့ ရပ်ကာ စူးစူးဝါးဝါးအူကြလေတော့သည်။

"အူဝူဝူ. . အူဝူဝူ"

တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်တစ်ခုလုံး တောခွေးအူသံများဖြင့် ဆူညံသွားလေတော့သည်။

တောခွေးများ ရောက်နေသော တောင်ကုန်းနေရာမှာ သူတို့ရှိနေသော နေရာနှင့်လည်း မဝေးလှပေ။

ထို့ကြောင့် အသံများကြားရသလို လှုပ်ရှားနေကြသည့် ပုံရိပ်များကိုလည်း ဝိုးတဝါး မြင်နေရသည်။

"အူ. ဝူ. ဝူ. . . အူ. ဝူ. ဝူ. . ."

တောခွေးများ အူသံများပေါ်ထွက်လာပြီး မရှေးနှောင်းမှာပင် ထိုနေရာတစ်ဝိုက်မှာ အစိမ်းရောင်များ ထွက်ပေါ်လာလေသည်။

ဂူထဲရောက်နေသူများက ထိုအရောင်များမှာလရောင်ထွက်လာသဖြင့် ကျလာသော အရောင်များဖြစ်သည်ဟု ထင်ကြလေသည်။

သို့သော် လရောင်က ထိုကဲ့သို့ အစိမ်းရောင်မျိုးတော့ မဟုတ်ပေ. . . ။

သလဲတောထဲတွင် အစိမ်းရောင်များလင်းလာသည်ကို မြင်သောအခါ အခြေအနေ စောင့်ကြည့်နေကြသော သီဟဒီ





တို့မှာ များစွာဝမ်းသာသွားကြလေသည်။

သူတို့ရောက်နေသော နေရာမှာလည်း မြစိမ်းရောင်မင်းသမီးဟုခေါ်ကြသော. . အနာဂတ်ကာလီမြှုပ်နှံထားသော သင်္ချိုင်းနေရာဖြစ်မည်ကိုလည်း သိသွားကြလေသည်။

အခြေအနေကြည့်နေစဉ်မှာပင် သလဲတောတစ်ခုလုံး အစိမ်းရောင်များကြောင့် နေ့အခါကဲ့သို့ပင် မြင်လာရသည်။

ထိုအချိန်တွင် သလဲတောထဲမှ အမျိုးသမီးတစ်ယောက် ထွက်လာလေသည်။

အသက်(၂၅)နှစ်ခန့်ရှိပြီး တစ်ကိုယ်လုံး ဆာရီနှင့်တူသော အဖြူရောင်အဝတ်အစားတို့ကို ဝတ်ဆင်ထားလေသည်။

ဆံပင်ရှည်များကို ဖားလျားချထားပြီး၊ လည်ပင်းမှာ ကျောက်စိမ်းလည်ဆွဲကြီးတစ်ကုံး ဆွဲထားသည်။

အစိမ်းရောင်အလင်းများမှာ ထိုကျောက်စိမ်းလည်ဆွဲကြီးမှ ပေါ်ထွက်နေခြင်းဖြစ်ပေသည်။

"ဟိုမှာ အနာဂတ်ကာလီ ထွက်လာပြီ"

"ဟုတ်တယ်၊ သူလည်ပင်းမှာလည်း ကျောက်စိမ်းလည်ဆွဲကြီး ဆွဲထားတယ်၊ ဘယ်လိုလုပ်ကြမလဲ"

"အခုတော့ ဘာမှလုပ်လို့ မဖြစ်သေးဘူး၊ ဒီတော့ သူဘယ်နေရာကထွက်လာတယ်ဆိုတာ သေသေချာချာ ကြည့်ထားကြ၊ မနက်လင်းတော့မှ ဝင်ရှာမယ်"

ဟု သီဟဒီပက ပြောလေသည်။

ထိုအချိန်မှာပင် တောင်ကုန်းပေါ်ရောက်လာသော

www.burmeseclassic.com



အနာဂ်ကာလီက လက်နှစ်ဘက်ကို အပေါ်မြှောက်ပြီး တစ်စုံတစ်ခုပြောဆို ရေရွတ်နေလေသည်။

ထိုသို့ ရွတ်ဆိုနေသောအချိန်တွင် တောခွေးအူသံများက တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အတန်ကြာသောအခါ သလဲတောကြီးတစ်ခုလုံး လေပြင်းတိုးသကဲ့သို့ တဝေါဝေါနှင့် အသံမြည်လာသည်။

အကိုင်းအခက်များ လှုပ်ယမ်းလာသည်။

သင်္ချိုင်းနေရာနှင့် သုသာန်ကုန်းရှိသောနေရာတစ်ဝိုက်မှ မြေကြီးများ ကွဲတက်လာလေသည်။

မကြာမီ မြေအောက်မှ မကောင်းဆိုးဝါးများ တစ်ကောင်ပြီးတစ်ကောင် ထလာကြလေတော့သည်။

ဟိုနေရာ သည်နေရာမှ ထွက်လာသော သရဲသဘက်ဖုတ်ကောင်များမှာ အနာဂ်ကာလီရပ်နေသော တောင်ကုန်းရှိရာသို့ ဒယိမ်းဒယိုင်ဖြင့် တက်လာကြလေသည်။

ရှေ့ဆုံးမှရောက်လာသော မကောင်းဆိုးဝါးတစ်ကောင်၏ ပခုံးပေါ်မှာ ပျဉ်ချပ်များဖြင့် ပြုလုပ်ထားသော ခေါင်းတလားတစ်လုံးကို ထမ်းလာသည်။

လက်ထဲမှာလည်း လက်ဖျံရိုးတစ်ချောင်းကိုင်ထားသေးသည်။ တောင်ကုန်းပေါ်ရောက်သည်နှင့် ထမ်းထားသော ခေါင်းတလားကြီးကို အဆက်မပြတ် ထုလေတော့သည်။

"ဘုန်း. . ဘုန်း. . ဘုန်း. . ဘုန်း. ."

တလားခေါက်သံကြီး ကြောက်မက်ဖွယ်ရာ ပေါ်ထွက်





လာပြီးသည်နှင့် စောစောကငြိမ်သက်နေသော တောခွေးများကလည်း တစ်ပြိုင်နက်အူကြလေတော့သည်။

"အူ. ဝူ. ဝူ. . . အူ. ဝူ. ဝူ. . ."

ထိုသို့ ဆူဆူညံညံအသံများမှာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံး စိတ်မချမ်းသာစရာကောင်းလောက်အောင် အဆက်မပြတ် ပေါ်ထွက်နေလေတော့သည်။

အတန်ကြာတော့ အနာဂ်ကာလီက တောင်ခြေဘက်သို့ လက်ညှိုးထိုးပြလိုက်ရာ မကောင်းဆိုးဝါးများလည်း ခေါင်းတလားကြီးကို တဘုန်းဘုန်းနှင့်ခေါက်ရင်း တောင်ခြေဘက်သို့ ဆင်းသွားကြလေတော့သည်။

မရှေးမနှောင်းမှာပင် အစိမ်းရောင်များလည်း မှေးမှိန်သွားပြီးနောက် အနာဂ်ကာလီ၏ ပုံရိပ်သဏ္ဍာန်လည်း တဖြည်းဖြည်းနှင့် မှုံဝါးပျောက်ကွယ်သွားလေတော့သည်။

www.burmeseclassic.com





## အခန်း [ ၁၃ ]

# အသက်ဝင်လာသော သွေးစုပ်ဖုတ်ကောင်

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်သောအခါ သီဟာဒီပတို့လည်း ထိုနေရာသို့ လိုက်လံကြည့်ရှုကြလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံပြီး အခြေအနေ ကြည့်ကြရာတွင် သလဲတောများနှင့် ကျောက်ဂူပေါက်များကို လိုက်လံကြည့်ရှုကြသည်။

အချို့ဂူပေါက်များမှာ ပွင့်နေသော်လည်း အချို့ဂူပေါက် များမှာတော့ ကျောက်တုံးများဖြင့် ပိတ်ဆို့ထားလေသည်။

www.burmeseclassic.com



အချို့ကျောက်တုံးများမှာ အလွယ်တကူ ဖွင့်၍ရသော်လည်း အချို့ဂူပေါက်များကတော့ မရပေ။

တစ်နေရာရောက်တော့ ကျောက်တုံးတစ်တုံးဖြင့် ပိတ်ထားသော ဂူပေါက်တစ်ခုကို တွေ့ရလေသည်။

ထိုဂူပေါက်မှာ အဂ္ဂဘာဘုရင်နှင့် အနာရ်ကာလီတို့ အလောင်းများထည့်ထားသည့် သလင်းကျောက်ခေါင်းတလားများရှိသော ဂူပင်ဖြစ်သည်။

တကယ်တော့ ထိုဂူပေါက်သည် နှစ်ပေါင်းများစွာ ပိတ်နေသောဂူဖြစ်ပြီး တစ်ကြိမ်တစ်ခါမှ ဖွင့်ဖူးသော ဂူပေါက်မဟုတ်ပေ။ ယခု သီဟဒီပတို့ငါးယောက် ရောက်သွားသော အချိန်မှာတော့ ဂူပေါက်ဝက အခြေအနေတစ်မျိုးဖြစ်နေလေသည်။

ဂူပေါက်ဝ၌ ပိတ်ထားသော ကျောက်တုံးကြီးမှာ တစ်စုံတစ်ယောက်က ဖွင့်ပေးထားသကဲ့သို့ ခြေရာလက်ရာ ပျက်နေလေသည်။

ထို့ကြောင့် ၄င်းတို့ရောက်သွားသောအချိန်မှာ ပိတ်ထားသော ကျောက်တုံးကြီးကို အလွယ်တကူနှင့်ပင် ဖွင့်နိုင်ကြပေသည်။ ဂူပေါက်ဝပွင့်သွားတော့ လက်နှိပ်မီးများကို အသုံးပြုကာ အတွင်းသို့ဝင်ကြလေသည်။

နေ့အချိန်ပင်ဖြစ်သော်လည်း ဂူအတွင်းမှာတော့ ညအချိန်ကဲ့သို့ပင် မှောင်မည်းနေလေသည်။

ထို့ကြောင့် မီးရောင်များကို အသုံးပြုရခြင်းဖြစ်သည်။

ဂူအတွင်းပိုင်းမှာ အတော်ပင်ကျယ်ဝန်းသော်လည်း အ





ထဲတွင် ဘာမှမတွေ့ရပေ. . .။

တစ်နေရာပြီး တစ်နေရာသို့ လိုက်ကြည့်ကြရာ တစ်နေရာရောက်တော့ သလင်းကျောက်ဖြင့် ပြုလုပ်ထားသော ခေါင်းတလားကြီးနှစ်လုံးကို ယှဉ်လျက်သားချထားသည်ကို တွေ့ရသဖြင့် များစွာဝမ်းသာသွားကြလေသည်။

"တွေ့ပြီ. . တွေ့ပြီ၊ အနာရ်ကာလီရဲ့ သချိုင်းဂူကိုတွေ့ရပြီ၊ ငါတို့တော့ ချမ်းသာပြီကွ. . "

ဟု သီဟဒီပက ဝမ်းသာအားရပြောရင်း ရယ်လိုက်သည်။

၄င်း၏ရယ်သံက ဂူထဲမှာ ပဲ့တင်ထပ်သွားလေသည်။

"ဟား. . ဟား. . ဟား. . ဟား. . "

ထိုပဲ့တင်သံများက တော်တော်နှင့် မဆုံးနိုင်ဘဲ နေရာအနှံ့မှ ကြားနေရသည်။

တစ်ယောက်တည်း တစ်နေရာတည်းမှ ရယ်နေသော အသံမျိုးမဟုတ်ဘဲ လူအများကြီးက သဘောကျသဖြင့် တစ်ယောက်ပြီးတစ်ယောက် ရယ်နေကြသောအသံမျိုး ဖြစ်လေသည်။

အတော်ကြာတော့မှ တဖြည်းဖြည်းနှင့် အသံတိုးသွားကာ ရပ်သွားပေတော့သည်။

သီဟဒီပက လက်ထဲမှကိုင်ထားသော မီးရောင်ဖြင့် အနာရ်ကာလီအလောင်းထည့်ထားသော ခေါင်းတလားကို ထိုးကြည့်လိုက်လေသည်။

www.burmeseclassic.com



ခေါင်းတလားထဲမှာရှိနေသော အလောင်းမှာ လူတစ်ယောက် အိပ်ပျော်နေသကဲ့သို့ပင် တွေ့ရလေသည်။

လည်ပင်းမှာဆွဲထားသော ကျောက်စိမ်းလည်ဆွဲမှ အစိမ်းရောင်များက သလင်းကျောက်ခေါင်းတလားမှာပင် လာရောက်ထင်ဟပ်နေလေသည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အနာရ်ကာလီ၏ ခေါင်းတလားကို အရင်ဖွင့်ကြလေသည်။

သလင်းကျောက်တုံးကြီးကို အဖွင့်အပိတ် တသားတည်းဖြစ်အောင် စီမံပြုလုပ်ထားသောကြောင့် ဘယ်လိုမှ ဖွင့်မရပေ၊ ထုထည်ကြီးမားသော သလင်းကျောက်တုံးကြီးကို ထုခွဲပစ်ရန်လည်း ရမည်မဟုတ်ပေ။

၎င်းတို့လူစုသည် သလင်းကျောက်ခေါင်းတလားကြီးကို နည်းအမျိုးမျိုးဖြင့် ကြိုးစားဖွင့်ပါသော်လည်း နည်းနည်းမှ အရာအယွင်းပဲ ရှိနေသဖြင့် မည်သို့ကြံစည်ရမည်ကိုပင် မသိအောင်ဖြစ်နေကြသည်။

ထိုအချိန်မှာ သံပချိုင်က လာပြောသည်။

"ဆရာ ဒီဘက်ခေါင်းဖွင့်မရသေးရင်၊ ဟိုဘက်ခေါင်းဖွင့်ကြည့်ပါလား၊ ဟိုဘက်ခေါင်းထဲမှာလည်း ရွှေငွေလက်ဝတ်ရတနာတွေရှိတယ်"

ဟုပြောသဖြင့် သွားကြည့်ရာ အဂ္ဂဘာဘုရင်ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဖိုးတန်ရတနာများကို တွေ့ကြရလေသည်။





"ဒါဖြင့် ဟိုဘက်ခေါင်းကို နောက်မှဖွင့်မယ်၊ ဒီဘက်ခေါင်းကိုဖွင့်ကြည့်စမ်း"

ဟု စေခိုင်းသဖြင့် ဖွင့်ကြရာ အတန်ကြာတော့ အဖုံးက ဟတက်လာလေသည်။

"ဒီဘက်မှာရှိတဲ့ခေါင်းက ဒီလောက်ဖွင့်ရတာမခက်ဘူး"

ဟုပြောရင်းဖွင့်လိုက်ရာအတွင်းမှ အခိုးအငွေ့များထွက်လာလေသည်။

အနားမှာရောက်နေသော မာလုနှင့်ခမ်ဇာမုန်တို့ နှစ်ယောက်မှာ ထိုအခိုးအငွေ့များနှင့် ထိလိုက်သည်နှင့် သတိလစ်ကာ လဲကျသွားကြလေသည်။

"အဆိပ်ငွေ့တွေ၊ အဆိပ်ငွေ့တွေ နောက်ဘက်ကိုဆုတ်နေကြ"

ဟု သတိပေးလိုက်သော်လည်း သုံးယောက်သာ နောက်သို့ဆုတ်နိုင်ကာ. . နှစ်ယောက်ကတော့ ခေါင်းတလားနံဘေးမှာပင် လဲကျန်ခဲ့တော့သည်။

မတတ်နိုင်တော့ပေ။

ကြည့်နေရင်းမှပင် ခေါင်းတလားအဖုံးက သူ့အလိုလို တဖြည်းဖြည်းနှင့် ကြွတက်လာကာ ပွင့်သွားလေတော့သည်။

ထိုမြင်ကွင်းကိုမြင်သောအခါ သီဟဒီပတို့မှာ များစွာအံ့ဩသွားကြလေသည်။

အဖုံးပွင့်သွားသောအခါ ခေါင်းထဲမှာရှိနေသော အဂ္ဂဘာဘုရင်၏ ရုပ်အလောင်းမှာလည်း တဖြည်းဖြည်းနှင့် ပုံပြောင်း

www.burmeseclassic.com



သွားလေတော့သည်။

ကျောက်သလင်းခေါင်းထဲတွင် ပြင်ပလေနှင့်မထိတွေ့ရစဉ်က မူကအခြေအနေပင်ရှိနေသော်လည်း လေနှင့်ထိလိုက်သောအခါ အသားများပျက်စီးသွားပြီးနောက် မံမီရုပ်အလောင်းနှင့် တူသွားလေသည်။

ထိုအလောင်းက ခေါင်းထဲမှာလဲလျောင်းနေသော အနေအထားမှ သူ့ဘာသာထထိုင်လာလေသည်။

"ဆရာ ဟိုမှာ အလောင်းကောင်က ထထိုင်လာပြီ"

"ဖုတ်ဝင်တာဖြစ်မယ်ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲ"

ကျန်နှစ်ယောက်ကတော့ ထိုအခြေအနေကို မြင်သောအခါ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ထွက်ပြေးချင်နေကြပြီ။

သီဟဒီပကတော့ လောဘစိတ်များနေသောကြောင့် နေရာမှာပင် ရပ်နေသည်။

ခေါင်းထဲမှထွက်လာသော အလောင်းကောင်က ခြေကားရာလက်ကားရားဖြင့် အပြင်သို့ ထွက်လာသည်။

နှစ်ပေါင်းအတော်ကြာခဲ့ပြီဖြစ်သဖြင့် တစ်ကိုယ်လုံးအရိုးပြိုင်းပြိုင်းထနေသော်လည်း မျက်စိနှစ်လုံးကတော့ နီရဲနေလေတော့သည်။

အပြင်သို့ရောက်လာသော ဖုတ်ကောင်က အဆိပ်ငွေ့သင့်ပြီး လဲနေသောလူနှစ်ယောက်ကို မြင်သောအခါ အနားသို့သွားကာ လည်ပင်းကိုဖြတ်ပြီး သွေးများကို စုပ်ယူလေတော့





သည်။ နှစ်ယောက်စလုံးကတော့ သွေးများစုပ်ယူခံလိုက်ရသဖြင့် ခိန်ကပ်သောအနေအထားဖြင့် သေဆုံးသွားကြလေသည်။

ဖုတ်ကောင်ကြီးကတော့ စောစောကနှင့် မတူတော့သေ။ လူတစ်ယောက်နှင့်ပိုတူလာပြီး ပုံစံပြောင်းသွားလေသည်။ ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဝတ်များမှာ ဆွေးမြေ့ကျသွားသဖြင့် မရှိတော့သော်လည်း ခန္ဓာကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော လက်ဝတ်ရတနာများကတော့ ရှိမြဲရှိနေသေးသည်။

လူနှစ်ယောက်တို့၏ သွေးကိုစုပ်ယူလိုက်ရပြီဖြစ်သဖြင့် အသားအရေတို့၏ အချို့နေရာများမှ ပြန်ပြည့်လာသည်။

သို့သော်လည်း အချို့နေရာများမှာ အရိုးနဲ့အရေသာပေါ်နေသေးသဖြင့် ပိုပြီးကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်မျိုး ဖြစ်နေလေတော့သည်။

ဖုတ်ကောင်ကြီးက မာလုနှင့်ခမ်ဇာမုန်တို့နှစ်ယောက်ကိုယ်မှသွေးများကို စုပ်ယူပြီးနောက် ကျန်နေသေးသော သုံးယောက်ဆီသို့ ဦးတည်လာလေသည်။

"ဆရာ အခြေအနေမကောင်းဘူး၊ ထွက်ပြေးကြမှဖြစ်ယ်. . "

သံပချိုင်နှင့် ဇမုန်းထန်တို့ကပြောသော်လည်း သီဟဒီပကတော့ သေနတ်ကိုကိုင်းရင်း နေရာ၌ပင် တောင့်တောင့်ကြီးရပ်နေလေသည်။

ထိုအချိန်တွင် ဖုတ်ကောင်ကြီးက ရှေ့သို့တိုးလာချေ

www.burmeseclassic.com



"ဒိုင်း . . ဒိုင်း . . ဒိုင်း . ."

သီဟဒီပက လက်ထဲမှာကိုင်ထားသော သေနတ်ဖြင့်ပစ်သည်။ အနီးကပ်ပစ်သဖြင့် ကျည်ဆံက ထိမှန်သော်လည်း ဖုတ်ကောင်ကြီးမှာ လဲကျမသွားပေ . . .။

အနားရောက်လာသည်နှင့် သေနတ်ဖြင့် ပစ်နေသော သီဟဒီပကို ဖမ်းဆွဲလိုက်ရာ မိသွားလေသည်။

"မိစ္ဆာကောင်ကြီး ငါ့ကိုလွှတ်၊ လွှတ်စမ်း . . ကဲဟာ"

"ဒိုင်း . . ဒိုင်း"

သေနတ်ဖြင့် အနီးကပ်ပစ်ရာ ကျည်ဆံဖောက်ထွက်သွားသော်လည်း လဲကျသွားခြင်း မရှိပေ။

"ဟီး. ဟီး. ဟီး. . ငါဒီမှာနေရတာ နှစ်ပေါင်းအတော်ကြာနေပြီ၊ အခုလို အကျဉ်းခံနေရတဲ့ဘဝက လွတ်မြောက်အောင် လာပြီးအကူအညီပေးတဲ့အတွက်တော့ မင်းတို့ကို ကျေးဇူးတင်ပါတယ်ကွာ. . ဟီး. ဟီး. ဟီး. ."

ထိုကဲ့သို့ မပီမသအသံကြီးဖြင့်ပြောရင်း သီဟဒီပ၏ လည်ပင်းကိုအစွယ်ဖြင့် ကိုက်ဖောက်ကာ သွေးများကို စုပ်ယူလေတော့သည်။

သီဟဒီပမှာ ခြေကားရား လက်ကားရားနှင့်ပင် ဘာမှ မတတ်နိုင်တော့ဘဲ စူးစူးဝါးဝါး အော်ဟစ်ရင်းနှင့် အသက်ပျောက်သွားလေတော့သည်။

ထိုအခြေအနေကိုမြင်သောအခါ သံပချိုင်နှင့် ဇမုန်းထန်တို့နှစ်ယောက်လည်း ဘေးလွတ်ရာသို့ ထွက်ပြေးကြရလေ





သည်။ ကံအားလျော်စွာပင် နှစ်ယောက်စလုံး ဂူအပြင်ဘက်သို့ ပြန်ရောက်သွားကြပြီး အတော်ဝေးဝေးရောက်တော့မှ စိတ်မချသဖြင့် နောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ ကိုယ့်မျက်စိကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြလေသည်။

သူတို့ကြည့်သောအချိန်မှာ ဖုတ်ကောင်ကြီးကိုမတွေ့ရတော့ပေ။

သို့သော် စောစောက သူတို့ထွက်လာသော ဂူပေါက်ကတော့ အပေါက်ဝတစ်ခုလုံး ကျောက်တုံးကြီးဖြင့် ပိတ်ဆို့နေသည်ကိုသာ တွေ့ရတော့သည်။

ဂူပေါက်ဝမရှိတော့ပေ . . . .။

www.burmeseclassic.com





## အခန်း [ ၁၄ ]

# မီးညှာဉ်ခရွှာဖြင့် အကူအညီပေးသူများ

နီမောင်တို့ ရွာသို့ပြန်ရောက်လာကြသောအချိန်မှာ အခြေအနေက မကောင်းလှပေ။

ညကပင် မကောင်းဆိုးဝါးများ ရောက်လာပြီး ရွာထဲမှ အိမ်တစ်အိမ်ပေါ်သို့ သေမင်းတမန်တော်ဟုခေါ်သော အထုပ် ပစ်တင်သွားခဲ့ရာ ထိုအိမ်မှာ မိသားစုသုံးယောက်မှာ ကောက်ကာငင်ကာရောဂါရကာ သေရတော့မည့် အခြေအနေရောက် နေကြလေပြီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



တကယ်တော့ သေမင်းတမန်တော်ဟုခေါ်သော . . အဝတ်နက်ထုပ်ကို မကောင်းဆိုးဝါးများလာရောက်ပစ်တင်သွားပါက ထိုအိမ်မှာရှိသောလူများမှာ နောက်တစ်ရက် မကူးဘဲ သေကြေပျက်စီးကြရလေသည်။

ယခုအိမ်မှာလည်း လူသုံးယောက်ပင်ရှိရာ သုံးယောက်စလုံး အိပ်ယာမှ မထနိုင်ကြတော့ပေ။

ထိုသုံးယောက်မှာ ဦးဘမောင်၊ ဒေါ်မြဝေနှင့် သမီးဖြစ်သူ မြသင်းကြူတို့ပင်ဖြစ်သည်။

မြသင်းကြူမှာ အသက်(၂၀)ကျော်အရွယ်သာရှိသေးပြီး မိဘများကလည်း စီးပွားရေးချောင်လည်သည်။ သူမကလည်း ရုပ်ရည် အသင့်အတင့် ချောမောသူဖြစ်သဖြင့် မာနရှိသူဖြစ်သည်။

မည်မျှပင် စီးပွားဥစ္စာပြည့်စုံသည်ဖြစ်စေ. . မည်သို့ပင် မာန်မာနရှိသည်ဖြစ်စေ၊ ယခုလို အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့ရပြီး သေရေးရှင်ရေး ဖြစ်လာသောအခါ အားလုံးမှာ ဘာမှအရာမဝင်တော့ပေ။

ပရာနာမာရွာမှာ ရွာကြီးတစ်ရွာပင်ဖြစ်၏။ အိမ်ခြေပေါင်း တစ်ရာဝန်းကျင်ခန့်ရှိပြီး လူမျိုးပေါင်းစုံတို့ စုပေါင်းနေကြသည်။

ရှမ်းဂရီးလား မြို့ငယ်ကလေးနှင့် နီးသဖြင့်လည်း စီးပွားရေးကောင်းကြသည်။

ထိုရွာတွင် ရောဂါဖြစ်သောလူနာများကို ဆေးကုသပေး





နေကြသည့် ဆေးဆရာအချို့ရှိသည်။

နတ်ဆရာအချို့ရှိသည်။

သို့သော် ထိုဆေးဆရာများမှာ အခြားရောဂါများကိုသာ ပျောက်ကင်းအောင် ကုသပေးနိုင်ကြသော်လည်း မြစိမ်းရောင်ဘုန်းမှ မကောင်းဆိုးဝါးများ လာရောက်နှောင့်ယှက်သောရောဂါများကိုတော့ မတားဆီးနိုင်ကြပေ။

ပျောက်ကင်းအောင်လည်း ကုသမပေးနိုင်ကြပေ။

အဘယ်ကြောင့်ဆိုသော် . .

အိမ်တစ်လုံးပေါ်သို့ သေမင်းတမန်တော် အထုပ်ဟုခေါ်သော အဝတ်နက်ထုပ်ရောက်လာပါက နောက်တစ်နေ့ နေဝင်ချိန်မရောက်ခင်မှာပင် ထိုအိမ်မှာရှိကြသောလူအချို့ သေကြေပျက်စီးကြရသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ထိုရောဂါမျိုးကိုတော့ "ဆေးမမီသောရောဂါမျိုး" ဟု သတ်မှတ်ကြပြီး ရွာမှာရှိကြသည့် ဆေးဆရာများက ကုသမပေးကြပေ။ လာအပ်လျှင်လည်း လက်မခံကြပေ. . .။

ထိုအခြေအနေကြောင့် ညကအိမ်ပေါ်သို့ မကောင်းဆိုးဝါးများ၏ သေမင်းတမန်တော် အထုပ်မည်း ပစ်တင်ခံခဲ့ရသော မြသင်းကြူတို့မိသားစုသုံးယောက်မှာ ဆေးကုသပေးမည့်သူမရှိဘဲ သေမိန့်ကျခံနေရသူများကဲ့သို့ ရှိနေကြပေသည်။

ထိုနေ့နံနက်ပိုင်းအချိန်မှာပင် ရွာသို့ နီမောင်တို့ ပြန်ရောက်လာကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ က သုံးယောက်အပြင်

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်သာ အတူပါလာသောကြောင့် ငါးယောက်ဖြစ်သည်။

ဦးဗန်ကောင်းထံတွင် ဆေးဝါးပစ္စည်းများထည့်ထားသည့် လွယ်အိတ်ကြီးတစ်လုံးလည်း ပါလာလေသည်။

သူတို့ပြန်ရောက်လာတော့ ရွာလူကြီး ဦးထန်ဖုန်းရှိန်က ပြောလေသည်။

"မင်းတို့သွားတာ ကျောင်းတော်ကြီးကို ရောက်ခဲ့ကြရဲ့လား နီမောင်"

"ရောက်ခဲ့ကြပါတယ်"

"သူတို့နှစ်ယောက်ကရော ဘယ်သူတွေများလဲ"

"ကျောင်းတော်ကြီးက လိုက်လာကြတာပါ။ သူက.. ဒေါက်တာမင်းထင်ကျော်၊ သူက ဦးဗန်ကောင်းလို့ ခေါ်ပါတယ် သူတို့နှစ်ယောက်လည်း ဗမာပြည်ကလာကြတာပါပဲ. ."

"အခုလို တွေ့ရတာ ဝမ်းသာစရာပေါ့ကွာ၊ ဒါပေမယ့် သိပ်တော့ ဝမ်းမသာနိုင်ကြသေးဘူး၊ မင်းတို့မရောက်ခင်ပဲ ညက ရွာထဲကို မိစ္ဆာကောင်တွေ ဝင်လာကြတယ်"

"ဘယ်သူ့အိမ်မှာ ဘာဖြစ်ပြန်ပြီလဲ သူကြီး"

"ဒီတစ်ခါတော့ ဦးဘမောင်တို့အိမ်ပဲ မိသားစုသုံးယောက်စလုံး သေရတော့မလို ဖြစ်နေကြပြီ"

ထိုအခါ ဦးဗန်ကောင်းက ဝင်ပြောလေသည်။

"ဒီလိုဆိုရင်တော့ အဲ့ဒီအိမ်ကို အမြန်သွားမှဖြစ်မယ် နည်းနည်းနောက်ကျတာနဲ့ မကောင်းဆိုးဝါးတွေက ဝိညာဉ်နှုတ်သွားလိမ့်မယ်"





ဟုပြောသဖြင့် ဦးဗန်ကောင်းနှင့်အတူ နီမောင်ပါလိုက်သွားရလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ကျန်ခဲ့လေသည်။

ဦးထန်ဖုန်းရှိန်ကတော့ ဧည့်သည်အတွက် နေရာထိုင်ခင်းစီစဉ်ပေးရန် ခေါ်သွားလေသည်။

နီမောင်ကတော့ ဦးဗန်ကောင်းကိုခေါ်ပြီး ရွာထဲထွက်လာကြလေသည်။

ဦးဘမောင်တို့နေအိမ်မှာ ရွာအလယ်လောက်တွင်ရှိလေသည်။ ခြံကျယ်ထဲမှာဆောက်ထားသောအိမ်ဖြစ်သည်။

ထိုအိမ်သို့မရောက်ခင်မှာပင် နီမောင်က မကောင်းဆိုးဝါးများနှင့်ပတ်သက်ပြီး ရွာမှာဖြစ်ပျက်နေသော အကြောင်းအရာများကို ပြောပြလေသည်။

ထိုအိမ်သို့ရောက်သွားတော့ ခြံဝန်းထဲမှာရော အိမ်ပေါ်မှာပါ ဘယ်သူမှမတွေ့ရပေ. . .။

မကောင်းဆိုးဝါးများ နှောင့်ယှက်သဖြင့် ရောဂါဖြစ်သောအိမ်သို့ အခြားသူများက မသွားဝံ့ကြပေ။

သို့ကြောင့် ကူညီမည့်သူ မရှိကြခြင်းဖြစ်ပေသည်။

ခြံပေါက်ဝရောက်တော့ ဦးဗန်ကောင်းက မျက်စိမှိတ်ကာ အာရုံခံကြည့်လေသည်။

ပြီးမှ တိုးတိုးပြောသည်။

"လူတွေရဲ့ ဝိညာဉ်တွေကို နှုတ်ပြီးခေါ်ဖို့ မကောင်းဆိုး

www.burmeseclassic.com



ဝါးတွေ ရောက်နေပြီ၊ ဒင်းတို့ကို အရင်ဖယ်ရှားပစ်ရမယ်"

ဟုပြောကာ လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ် ထုတ်လိုက်သည်။ ထိုအထုပ်ထဲတွင် နှမ်းစေ့နှင့်တူသော အစေ့ကလေးများ ရှိသည်။

"ဒါက ဂမုန်းနက်စေ့တွေပဲ မင်းကအိမ်ပတ်လည်ကိုသာ ဒီဂမုန်းနက်အစေ့တွေနဲ့ လိုက်ပြီးပက်လိုက်. . "

အိမ်ထဲမှာရှိတဲ့ မကောင်းဆိုးဝါးတွေ ထွက်ပြေးကြလိမ့်မယ် ဟုပြောသဖြင့် ဦးဗန်ကောင်းပေးသော ဂမုန်းနက်စေ့များကို အိမ်ပတ်လည်သို့ လိုက်လံကျဲလိုက်သည်နှင့် အိမ်ပေါ်မှ ဝူးဝူးဝါးဝါးအော်သံများကြားရသည်။

မကြာခင် အိမ်အနောက်ဘက် အပေါက်မှဆင်းပြေးသွားသော မည်းမည်းသဏ္ဍာန်အချို့ကိုလည်း ပိုးတဝါး မြင်လိုက်ရပေသည်။ ဦးဗန်ကောင်းကလည်း ဂါထာမန္တာန်များကို ရွတ်ဆိုပြီး ကြေးစည်ကို တနောင်နောင်၊ တဝေဝေ ထုပေးလေသည်။

နောက်တော့. . အိမ်ပေါ်မှ ကြားနေရသောအသံများ မကြားရတော့ပေ။

ထိုအခါမှ နှစ်ယောက်သား အိမ်ထဲသို့ဝင်ကြလေသည်။ အိမ်ထဲမှာတော့ မိသားစုသုံးယောက်စလုံး အိပ်ယာပေါ်မှာ ပက်လက်အနေအထားဖြင့် ရှိနေကြရာ မလှုပ်နိုင်ကြပေ။

သုံးယောက်စလုံး နီမောင်နှင့် ဦးဗန်ကောင်းတို့ကို အံ့သြသောအမူအယာဖြင့် ကြည့်နေကြသည်။

အခြေအနေကတော့ ဆိုးဆိုးဝါးဝါး မဖြစ်သေးပေ။





ထို့ကြောင့် ဦးဗန်ကောင်းက ဂမုန်းနက်ဖြင့် ဖော်ထားသော ဆေးတစ်ခွက်၊ ကျောက်သွေးဖြင့် ဖော်ထားသော ဆေးတစ်ခွက်စီ တိုက်ပေးလိုက်လေသည်။

"ဘာမှမစိုးရိမ်ပါနဲ့တော့ ကြောက်စရာတွေလည်း မရှိတော့ပါဘူး၊ မကြာခင် နေကောင်းသွားမှာပါ"

"ကျေးဇူးတင်လိုက်တာဗျာ၊ ဒါထက် ဆရာကြီးက ဘယ်သူပါလဲ"

"ကျုပ်နာမည်က ဦးဗန်ကောင်းလို့ ခေါ်ပါတယ်၊ ရှမ်းဗဲသား ကျောင်းတော်ကြီးက လာတာပါ၊ ဒီရွာကို ရောက်လာတာတော့ ဟောဒီက နီမောင်ခေါ်လာလို့ပါပဲ. . "

"ဘာပဲဖြစ်ဖြစ် နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ကတော့ နေမဝင်ခင် သုံးယောက်စလုံး သေကြရတော့မယ်လို့ ထင်နေကြတာပါ"

ထို့နောက် ဦးဗန်ကောင်းက နီမောင်ကို ခေါ်ပြောလေသည်။

"နီမောင် အိမ်ခေါင်မိုးပေါ်မှာ အဝတ်နက်နဲ့ ထုပ်ထားတဲ့အထုပ်တစ်ထုပ်ရှိတယ်၊ အဲ့ဒီအထုပ်ကိုယူပြီး မီးရှို့ပစ်လိုက်ပါ၊ အထုပ်ကိုလုံးဝ ဖြေမကြည့်နဲ့"

"ဟုတ်ကဲ့ဆရာကြီး"

ထို့နောက် အိမ်ခေါင်းမိုးပေါ်မှာ ပစ်တင်ထားသော အဝတ်ထုပ်ကို ပြန်ယူပြီးနောက် မီးရှို့ပစ်လိုက်လေသည်။

သူတို့ပြန်ရန်ပြင်တော့ ဦးဘမောင်ကပြောသည်။

www.burmeseclassic.com



"ဆရာကြီးရယ် တစ်ခုတော့ တောင်းပန်ပါရစေ၊ အပန်း မကြီးရင်တော့ ညဘက်မှာ တစ်ချက်လောက် လာကြည့်ပေး ပါဦး၊ ကျုပ်တို့မိသားစု သုံးယောက်စလုံး ညကမြင်ရတဲ့ မြင်ကွင်း တွေကို သတိရပြီး ကြောက်နေကြလို့ပါ"

"လာခဲ့ပါမယ်"

ဟုပြောဆိုကာ ပြန်လာကြလေသည်။

ရွာလူကြီး ဦးထန်ဖုန်းရှိန်က ဒေါက်တာမင်းထင်ကျော် နှင့် ဦးဇန်ကောင်းတို့အတွက် အိမ်တစ်လုံး စီစဉ်ပေးထားသဖြင့် ထိုနေရာသို့ ပြန်သွားကြခြင်း ဖြစ်လေသည်။

ထိုနေ့က ပရာနာမာတစ်ရွာလုံး တအံ့တဩ ဖြစ်နေ ကြလေသည်။

သေမင်းတမန်တော်ဟုခေါ်သော အဝတ်နက်ထုပ်ပစ် တင်ခံရပြီးမှ လူတစ်ယောက်မှ မသေသောအိမ် ပေါ်ပေါက်လာ သောကြောင့်ဖြစ်သည်။

"ညက ရွာထဲကို မကောင်းဆိုးဝါးတွေ ဝင်လာတော့ ဦးဘမောင်တို့ အိမ်ပေါ်ကို သေမင်းတမန် အထုပ်ပစ်တင်သွား တယ်မဟုတ်လား"

"ဟုတ်တယ်"

"သူတို့အိမ်ကလူတွေ ဘာမှမဖြစ်ကြပါလား"

"ဘယ်ဖြစ်ပါ့မလဲ. . ၊ နီမောင်ခေါ်လာတဲ့ ရှမ်းဝဲလား ကျောင်းတော်ကြီးက ဆရာတွေ ပါလာကြတယ်၊ သူတို့ကုပေးကြ လို့ အားလုံးပြန်ကောင်းသွားကြပြီလို့ ပြောတယ်"





"ကံကောင်းတာပေါ့ကွာ၊ အဲ့ဒီဆရာကြီးတွေ ငါတို့ရွာမှာ အမြဲရှိနေရင် သိပ်ကောင်းမှာပဲ. ."

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ညနေပိုင်းအချိန်ရောက်တော့ ကတိပေးထားခဲ့သည့် အတိုင်း နီမောင်နှင့် ဦးဇန်ကောင်းတို့ နှစ်ယောက်မှာ ဦးဘမောင် တို့အိမ်သို့ သွားကြလေသည်။

သူတို့ရောက်သွားတော့ မိသားစုသုံးယောက်စလုံး ရွှင် ရွှင်လန်းလန်း၊ ကျန်းကျန်းမာမာနှင့် တွေ့ရသဖြင့် ဝမ်းသာသွား ကြလေသည်။ သူတို့အတွက်လည်း စားသောက်စရာများ ပြင် ဆင်ထားလေသည်။

လူကြီးသုံးယောက်စကားပြောနေစဉ် မြသင်းကြူက နီမောင်အနားလာကာ ကျေးဇူးတင်စကားပြောလေသည်။

"နင် နေကောင်းသွားပြီလား မြသင်းကြူ"

"ခုတော့ကောင်းသွားပါပြီ၊ ဒီအတွက် နင်တို့ကို ကျေးဇူး တင်ပါတယ် နီမောင်ရယ်"

"ရပါတယ်၊ တစ်ရွာတည်းနေကြတာပဲ တစ်ယောက် အကြောင်းရှိရင် တစ်ယောက်က အကူအညီပေးရမှာပေါ့. ."

"နင်က လူတစ်ဖက်သားအပေါ်မှာတော့ အတော့်ကို စေတနာ ကောင်းတယ်၊ ဒါကြောင့် လူတိုင်းက ခင်မင်ကြတာပဲ"

"ငါတို့က ဆင်းရဲတော့ ဒါပဲ ကုသိုလ်ယူစရာရှိပါတယ် မြသင်းကြူရယ်. . ."

"ဒါပေမယ့် လူတိုင်းက အဲသည်လို စေတနာကောင်းနိုင်

www.burmeseclassic.com



ကြတာမှ မဟုတ်တာ၊ ဒါထက်. . ဆရာကြီးတို့က ဘာအတွက် ဒီရွာကို လာကြတာလဲ. . .”

“ငါတို့ရွာကို လာရောက်နှောင့်ယှက်နေတဲ့ မကောင်းဆိုးဝါးတွေကို နှင်ထုတ်ဖို့ လာကြတာ. .”

“နှင်. . သွားခေါ်လာခဲ့တာလားဟင်”

“ဟုတ်တယ်. . ငါတို့သုံးယောက်သွားကြတာ. .”

နီမောင်သွားလျှင် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကလည်း ပါနေကျဖြစ်သဖြင့် မြသင်းကြူက မမေးတော့ပေ။

“နှင် စွန့်စွန့်စားစားသွားပြီး ဆရာကြီးတို့ကို ခေါ်လာပေးနိုင်လို့ ငါတို့မိသားစုတွေ အသက်ချမ်းသာရာရကြတာပါ. . . မကောင်းဆိုးဝါးတွေရဲ့ နှိပ်စက်တာမခံရရင်တော့ တစ်ရွာလုံးက နင့်ကိုကျေးဇူးတင်ကြမှာပါ”

“ငါကတော့ ဘာမှမျှော်လင့်ချက်မထားပါဘူး၊ ကိုယ်လုပ်နိုင်တာကို တတ်နိုင်သလောက် လုပ်ပေးတာပါပဲ”

“မျှော်လင့်ချက် မထားပေမယ့် ကိုယ်စေတနာနဲ့ ထိုက်တန်တာတော့ ရမှာပါ။ တစ်ခါတလေ မမျှော်လင့်ပေမယ့် ရတာတွေလည်း ရှိပါတယ်”

ဟု အဓိပ္ပါယ်ပါသောစကားကို ပြောလေသည်။

ထို့နောက်မှာတော့ စားသောက်ရန် အချိန်ကျသဖြင့် စကားဝိုင်းသိမ်းကာ စားသောက်ကြလေသည်။

နီမောင်မှာ တောထဲ၌ ပင်ပန်းလာသဖြင့်. . ယခုကဲ့သို့ အစားအသောက်ကောင်းများ စားသောက်ရသောအခါ များများခံတွင်းမြိန်လှလေသည်။





ထမင်းစားသောက်ပြီးတော့ ညဦးပိုင်းအချိန်သို့ ရောက်နေချေပြီ။

သို့သော်လည်း ဦးဘမောင်တို့က မပြန်စေလိုသောကြောင့် လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောနေကြရပြန်၏။

“ကျုပ်တို့မိသားစုလည်း ဆရာကြီးတို့ ကယ်ပေးတဲ့အသက်ပဲရှိပါတော့တယ်၊ ဒီအတွက်လည်း ကျေးဇူးတင်ပါတယ်ဗျာ. . .”

“ဒီလောက်လည်း ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ပြောရရင်တော့ ဒါကကျုပ်တို့အတွက် ဆရာရှင်တွေပေးတဲ့ တာဝန်တွေကို ဆောင်ရွက်ပေးနေရတာပါပဲဗျာ. .”

“ကျုပ်တို့ကတော့ ဒီအကြောင်းတွေကို ဘာမှလည်းမသိကြပါဘူး၊ ဒါထက် ဆရာရှင်တွေက ဘယ်လိုတာဝန်တွေများ ပေးထားတာပါလဲ၊ ကျုပ်တို့နားလည်အောင် တဆိတ်လောက် ပြောပြပါလား”

“ဒီလိုပါ၊ ရှမ်ဗဲလား မဟာဂန္ဓာရီတက္ကသိုလ်မှာ ကျုပ်တို့ထက် စိတ်စွမ်းအားမြင့်တဲ့သူတွေ အများကြီးရှိကြပါတယ်၊ အချို့က ဝိညာဉ်လိပ်ပြာနဲ့ လိုက်ကြည့်ကြတယ်၊ စိတ်စွမ်းအားမြင့်တဲ့ဆရာရှင်တွေကျတော့ လိပ်ပြာခန္ဓာမခွဲဘဲ ကျောင်းတော်ကြီးကနေ တစ်ကမ္ဘာလုံးကို ဘယ်နေရာမှာဘယ်လို ဘေးအန္တရာယ်တွေ ကြုံတွေ့နေကြတယ်ဆိုတာ သိနိုင်ကြပါတယ်”

www.burmeseclassic.com



ဦးဘမောင်တို့ကတော့ ထိုစကားများကြားသောအ အံ့သြနေကြလေသည်။

"လိပ်ပြာခန္ဓာဆိုတာ ဘယ်လိုမျိုးလဲ"

ဦးဗန်းကောင်းက ကွမ်းတစ်ယာကို ပါးစပ်ထဲထည် မှ စကားပြန်ဆက်လေသည်။

"လူတစ်ယောက်မှာ ခန္ဓာနှစ်ခုရှိပါတယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာပါ။ ရုပ်ခန္ဓာကတော့ မြင်ရတယ်၊ နာမ်ခန္ဓာက မမြင်ရဘူး၊ နာမ်ခန္ဓာကို လိပ်ပြာခန္ဓာ၊ ဒါမှမဟုတ် ဝိညာဉ် လို့ခေါ်ကြတယ်"

"သဘောပေါက်ပါပြီဗျာ၊ ဆက်ပါဦး"

"ကျောင်းတော်ကြီးအပါအဝင် ရှမ်ပဲလားမှာရှိကြ ဆရာရှင်တွေက ညအချိန်ရောက်တဲ့အခါ တစ်ကမ္ဘာလုံး မေတ္တာဓာတ်ဖြန့်ပေးကြတယ်၊ သတ္တဝါတွေ ဘေးအန္တရာ ကြုံတွေ့နေရရင်လည်း ကယ်တင်ပေးလို့ရသလောက် ကယ် ပေးကြရတယ်"

"မရရင်ကော. . ."

"မရတော့လည်း သူ့ကံကြမ္မာအတိုင်းပဲ လစ်လျူရှ ရတာတွေလည်းရှိပါတယ်၊ လူတွေ သတ္တဝါတွေမှာ ကံကြ တာရှိပါတယ်၊ မြတ်စွာဘုရားတော့ ကယ်လို့ရတဲ့သူပဲ ကယ် တယ်၊ ကယ်လို့မရရင် ကံကြမ္မာအတိုင်းပဲ ထားရပါတယ်"

"မှန်ပါတယ်. . ဒါထက် ကျုပ်ကြားဖူးသလောက် လိပ်ပြာခန္ဓာဆိုတာ မကောင်းအထည်မရှိလေတော့ ဘယ်လို





ကယ်တင်ကြတယ်ဆိုတာ သိပါရစေ. . "

ထိုအခါ ဦးဗန်ကောင်းက စိတ်စွမ်းအားရှိသူများက ဝိညာဉ်ခန္ဓာဖြင့် ကယ်တင်ပေးကြပုံများကို ပြောပြလေသည်။

ဟိမဝန္တာ မဟာဂန္ဓာရီ တက္ကသိုလ်တွင် လိပ်ပြာလွှင့်ပြီး "လောကတ္တစရိယ" ဟူသော လောကသားတို့၏ ကောင်းကျိုးကို ဖော်ဆောင်သည့် လုပ်ငန်းများလုပ်ဆောင်ရန် ဘာသာရပ်တစ်ခုကို သီးခြားအထူးပြု သင်ကြားရသည်။

စင်စစ်အားဖြင့်. . လိပ်ပြာခန္ဓာဖြင့် လောကအကျိုး ဆောင်လုပ်ငန်းသည် သဒ္ဓမ္မအဖွဲ့ကြီး၏ ပဓာနအလုပ်တစ်ခု သည်းဖြစ်သည်။

၎င်းကို သာခကကျင့်စဉ်၏ လေ့ကျင့်သင်ကြားရေး ဘဏ္ဍာဟုလည်းခေါ်နိုင်သည်။

"ကြက်ခြေနီ"၊ "မီးသတ်"၊ "ကမ္ဘာလောက စိမ်းမြငြိမ်း ချမ်းစေခြင်း" စသော ပရဟိတလုပ်ငန်းများသည်လည်း. . လောကတ္တစရိယတွင် အကျုံးဝင်သည်။

ဤအဖွဲ့အစည်းများ၏ လုပ်ငန်းများမှာ ဒေသ၏ ကန့် သတ်ချက်၊ စွမ်းအင်၏ ကန့်သတ်မှု၊ လူမှုရေး၊ ဘဏ္ဍာရေး ကန့် သတ်မှုအခက်အခဲများကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ပေ။

လိပ်ပြာခန္ဓာဖြင့် လိပ်ပြာလွှင့်ပြီး ပရဟိတလုပ်ငန်း၊ လောကတ္တလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထက်ပါ ကန့် သတ်ချက်များကို ကျော်လွှန်နိုင်သည်။

သို့ဖြစ်၍ ကမ္ဘာပေါ်ရှိ မည်သည့်နေရာဒေသမဆို. .

www.burmeseclassic.com



တစ်မှုဟုတ်ချင်း သွားရောက်ကူညီကယ်တင်နိုင်သည်။

ထို့အပြင် သက်ရှိလူသားများကိုသာမက တမလွန်သာ
တွင် သောင်တင်နေသူများ၊ ကျွတ်လွတ်နိုင်သူများ၊ ပရလော
၏ နှောင့်ယှက်မှုများ၊ ပယောဂများနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာ
များစွာကိုပါ ကူညီနိုင်သည်။

ရုပ်ခန္ဓာဖြင့်လည်းကောင်း၊ နာမ်ခန္ဓာဖြစ်သော လိပ်ပြာ
ခန္ဓာဖြင့်လည်းကောင်းကူညီနိုင်သည်၊ ကယ်နိုင်သည်၊ အကြံပေး
ခြင်း၊ လမ်းညွှန်ခြင်း၊ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်
သည်။

ထို့ကြောင့် မဟာဂန္ဓာရီ တက္ကသိုလ် သင်ရိုးညွှန်းတမ်း
တွင် လိပ်ပြာလွင့်ကူညီကယ်ဆယ်ရေးလုပ်ငန်းကို လက်တွေ့
လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

လူ့လောကတွင် မီးသတ်ဌာနသည် မြို့တိုင်းနယ်တိုင်း
တွင် ဖွင့်လှစ်ထားပြီး၊ မီးသတ်ကား၊ မီးသတ်ကရိယာနှင့် မီးသတ်
တပ်သားများကို အရန်သင့် စီစဉ်ထားပြီး၊ မျှော်စင်မှ မီးဘေး
အန္တရာယ်ရှိသည့်နေရာကို ထောက်လှမ်းကြည့်ရှု၍ လိုအပ်
လို ကူညီမှုပေးကြသည်။

ထို့အတူပင် လိပ်ပြာလွင့်ကယ်ဆယ်ရေးလုပ်ငန်း
ဆောင်ရွက်မည့် ကျောင်းတော်သား သာဝကများသည် အ
စိတ်များဖွဲ့စည်းပြီး တာဝန်အဆင့်ဆင့် ခွဲဝေကာ (၂၄)နာရီ
တွင်း အဆက်မပြတ် စောင့်ကြည့်ထောက်လှမ်းနေကြသည်။

ကူညီကယ်ဆယ်ရန်ကိစ္စ တွေ့သည်နှင့်တစ်ပြိုင်နက်





အဖွဲ့ခေါင်းဆောင်ထံသို့ သတင်းပို့ပြီး ကယ်ဆယ်ရေးလုပ်ငန်း
ဆောင်ရွက်ရန် တာဝန်ကျ သာဝကများနှင့် စီစဉ်ရသည်။

ခေါင်းဆောင်က ကယ်ဆယ်ရေးအစီအစဉ်များ ချမှတ်
သာဝကများကို တာဝန်အသီးသီး ခွဲခြားသတ်မှတ်ပေးသည်။

လောကအကျိုးဆောင်အဖွဲ့၏ လုပ်ငန်းမှာလည်း အ
မျိုးရှိသည်။

သဘာဝဘေးအန္တရာယ်များဖြစ်သော ငလျင်၊ မုန်တိုင်း
ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ၊ ရေပြင်မြေပြင်တွင်
တော်တဆကြုံတွေ့ရသော ဘေးအန္တရာယ်များ၊ တစ်ဦးချင်း
တွေ့ရသော ပြဿနာများနှင့် အန္တရာယ်တို့ကို ကယ်ဆယ်ရေး
လုပ်ငန်းများ၊ တစ်ဖွဲ့၊ တစ်ပါတီ၊ တစ်သင်း၊ တစ်ဂိုဏ်း၊ တစ်မျိုး
းလုံးကြုံတွေ့နေရသော ပြဿနာအခက်အခဲများကို ကူညီ
ခြင်း လမ်းညွှန်ပေးရန် ဖြစ်သည်။ ဥပမာအားဖြင့်. . . .

မိခင်သည် ကလေးငယ်ကို အိမ်တွင်ထားခဲ့ပြီး အပြင်
ခေတ္တထွက်သွားခိုက်တွင် ထိုအိမ်ကို မီးလောင်ရာ ကလေး
မှာ အိပ်ရာထဲတွင် အသေခံရတော့မည့် အန္တရာယ်တွေ့နေ
သည်၊

ထိုအခါ လိပ်ပြာလွင့်အကျိုးဆောင်အဖွဲ့က ကိုယ်ထင်
ကလေးကိုပွေ့ချီကယ်ထုတ်ရသည်။

ထိုဖြစ်ရပ်ကို ရပ်ရွာထဲတွင်ကား "လူမစွမ်း နတ်မသည်"
နတ်များက ကယ်မသွား၍ ကလေးငယ် အသက်ရှင်သည်
ပြောစမှတ်ပြုကြသည်။

www.burmeseclassic.com



မြန်မာပြည်တွင် လူသိများသည် ဖြစ်ရပ်တစ်ခုကို သာဓကအဖြစ် ဖော်ပြပါဦးမည်။

တစ်ချိန်က "ဆောင်း"အငြိမ့်အဖွဲ့သည် ကပြရန်အတွက် တစ်ဖက်ကမ်းသို့ သင်္ဘောဖြင့်ကူးရာ အဆင်မသင့်သဖြင့် သင်္ဘောမှောက်သွားသည်။

ထိုအခါ အငြိမ့်အဖွဲ့ဝင်များ ရေနစ်သေဆုံးကြသည်။

သို့ရာတွင် အငြိမ့်အဖွဲ့ခေါင်းဆောင်၏ ရင်သွေးငယ်ကလေးမှာ ဇာတ်သေတ္တာကြီးပေါ်တွင် အိပ်လျက်သား ရေထဲမျောနေသဖြင့် ကယ်ဆယ်သူများ အချိန်မီ တယ်တင်နိုင်သောကြောင့် ထိုကလေးအသက်ရှင်ကျန်ရစ်သည်။

လူအများကမူ နတ်ဒေဝါများက ထိုကလေးကို ကယ်ဆယ်သဖြင့် "သေကံမရောက် သက်မပျောက်" ဟု ပြောစမှတ်ဖြစ်သွားသည်။

အခြားသာဓကတစ်ခုကို ဖော်ပြပါဦးမည်။

ဒုတိယကမ္ဘာစစ်ဖြစ်တော့မည့် အချိန်တွင် ဇာတ်ဆရာ ကက်နက်စိန်သည် နိုင်ငံခြားမှ လေယာဉ်ဖြင့်ပြန်လာရာ လမ်းတွင် လေယာဉ်ပျက်ကျသည်။

သို့သော်. . ကက်နက်စိန်သည် ထိုသေဘေးမှ လွတ်မြောက်ခဲ့သည်။

ဤသို့ဖြစ်ရခြင်းမှာ သူသည် သမ္ဗုဒ္ဓေဂါထာတော်ကို အမြဲမပြတ် ရွတ်နေသောကြောင့် လေယာဉ်ပျက်ကျရာတွင် ပါဝင်သော်လည်း အသက်အန္တရာယ်ဖြစ်မှုမှ လွတ်မြောက်ခြင်းဖြစ်သည်ဟု ဇာတ်မင်းသားကြီး ကက်နက်စိန်က ကြေညာခဲ့သည်။





မြန်မာပြည်တစ်လွှား ရောက်လေရာ ဇာတ်စင်ပေါ်မှနေ၍ သမ္ဗုဒ္ဓေဂါထာတော်ကို သီချင်းအဖြစ် ရွတ်ဆိုပြသခဲ့သည်ကို မှတ်မိသူများရှိကြပါဦးမည်။

အဆိုပါဖြစ်ရပ်တွင် ဇာတ်မင်းသားကြီး ကက်နက်စိန်ကို အသက်ဘေးမှ လွတ်မြောက်ရန် နတ်ဒေဝတာများကပင် ကယ်တင်သလော။

လိပ်ပြာလွင့်ကယ်ဆယ်ရေးအဖွဲ့ကပင် ကယ်တင်သလောဆိုသည်မှာ စဉ်းစားဖွယ်ရာဖြစ်သည်။

သဒ္ဓမ္မအဖွဲ့ဝင် လိပ်ပြာကယ်ဆယ်ရေးသမားများသည် အမည်ကောင်း ယူလိုသူများ၊ ဂုဏ်ထုတ်ဖော်၍ ကြွားလိုသူများ၊ ဆင်ပေါ်လိုသူများ မဟုတ်ကြပေ။

ကမ္ဘာလောကကြီးအတွင်းရှိလူများအနက် မသေသင့်သူကို မသေအောင်၊ လောကကို အလှဆင်ဦးမည့် ပါရမီများကို မသေအောင်သာလျှင် ကယ်ဆယ်ကူညီမှု ပြုကြသည်။

သာဓကတစ်ခုအဖြစ် ဖော်ပြထားသော ဇာတ်ဆရာ ကက်နက်စိန်၏ သေဘေးမှ လွတ်မြောက်မှုကို စဉ်းစားကြည့်ရာ အမျိုးမျိုး ကောက်ချက်ချနိုင်ပါမည်။

ဇာတ်ဆရာ ကက်နက်စိန် သမ္ဗုဒ္ဓေရွတ်သံကို လိပ်ပြာလွင့်အကျိုးဆောင်အဖွဲ့က ကြားသိပြီး ကူညီခြင်းလည်း ဖြစ်နိုင်သည်။

www.burmeseclassic.com



နတ်ဒေဝတာများက သမ္ဗုဒ္ဓေဂါထာ၏တန်ခိုးတော်ကို ဂုဏ်ပြုကာ ကယ်တင်ခြင်းလည်း ဖြစ်နိုင်သည်။

သို့တည်းမဟုတ်ပါက လိပ်ပြာလွင့်အကျိုးဆောင် ကယ်ဆယ်ရေးအဖွဲ့နှင့် နတ်ဒေဝတာများပူးပေါင်း၍ မြတ်စွာဘုရားအဆူဆူကို ကြည်ညိုပူဇော်သည့် သမ္ဗုဒ္ဓေဂါထာကို အမြဲမပြတ်ရွတ်ဆိုနေသည့် ဇာတ်ဆရာကက်နက်စိန်ကို ကယ်တင်ခြင်းလည်း ဖြစ်နိုင်ပေသည်။

လောက၏ ကောင်းကျိုးကိုဆောင်ရွက်ရာတွင် သဒ္ဓမ္မအဖွဲ့မှ ဆရာရှင်များနှင့် နတ်ဒေဝတာများသည် များသောအားဖြင့် လိုအပ်သလို ပူပေါင်းဆောင်ရွက်ကြသည်။

အထူးသဖြင့် သဒ္ဓမ္မအဖွဲ့မှ ပုဂ္ဂိုလ်များသည် မိမိတို့ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို ကာယကံရှင်အား ထုတ်ဖော်ပြောခြင်း၊ လူသိခံခြင်းမပြုကြပေ။ တရားနှင့်အညီ နှိမ့်ချစွာနေကြသည်။

နိုင်ငံရပ်ခြားမှ သာဓကတစ်ခုကို ကောက်နှုတ်ဖော်ပြပါဦးမည်။

တစ်ချိန်က အီတလီနိုင်ငံတွင် ကလေးတစ်ယောက်သည် မိဘများနှင့်အတူ ဟိုတယ်တစ်ခု၌ တည်းခိုနေထိုင်ခဲ့ကြသည်။

တစ်ညတွင် မိဘများသည် အိပ်ပျော်နေသော ကလေးကို မိမိတို့တည်းခိုနေသောအခန်းတွင် ထားရစ်ခဲ့ပြီး အောက်ထပ်ကပွဲခန်းမသို့သွားကာ ကပွဲကို ကြည့်နေခဲ့ကြသည်။





ထိုစဉ်တွင် အထက်ထပ်၌ မီးလောင်းမှုဖြစ်ပြီး ကလေးအိပ်ပျော်နေသော အခန်းကို မီးဝိုင်းနေသည်။

ကလေးအိပ်နေသည့်အခန်းကိုပင် မီးစွဲနေသည့်အချိန်တွင် လိပ်ပြာလွင့်အကျိုးဆောင်အဖွဲ့က သိရှိသွားပြီး အဖွဲ့ဝင်နှစ်ဦးတို့သည် ကယ်ဆယ်ရန် မီးလောင်နေသော ဟိုတယ်သို့ သွားရောက်ကယ်တင်နိုင်ခဲ့ကြသည်။

ကြီးမားသော ဘေးအန္တရာယ်မှ အချိန်မီလွတ်မြောက်သွားသူများ/အတိတ်နမိတ်များ တွေ့မြင်ရသဖြင့် အန္တရာယ်မှလွတ်မြောက်သွားသူများမှာ မရေတွက်နိုင်အောင်ပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ထင်ရှားလူသိများသည့် ပုဂ္ဂိုလ်ကြီးများကို ကောက်နှုတ်ဖော်ပြပါမည်။

ဆီဇာဘုရင်ကြီးကို သူ့ဖုန်းစားတစ်ဦးက မတ်လတွင် အသက်အန္တရာယ်သတိထားပါဟု သတိပေးခဲ့သည်ကို လျစ်လျူရှုခဲ့သဖြင့် ဆီဇာဘုရင်ကြီး လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။

အမေရိကန်သမ္မတ လင်ကွန်းကိုလည်း လုပ်ကြံခံရတော့မည်ကို အိပ်မက်ဖြင့် သတိပေး နိမိတ်ပြခဲ့သည်ကို သတိမပြုခဲ့သဖြင့် လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။

ကနေဒီ လုပ်ကြံခြင်း ခံရမည်ကိုလည်း ဂျမ်းဒစ်ဆင်ထံ အာရုံနိမိတ်ထင်မြင်အောင် ပြသခဲ့သော်လည်း ဂရုမမူမိသဖြင့် လုပ်ကြံခံရခြင်းဖြစ်သည်။

လိပ်ပြာလွင့် အကျိုးဆောင်များသည် သက်ရှိလူသားများကိုသာမက သေပြီးတမလွန်ဘဝတွင် မကျွတ်လွတ်နိုင်သေး

www.burmeseclassic.com



သူများကိုလည်း ကူညီကြရသည်။ သို့မှ ကျွတ်လွတ်နိုင်ကြသည်။

တမလွန်ဘဝရောက်နေသူအချို့က လူ့ပြည်ကို မစွန့်ခွာနိုင်ဘဲ သူချစ်ခင်သူများအနီးတွင် စောင့်စားနေခြင်း၊ မနှစ်သက်သူများကို ပူးဝင်ခြင်း၊ ပုဏ္ဏကတိုက်ခြင်း စသော ပယောဂများကိုလည်း လိပ်ပြာလွှင့်အကျိုးဆောင်များက အလျင်သင့်သလို ကူညီဖျောင်းဖျရသည်။

စာပေပညာရှင်၊ အနုပညာရှင်၊ တွေးခေါ်ပညာရှင်၊ နိုင်ငံရေးခေါင်းဆောင်၊ ဘာသာရေးခေါင်းဆောင်တို့၏ လောကအကျိုးပြုလုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးရသည်။

ထို့ပြင် လူ့ဘဝမှသေပြီး တမလွန်ဘဝသို့အကူး ကူးတို့ဆိပ်တစ်ဖက်ကမ်းတွင် ဘဝကူးလာသူများကို ကြိုဆိုရသည့်လုပ်ငန်းကိုလည်း လိပ်ပြာလွှင့်အကျိုးဆောင်များက ဆောင်ရွက်ရသည်။

ထိုသို့သော လိပ်ပြာလွှင့် အကျိုးဆောင်လုပ်ငန်းကို ဆောင်ရွက်ရန်အတွက် သင်တန်းသားအသစ်များကို စည်းရုံးရှာဖွေရာတွင် မေတ္တာစိတ်ရှိသူ၊ စိတ်တည်ငြိမ်သူ၊ သူတစ်ပါးကို စာနာကူညီလိုသူများကို အမြဲရှာဖွေစုဆောင်းလျက်ရှိသည်။

တပည့်သာဝကများကို လိပ်ပြာလွှင့်အကျိုးဆောင် လုပ်ငန်းအတွက် မရှိလျှင်မဖြစ်သော အရည်အချင်းများဖြစ်သည့် ဖွဲ့ရှိမှု၊ မိမိကိုယ်ကိုထိန်းနိုင်မှု၊ တည်ငြိမ်မှု၊ အသိဉာဏ်ရှိမှု၊ ကိုယ်ကျိုးစွန့်မှုများကို လေ့ကျင့်သင်ကြားပေးသည်။

လိပ်ပြာလွှင့်အတတ်ကို သင်ယူလေ့ကျင့်ကြရာတွင် ရှေ့





မှဆရာရှင်ပြုလုပ်သမျှကို နောက်မှ လေ့လာရသည်။ လိုက်၍လုပ်ဆောင်ရသည်။

ဤသို့ဖြင့် အတွေ့အကြုံများလာသောအခါ လိပ်ပြာလွှင့်အကျိုးဆောင်မှုလုပ်ငန်းတွင် သဘာရင့်လာပြီး မိမိဘာသာဆောင်ရွက်လာနိုင်သည်။

ထိုအခါတွင် လိပ်ပြာလွှင့်လုပ်ငန်းကို တတ်ကျွမ်းလာပြီး အခြားတစ်ဖက်တွင် သဒ္ဓမ္မအဖွဲ့၏ သာဝက ကျင့်စဉ်ဖြစ်သော "ကိုယ်ကျိုးရှောင်၊ အများအကျိုးဆောင်" ဟူသောကျင့်စဉ်ကို လက်တွေ့ကျင့်သုံးပြီး ဖြစ်သွားသည်။

တကယ်တော့. . မဟာဂန္ဓာရီ ကျောင်းတော်ကြီး၌ တပည့်သာဝကတို့အား လိပ်ပြာလွှင့်ခြင်းအတတ်ပညာကို သင်ကြားပေးခြင်းမှာ လိပ်ပြာခန္ဓာဖြင့် အကူအညီပေးသင့်သူများအားပေးရန်အတွက်ပင်ဖြစ်ပေသည်။

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းမှ ထိုအကြောင်းအရာများကို ပြောပြပေးရာ များစွာစိတ်ဝင်စားကြလေသည်။

ညဉ့်နက်ပိုင်းအချိန်ထိ စကားပြောရင်းနှင့် အခြေအနေစောင့်ကြည့်သော်လည်း ဘာမှထူးထူးခြားခြား မဖြစ်တော့မှ နီမောင်နှင့် ဦးဗန်ကောင်းတို့လည်း အိမ်သူအိမ်သားတို့အား နှုတ်ဆက်ကာ ပြန်လေတော့သည်။

www.burmeseclassic.com





## အခန်း [ ၁၅ ]

# မိစ္ဆာကောင်နှင့် တွေ့ကြုံရခြင်း

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့မှာ ပရာနာမာရွာတွင် တစ်ရက်၊ နှစ်ရက်နေပြီး အခြေအနေ မထူးသောအခါ မြစိမ်းရောင်ကုန်းရှိရာသို့ သွားကြရန်ပြင်လေသည်။

သူတို့နှစ်ယောက်အပြင် နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်ပါ ပါသောကြောင့် ငါးယောက်ဖြစ်လေသည်။

ခရီးထွက်ရာတွင် လိုအပ်မည့် ပစ္စည်းများကိုတော့ ရွာမှ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ပင် ယူဆောင်သွားကြလေသည်။

ပရာနာမာရွာသူရွာသားများကတော့ ရှမ်ဗဲလား ကျောင်းတော်ကြီးမှ ဆရာများလာရောက် အကူအညီပေးနေသည်ကိုသိကြသဖြင့် များစွာဝမ်းသာနေကြလေသည်။

နောက်တစ်နေ့ နံနက်စောစောအချိန်မှာပင် ငါး ယောက်သား ခရီးစတင်ထွက်ကြလေသည်။

တကယ်တော့ ပရာနာမာရွာရှိသောနေရာနှင့် မြစိမ်းရောင်ကုန်းရှိသောနေရာမှာ မဝေးလှပေ။

ခြေလှမ်းမှန်မှန်ဖြင့် သွားပါက နေ့ဝက်ခရီးလောက်ဆိုလျှင် တောင်ခြေသို့ရောက်ကြလေသည်။

တောင်ခြေသို့ရောက်သောအခါ သင့်တော်သောနေရာ၌ ခဏနားကြသည်။

"ဒီနေရာမှာ ထူးခြားတာတွေ ဘာရှိသလဲ နီမောင်"

"တခြားမရှိဘူးဆရာ၊ သချိုင်းဟောင်းတစ်ခုနဲ့ သူသတ်ကုန်းဆိုတာတော့ရှိတယ်၊ အဲဒါတွေက ရွာကလူတွေ မသုံးတော့တဲ့သချိုင်းပဲ၊ အပေါ်ဘက်မှာတော့ သလဲတောကြီးနဲ့ ဂူပေါက်တွေရှိတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"ညအချိန်ရောက်ရင် မြစိမ်းရောင်တွေ တွေ့ရတာ နေရာပဲ"

"တခြားဘာတွေရှိသေးလဲ"

"လပြည့်လကွယ်ရက်တွေဆိုရင် ဒီတောင်ကုန်းပေါ်က





တောခွေးအူသံတွေ ကြားရတယ်၊ တလားခေါက်သံတွေ ကြားရတယ်၊ အဲသည်လိုကြားပြီးရင်. . မကောင်းဆိုးဝါးတွေ ရွာထဲရောက်လာကြတော့တာပဲ"

နီမောင်က အဖြစ်အပျက်များကို ပြောပြလေသည်။

"ဒါဖြင့် မြစိမ်းရောင် မင်းသမီး အနာဂ်ရကာလီရဲ့ ဝိညာဉ် ရှိနေတာလည်း ဒီတောင်ကုန်းတစ်ဝိုက်မှာပဲ ဖြစ်မှာပေါ့"

နီမောင်က ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်ဆရာ၊ အိပ်မက်ထဲမှာတွေ့တော့ သူကဒီအတိုင်းပဲ ပြောပြသွားတယ်"

စားသောက်စရာများ စားသောက်ကြပြီး တောင်ကုန်းပေါ်သို့ စတင်တက်ကြလေသည်။

နီမောင်တို့သုံးယောက်မှာ ယခင်က ထိုတောင်ကုန်းတစ်ဝိုက်ရောက်ပါက သတိကြီးစွာထားကြရသည်။

ယခုတော့ ဦးဇန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ပါလာသဖြင့် စိတ်ဖိစီးမှု သိပ်မရှိကြတော့ပေ။

တောင်ကုန်းပေါ်ရောက်တော့ ဦးစွာတွေ့ရသည်မှာ သူသတ်ကုန်း နေရာဟောင်းပင်ဖြစ်၏။

ထိုနေရာတွင် ကျောက်တိုင်ဟောင်းတစ်ခုသာ ကျန်နေပြီး အခြားဘာမှ မတွေ့ရတော့ပေ. . .။

ရှေးကတော့ ထိုနေရာသည် လူတို့၏ သွေးများဖြင့် ချင်းချင်းနီခဲ့သောနေရာ။ တောခွေး၊ လင်းတတို့ စားကျက်နေရာတစ်ခုအဖြစ် ရှိခဲ့ပေလိမ့်မည်။

www.burmeseclassic.com



ယခုတော့လည်း သာမန်တောင်ကုန်းအဖြစ်သာ ရှိနေတော့ပြီး ရဲရဲနီသော အသီးများရှိသည့် သလဲပင်အချို့သာ နေရာယူထားကြပေတော့သည်။

ထိုနေရာမှ မနီးမဝေးနေရာမှာတော့ သင်္ချိုင်းဟောင်းတစ်ခုရှိသည်။

အသုံးမပြုခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ဂူဟောင်းအချို့တော့ ရှိနေသေးသည်။

သုတေသနသမားတစ်ယောက်ဖြစ်သော ဒေါက်တာမင်းထင်ကျော်က ဂူဟောင်းများအား အသေအချာလေ့လာကြည့်သောအခါ သာမန်အုတ်၊ ကျောက်တို့ဖြင့် ပြုလုပ်ထားခြင်းမဟုတ်ပဲ သလင်ကျောက်တုံးများဖြင့် စီမံပြုလုပ်ထားသော ဂူများဖြစ်သည်ကို တွေ့ရလေသည်။

"ဒီဂူတွေဟာ သာမန်ဂူတွေမဟုတ်ဘူး . ၊ သလင်းကျောက်သားတွေနဲ့ ပြုလုပ်ထားတဲ့ ဂူတွေပဲ၊ မသမာတဲ့သူတွေမသိသေးလို့ ကျန်နေတာဖြစ်မယ်၊ သိရင်တော့ အားလုံး တူးယူသွားကြမှာ သေချာတယ်"

"ဒီနေရာက သတင်းဆိုးတော့ ကြောက်လန့်ပြီး မလာဝံ့ကြလို့သာ မဟုတ်ရင်တော့ ကျန်မှာမဟုတ်ဘူး . "

ထိုသို့ပြောဆိုပြီး ရှေ့သို့ ဆက်တက်လာကြသည်။ အချိန်က မွန်းလွဲပိုင်းအချိန်ကျော်လာပြီဖြစ်သော်လည်း ရာသီဥတုကတော့ ပုံမှန်အတိုင်းသာ ရှိနေလေသည်။

တောင်ကုန်းပေါ်ရောက်တော့ အခြားအပင်များထက်





သလဲပင်များကိုသာ အများအပြားတွေ့ကြရသည်။

အပင်တိုင်းတွင် အသီးများရှိနေရာ တစ်တောလုံး နီရဲနေလေတော့သည်။

အပေါ်ဘက်ရောက်တော့ ကျောက်တောင်များနှင့် ဂူပေါက်ဝအချို့ကိုမြင်ကြရသည်။

ဂူပေါက်များအတွင်းသို့ အခြေအနေဝင်ကြည့်သော်လည်း အခြေအနေမထူးဘဲ သာမန်ဂူများဖြစ်နေသည်ကို တွေ့ရသဖြင့် ပြန်လှည့်ထွက်ကြရသည်။

တစ်နေရာရောက်သောအခါ ပျားကောင်များ လာနားလိုက် ပြန်ထွက်သွားလိုက် ပြုလုပ်နေကြသည့် နေရာတစ်ခုကို ထူးထူးခြားခြား မြင်ရသည်။

စောထီးနှင့်ငမဲအောင်က ထိုနေရာတွင် ပျားအုံရှိသည်အထင်ဖြင့် သွားကြည့်ကြသည်။

ပျားအုံတော့မတွေ့ရပေ။

ပလ္လင်ပုံသဏ္ဍာန်ပေါ်နေသော ကျောက်နံရံတစ်နေရာတွင် နားလိုက်၊ ပြန်ထွက်သွားလိုက်ဖြင့် ပြုလုပ်နေကြသည်ကို တွေ့ရသဖြင့် အံ့သြသွားကြသည်။

ထိုအချိန်တွင် ကျန်သုံးယောက်က အနားရောက်လာကြသည်။

"အခြေအနေဘာထူးသလဲ"

"အံ့သြစရာပဲ၊ ပျားကောင်တွေက ပန်းပွင့်တွေမှာ ဝတ်ရည်မစုပ်ဘဲ ပလ္လင်ပုံပေါ်နေတဲ့ ကျောက်နံရံမှာ ဝတ်ရည်စုပ်နေ

www.burmeseclassic.com



ကြပုံရတယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အနား ကပ်ကြည့်လေသည်။

ပလ္လင်ပုံသဏ္ဍာန်ပေါ်နေသော ကျောက်နံရံတွင် အက် ကြောင်းတစ်ခုရှိနေပြီး ထိုနေရာမှ သင်းပျံ့သောရနံ့အချို့ ထွက် နေလေသည်။

နှင်းဆီပန်း၊ စံပယ်ပန်း၊ ခရေပန်း ရနံ့တို့အပြင် ကတိုး ရနံ့ပါ ရောနှောနေလေသည်။

"ဒီနေရာက ပန်းရနံ့တွေထွက်နေတယ်၊ ဒီနေရာတစ် ဝိုက်မှာ ပန်းပင်တွေမရှိတော့ ပန်းရနံ့တွေက အတွင်းကစိမ့်ထွက် နေတာပဲဖြစ်နိုင်တယ်၊ ဒါကြောင့် ပျားကောင်တွေ ရောက်လာ ကြတာပဲ"

ဟုပြောပြသည်။

"ဒါဖြင့် ဒီနေရာက ဂူပေါက်တစ်ခုရှိပုံပဲ"

ဦးဇန်ကောင်းက အခြေအနေကို အကဲခတ်ရင်းနှင့် ပြောသည်။ ထို့ကြောင့် ပျားများစုအုံနေသည့် နေရာတစ်ဝိုက်ကို ပင် ဂရုတစိုက်ရှာဖွေကြည့်ကြသည်။

ပျားကောင်များကိုတော့ နောက်ထပ်မလာဝံ့စေရန် မီးခိုးငွေ့များပေးလိုက်ရာ အဝေးသို့ပျံပြေးသွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ပန်းရနံ့များ ထွက်နေ သော နေရာတစ်ဝိုက်သို့ အသေအချာကြည့်ရာ ဟနေသော နေရာတစ်နေရာ တွေ့ရသည်။





ထိုအက်ကြောင်းကိုပင် ခြေရာခံပြီး လိုက်ရှာလေရာ နောက်ဆုံးတော့. . ဂူပေါက်ဝကိုပိတ်ထားသော ကျောက်တုံး သဏ္ဍာန်ကြီး ပေါ်လာလေသည်။

အချို့နေရာများမှာတော့ ကျောက်နံရံမှာ တွယ်ကပ်နေ သည့် ညောင်လန်းပင်ကဲ့သို့ ကပ်ပါးသစ်ပင်များရှိနေသဖြင့် ဓါးထွင်ဖယ်ရှားပစ်ရသေးသည်။

သစ်ပင်ငယ်များနှင့် တွယ်ကပ်နေသည့် ရေညှိရေမှော် များတို့ကို ဖယ်ရှားပစ်လိုက်သောအခါ ပိတ်ထားသော ကျောက် တုံးတစ်တုံး ပုံသဏ္ဍာန်ပေါ်လာလေသည်။

"ဒီနေရာပဲဖြစ်မယ်"

ထိုသို့ပြောပြီး သစ်သားချွန်များ၊ သံတူရွင်းတို့ဖြင့် ဖယ် ရှားကြရာ နောက်ဆုံးတော့ ပွင့်ကာနီး အနေအထားမျိုး ရောက် လာလေသည်။

သို့သော် အချိန်ကသိပ်မရှိတော့ပေ. . .။

ညနေပိုင်းအချိန်သို့ ရောက်နေချေပြီ. . .။

စောထီးနှင့် ငမဲအောင်တို့ကတော့ သံတူရွင်းများဖြင့် ဓါးခမ်းစပ်များကို တူးဆွနေကြစဉ် တစ်နေရာမှ စူးစူးဝါးဝါး အော်လိုက်သည့်အသံမျိုး ကြားလိုက်ကြရသည်။

"ဘာသံလဲ"

"မသိဘူး၊ စူးစူးဝါးဝါး အော်သံမျိုးပဲ"

"အပြင်ဘက်ကတော့ မဟုတ်ဘူး၊ ဂူထဲကအော်လိုက် တာဖြစ်မယ်"

www.burmeseclassic.com



"ဒါဖြင့် ဒီဂူထဲမှာ သတ္တဝါတစ်ကောင်ကောင် ရှိနေနိုင်တယ်၊ သတိထားကြရမယ်"

ဟုပြောနေစဉ်မှာ. . . ဂူပေါက်ဝမှာ ပိတ်ထားသော ကျောက်တုံးကြီးက တလှုပ်လှုပ် ဖြစ်လာလေသည်။

"သတိထား၊ ကျောက်တုံးကြီးလှုပ်နေတယ်၊ အထဲက တွန်းဖွင့်နေတာဖြစ်နိုင်တယ်"

ဟု ဒေါက်တာမင်းထင်ကျော်က သတိပေးလိုက်သည်။ သို့သော်လည်း သူတို့မှာ လက်နက်ကောင်းကောင်းတော့ မပါပေ။

စောထီး၊ ငမဲအောင်တို့နှစ်ယောက်ထံမှာ ပါလာသည့် လေးများ၊ ဓားလှံတို့လောက်သာပါသည်။

နီမောင်ဆီမှာတော့ လှံရှည်တစ်ချောင်းနှင့် ဓားတစ်လက်ပါလာသည်။

သူတို့ဆီမှာပါသောလက်နက်များက အကောင်အရွယ် အစားကြီးမားသော မျောက်ဝံ၊ တောလူ၊ ဝက်ဝံစသော သတ္တဝါကြီးများနှင့်တွေ့ပါက မလွယ်ကူပေ. . .။

ထိုအခိုက်မှာပင် ကျောက်တုံးကြီးက တဖြည်းဖြည်း ကြွတက်လာပြီး မြေခဲကျောက်ခဲများပင် ပဲ့ကျလာလေသည်။

ထို့ကြောင့် ငါးယောက်သား အတော်ဝေးဝေးရောက်သည်အထိ ဆုတ်ပေးကြရလေသည်။

အတန်ကြာသောအခါ ကျောက်တုံးကြီးက ကြွတက်လာပြီး တောင်အောက်သို့လိမ့်ဆင်းသွားလေတော့သည်။





"ဝေါ. . ဝေါ. . ဝေါ. . ."

ကြီးမားသော ကျောက်တုံးကြီးလိမ့်ဆင်းသွားသော လမ်းကြောင်းတစ်လျှောက်မှာရှိကြသော သလဲပင်အပါအဝင် သစ်ပင်အတော်များများမှာ ကျောက်တုံးကြီးအလေးချိန်ဖြင့် ဖိကြိတ်ခြင်းခံကြရသဖြင့် ကျိုးကြေပြီး မြေမှာပြားပြားဝပ်မျှ ကျန်ခဲ့ကြသည်။

ကျောက်တုံးကြီးကတော့ သစ်တောတွင်းမှာ လမ်းကြောင်းကြီးတစ်ခုချန်ထားခဲ့ပြီးနောက် တောင်အောက်သို့ လိမ့်ဆင်းသွားပေရာ အတန်ကြာတော့ အသံပျောက်သွားလေသည်။

ထိုအခါမှ ဂူပေါက်ဝသို့ကြည့်လိုက်ကြသည်။

ဂူပေါက်ဝတစ်ဝိုက်မှာတော့ မီးခိုးငွေ့များကဲ့သို့ အခိုးအငွေ့များ ဝေ့နေသောကြောင့် အတွင်းသို့ ဘာမှလှမ်းမမြင်ရပေ. . .။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်တော့လည်း ဘာမှမတွေ့ရပေ။

"စောစောက ကျောက်တုံးကြီးက သူ့ဘာသာထွက်ကျတာမဖြစ်နိုင်ဘူး၊ အထဲက သတ္တဝါတစ်ကောင်ကောင် တွန်းချလို့သာ လိမ့်ကျသွားတာဖြစ်မယ်"

"အခုတော့လည်း ဘာမှမတွေ့ရသေးပါလား"

"ဂူထဲကစောင့်နေတာလည်း ဖြစ်နိုင်တယ်၊ ဂူထဲဝင်ရင်တော့ သတိထားရမယ်"

"အခုဘယ်လိုလုပ်မလဲ ဂူထဲဝင်ကြမှာလား"

www.burmeseclassic.com



"ဂူပေါက်ပွင့်နေမှာတော့ အထဲဝင်ကြည့်ကြမယ်၊ လာမယ့်ဘေး ပြေးတွေ့ကြတဲ့ သဘောပေါ့၊ တကယ်လို့ ဘေးအန္တရာယ်မရှိတော့လည်း ဂူထဲမှာပဲ ဒီညစခန်းချကြတာပေါ့"

ဂူထဲဝင်တော့မည်ဆိုသောအခါ စောထီးနှင့် ငမဲအောင်က လက်ကိုင်ရိုးရှည်သော မီးတုတ်ကြီးများ ပြုလုပ်သည်။ နီမောင်က ဝါးများကို တစ်လံကျော်ကျော်လောက်စီ ဖြတ်ပြီး နှစ်ဘက်ချွန်ကာ မြေပြင်နေရာအနှံ့အပြားတွင် စိုက်ထားသည်။

ဓားဖြင့် တစ်ဘက်စောင်းချွန်ထားသော ဝါးချွန်များမှာ လှံတစ်လက်ကဲ့သို့ အားကိုးရသော သဘာဝလက်နက်များပင် ဖြစ်၏။

အချိန်ကလည်း နေဝင်ချိန်ရောက်လာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များဖုံးလွှမ်းလာချေပြီ. . . ။

ရှေ့မှာပွင့်နေပြီဖြစ်သော ဂူပေါက်အတွင်းမှာလည်း ထူးထူးခြားခြား ဘာမှမတွေ့ရသေးပေ။

ထို့ကြောင့် ငါးယောက်သား မီးတုတ်နှင့် လက်နက်ကိုယ်စီကိုင်ကာ ဂူအတွင်းသို့ စတင်ဝင်ကြလေသည်။

ဂူမှာ အတော်ကျယ်သည်။

ဂူအတွင်း ဝင်စက သင်းပျံ့သော မွှေးရနံ့များရသည့် အတွင်းသို့ နည်းနည်းဝင်မိတော့ သွေးညှီနံ့၊ အပုတ်နံ့အချို့ပါ ရလာသည်။

ထို့ကြောင့် အထဲတွင် အန္တရာယ်ရှိနိုင်သော သတ္တဝါ





တစ်ကောင်ကောင် ရှိရမည်ဟု ခန့်မှန်းကြသည်။

သို့သော် ကျောက်တုံးကြီးဖြင့် ပိတ်ထားသော ဂူအတွင်းသို့ ဘယ်လိုသတ္တဝါမျိုးက ဘယ်နေရာမှ ဝင်သည်ကိုတော့ မသိကြပေ။

နီမောင်က အကယ်၍ ဂူထဲမှာ သတ္တဝါတစ်ကောင်ကောင်ရှိမည်ဆိုလျှင်တော့ တောရုံအပေါက်မှ ဝင်နိုင်သော မြွေပင်ဖြစ်ရမည်ဟု တွေးမိသည်။

ဂူမှာ အတော်ပင်ကျယ်ဝန်းလေသည်။

ငါးယောက်သား သတိဖြင့်ဝင်လာကြရာ. . အတွင်းရောက်လာသည်အထိတော့ ထူးထူးခြားခြား မတွေ့ရသေးပေ။

လူငါးယောက်မှာ မီးတုတ်သုံးချောင်းပါလာသဖြင့် ဂူထဲမှာလင်းထိန်နေသည်။

နေရာဝေးဝေးအထိ လှမ်းမြင်ရသည်။

တစ်နေရာရောက်တော့ ရုပ်ပျက်ဆင်းပျက်သေနေသော အလောင်းများကို တွေ့ရလေသည်။

အခြားတော့မဟုတ်ပေ။ သူတို့အရင် ဂူထဲရောက်ခဲ့သော သီဟဒိပတို့၏ အလောင်းများပင်ဖြစ်သည်။

နီမောင်က မီးရောင်နှင့် အသေအချာကြည့်ပြီးပြောသည်။

"ဒီလူတွေက မြစိမ်းရောင်မင်းသမီးဂူကို လိုက်ရှာနေတဲ့လူတွေပဲ၊ ရှမ်ဂရီးလားက တည်းခိုခန်းမှာ တစ်ခါ တွေ့ဖူးတယ်"

www.burmeseclassic.com



"ကျောက်တုံးကြီးနဲ့ပိတ်ထားတဲ့ ဂူထဲကို ဒီလူတွေက ဘယ်လိုဝင်ရောက်နိုင်တာလဲ"

"ဒီအပေါက်အပြင် အခြားဝင်ပေါက်ရှိလို့ ဖြစ်မှာပေါ့ ဒါထက် ဒီလူတွေက ဘယ်သူသတ်ထားတာလဲ"

"မပြောနိုင်သေးဘူး၊ ဒါပေမယ့် ဒီဂူထဲမှာ ကြောက်စရာကောင်းတဲ့အန္တရာယ်တစ်ခုခု ရှိနေတာတော့ သေချာတယ် . ."

ဟုပြောပြီး အတွင်းသို့ ဆက်ဝင်လာရာ နောက်ဆုံးမှာတော့ သလင်းကျောက်ဖြင့် ပြုလုပ်ထားသော ခေါင်းတလားကြီးနှစ်လုံးရှိသောနေရာသို့ ရောက်လာကြလေသည်။

ခေါင်းတစ်လုံးထဲမှာတော့ အနာရ်ကာလီရုပ်ခန္ဓာရှိနေသော်လည်း အခြားခေါင်းတစ်လုံးကတော့ အဖုံးပွင့်နေပြီး အတွင်း၌ ဘာမှမတွေ့ရတော့ပေ။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"ဒီဘက်က အနာရ်ကာလီအလောင်းဖြစ်ရင် ဒီဘက်ခေါင်းထဲမှာ အဂ္ဂဘာဘုရင်ရဲ့အလောင်းရှိရမယ်၊ အခု သူ့အလောင်းဘယ်ပျောက်သွားပြီလဲ"

"ဒီအလောင်းအပြင်ရောက်နေပြီဆိုတော့ အန္တရာယ်ရှိနိုင်တယ်၊ သတိထားကြ"

ဦးဗန်းကောင်ကပါ သတိပေးလိုက်သည်။

ထိုနေရာတစ်ဝိုက်မှာတော့ သင်းပျံ့သော မွှေးရနံ့များအပြင် သွေးညှီနံ့နှင့် အပုတ်နံ့များပါ ရောထွေးနေလေသည်။

ထိုအခိုက်မှာပင် သူတို့အနောက်ဘက် အမှောင်ရိပ်





ထဲမှ ခြေသံလိုလိုကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဒယိမ်းဒယိုင်ဖြင့်ထွက်လာသော မိစ္ဆာကောင်ကြီးကိုတွေ့ရသည်။ တစ်ဝက်တစ်ပျက်က ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော်လည်း အချို့နေရာများမှာတော့ သာမန်လူတစ်ယောက်ကဲ့သို့အသွင်ပြောင်းနေပေပြီ။

"အဲ့ဒါ ပျောက်နေတဲ့ အဂ္ဂဘာဘုရင်ရဲ့ အလောင်းဖြစ်မယ်"

"သူဖုတ်ဝင်နေတာဖြစ်မယ် ဘယ်လိုလုပ်မလဲ"

"သူ့ကိုသာမန်လက်နက်တွေနဲ့ သတ်လို့မရဘူး၊ အစီအရင်လုပ်ထားတဲ့ ဆေးနဲ့သတ်မှရမယ်"

ဟုပြောပြီး ဦးဗန်ကောင်းက လွယ်အိတ်ထဲမှ ချည်ခင်အချို့ကိုထုတ်ယူပြီး ပြုလုပ်ရမည့် အစီအစဉ်ကို ပြောပြလေသည်။ စောထီးနှင့် ငမဲအောင်တို့က ကြိုးစတစ်ဖက်စီကိုင်ကာ လူခွဲပြီးရပ်သည်။

နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့က ကြိုးစတစ်ဖက်စီကိုင်ကာ တစ်နေရာမှာရပ်နေရာ လေးထောင့် ပုံသဏ္ဍာန်ဖြစ်သွားလေသည်။

မိစ္ဆာကောင်ကြီးကတော့ ဆေးကြိုးများအလယ် ရောက်သွားလေသည်။

ဦးဗန်ကောင်းကတော့ နေရာမှာပင် ရပ်နေလေသည်။ မိစ္ဆာကောင်ကြီးက လက်ကားရားခြေကားရားဖြင့် ဦးဗန်ကောင်းရှိရာ လာလေသည်။

www.burmeseclassic.com



ထိုအချိန်မှာပင် ဦးဇန်ကောင်းက အချက်ပြလိုက်သည်နှင့် လေးယောက်သား ပတ်ပြေးရာ ဆေးကြိုးများက မိစ္ဆာကောင်ကြီးအား ပတ်မိလေသည်။

ဆေးကြိုးထိလိုက်သည်နှင့် ဝူးဝူးဝါးဝါး အော်ဟစ်ကာ လဲကျသွားလေတော့သည်။

ထိုအချိန်မှာပင် ဦးဇန်ကောင်းက အဝတ်စဖြင့် ပြုလုပ်ထားသော မိစ္ဆာနှင်သောအင်းချပ်ကို မီးရှို့ပြီး ကိုယ်ပေါ်ပစ်တင်ပေးလိုက်ရာ မီးတောက်ကြီးများထလာပြီးနောက် မိစ္ဆာကောင်ကြီးတစ်ကိုယ်လုံး လောင်ကျွမ်းသွားလေတော့သည်။

ပထမတော့ ဝူးဝူးဝါးဝါး အသံများကြားရသေးသည်။ နောက်ဆုံးမှာတော့ မီးတောက်များက ဝါးမြိုပစ်လိုက်ရာ ပြာပုံဘဝ ရောက်သွားလေတော့သည်။

"နှစ်ပေါင်းများစွာကြာနေတဲ့အလောင်းဆိုတော့ မီးနဲ့တွေ့တော့လည်း ချက်ခြင်းလောင်သွားတာပဲပေါ့လေ၊ သူ့အတွက်လည်း အခုမှပဲ လွတ်ရာကျွတ်ရာ သွားခွင့်ရပေတော့တယ်"

ဟု ဦးဇန်ကောင်းက ပြောလိုက်လေသည်။

ယခုတော့ အန္တရာယ်တစ်ခု ချုပ်ငြိမ်းသွားခဲ့ပေပြီ. . ။





## အခန်း [ ၁၆ ]

# ချစ်သူတို့ဝမ္ပာရား ရှိကြသည့်အတိုင်းသာ

အခြေအနေများ ငြိမ်သက်သွားတော့မှ အနာဂါကာလီအလောင်းထည့်ထားသော သလင်းကျောက်တလားအနီးသို့ သွားကာ အခြေအနေကြည့်ကြလေသည်။

သလင်းကျောက်သားမှာ မှန်သားကဲ့သို့ ကြည်လင်လှသဖြင့် အတွင်းမှအလောင်းကို ကောင်းစွာမြင်ကြရလေသည်။

အသက်(၂၅)နှစ်ခန့်အရွယ်ခန့်သာရှိသေးသော အမျိုးသမီးမှာ သေဆုံးနေသည်နှင့်မတူဘဲ အိပ်မောကျနေသကဲ့သို့ပင်

www.burmeseclassic.com



ထင်ရလေသည်။

နက်မှောင်သော ဆံပင်ရှည်၊ ထူထဲလှသောမျက်ခုံး၊ နှုတံ၊ နှုတ်ခမ်းတို့မှာ မိန်းမချောတစ်ယောက်တွင် ရှိသင့်သော အလှအပများဖြစ်သည်။

လည်ပင်းမှာတော့ အရည်အသွေးကောင်းလှသော ကျောက်စိမ်းလည်ဆွဲတစ်ကုံး ဆင်မြန်းထားလေသည်။

ပါးလွှားသော အဖြူရောင်ဆာရီအောက်မှ လှပသော ခန္ဓာကိုယ်မှာလည်း လူကောင်းတစ်ကောင်ကဲ့သို့ပင် မပျက်မစီး နှင့် ရှိနေကြလေသည်။

ထိုနေရာရောက်တော့ ဆရာကြီး သူရဋ္ဌမှာလိုက်သည့် စကားများကို ပြန်လည်သတိရလာလေသည်။

"သလင်းကျောက်တလားတွေကို ဖွင့်တဲ့အခါမှာ အထူး သတိထားပါ၊ အနာဂ်ကာလီဟာ လူသေမဟုတ်တဲ့ လူသေဘဝ မှာပဲ ရှိနေသေးတယ်၊ ရုပ်ပြောင်းနာမ်ခွာအစီအရင်နဲ့ လုပ်ထား တော့ နှစ်ပေါင်းအတော်ကြာခဲ့ပေမယ့် ဝိညာဉ်ကြိုးက မပြတ် သေးဘဲ ရှိနေသေးတယ်၊ ဒါကြောင့် သူရဲ့ရုပ်ခန္ဓာက မပျက်စီး သေးတာပဲ. . .၊

ဒါပေမယ့် ခေါင်းတလားကိုဖွင့်တဲ့အခါမှာတော့ သတိ ထားပြီးဖွင့်ပါ၊ ချက်ခြင်းဖွင့်လိုက်လို့ ပြင်ပလေနဲ့ထိလိုက်တဲ့အခါ ရုပ်ခန္ဓာပျက်စီးသွားလိမ့်မယ်. ."

ဟူသော စကားများကို ပြန်လည်ကြားယောင်နေမိ လေသည်။





"ချောလိုက်တာ လူသေသောဆိုရတယ်၊ လူကောင်းတစ် ယောက် အိပ်ပျော်နေတဲ့အတိုင်းပါပဲလား. . "

ဟု နီမောင်က ပြောလိုက်သည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ခေါင်းအဖုံးကို လက်ဖြင့်စမ်းကြည့်လေသည်။ ကျောက်ကိုအလုံးလိုက် ချထားသ ကဲ့သို့ အရာမတွေ့ရပေ။

သို့သော်လည်း ဘူမိဗေဒ ဘာသာရပ်ဖြင့် ဘွဲ့ယူခဲ့သူ ဖြစ်သဖြင့် ကျောက်တွေအကြောင်းကိုတော့ အတော်ပင် သိနား လည်လေသည်။

အထဲသို့ လူတစ်ယောက်ထည့်ဖို့ဆိုလျှင် အပေါက်သို့ မဟုတ် အဖုံးတော့ရှိရပေမည်။

ထို့ကြောင့် အဖုံးရှိနိုင်သော နေရာလောက်ကိုမှန်းပြီး လက်ဖြင့် ဖြေးဖြေးချင်းပွတ်စမ်းကြည့်သည်။

နှစ်ပေါင်းများစွာကြာပြီး ကျောက်သားက ပြောင်ချော နေသဖြင့် အဖုံးရှိသောနေရာကို မတွေ့ရပေ။

သို့သောလည်း စိတ်ရှည်လက်ရှည်နှင့် စမ်းကြည့်သော အခါမှာတော့ အဆက်ကြောင်းရာတစ်ခုကို စမ်းမိလေသည်။

ထိုနေရာမှာ ကပ်နေသော ဖုန်များကို ဖယ်သပ်ချပြီး ကြည့်သောအခါ အဖုံးနေရာပေါ်လာသည်။

"ဘယ်လိုဖွင့်ကြမလဲ"

"ချက်ချင်းတော့ဖွင့်လို့မရဘူး၊ ဖြေးဖြေးချင်းပဲဖွင့်ရမယ်"

အက်ကြောင်းနေရာကို ဓားဦးဖြင့် ဖြေးဖြေးချင်း ကော်

www.burmeseclassic.com



ကြည့်သောအခါ အနည်းငယ်ကြွတက်လာသည်။

အတွင်းမှခံသော ကျောက်သားနှင့် အပေါ်မှာဖုံးသော ကျောက်သားနှစ်ခုကို လေဝင်ပေါက်မရှိအောင် ဖုံးထားသဖြင့် အတွင်းမှလေစုပ်ထားခြင်းကြောင့် အဖုံးကမလှုပ်ခြင်းဖြစ်သည်။

အတန်ကြာအောင် ဖွင့်သောအခါ အနည်းငယ်လှုပ်သွားပြီး 'ရှူး'ခနဲမြည်သွားသော အသံတစ်ချက် ကြားလိုက်ရသည်။ အလုံပိတ်ထားသော ပုလင်းကို အဖုံးဖွင့်သကဲ့သို့ ထွက်လာသော လေသံမျိုးဖြစ်သည်။

အထဲမှလေထွက်လာတော့ ကတိုးနံ့များထွက်လာသည်။ မွှေးကြိုင်သောရနံ့များက ပတ်ဝန်းကျင်တစ်ခုလုံး ပြန့်နှံ့သွားလေသည်။

လေထွက်သွားသဖြင့် အဖုံးက အနည်းငယ်လှုပ်လာသည်။ အတွင်းမှ စုပ်ထားသောလေများ လျော့သွားလေ ပိုလှုပ်လာလေလေဖြစ်သည်။

ထို့ကြောင့် ဓားဦးဖြင့် ဆက်ကြောင်းတစ်ခုလုံး လိုက်ဟပြီးမှ အဖုံးကို ဖြေးဖြေးချင်းဖွင့်သည်။

ထိုအခြေအနေမှာ အရေးကြီးသောအချိန်ဖြစ်သည်။ နှစ်အတော်ကြာသည်အထိ လေနှင့်မထိတွေ့ဘဲထားခဲ့သော အလောင်းကို လေနှင့်ပြန်ထိစေခြင်းဖြစ်သည်။ အဆင်မသင့်က မီးဖြင့်မြိုက်သကဲ့သို့ လောင်ကျွမ်းသွားကာ တစ်စစီ ဖြစ်သွားနိုင်ပေသည်။

နောက်ဆုံးမှာတော့ အတွင်းမှ စုပ်ထားသောလေများ





မရှိတော့သည့်အခါ သလင်းကျောက်တလား အဖုံးမှာလည်း ပွင့်သွားလေတော့သည်။

အဖုံးပွင့်သွားတော့ ဒေါက်တာမင်းထင်ကျော်က စိတ်လှုပ်ရှားစွာဖြင့် ကြည့်နေလေသည်။

ပြင်ပလေနှင့်ထိလိုက်သောအခါ ဖြူဖပ်ဖြူလျော်ဖြစ်နေသည့်အသားရောင်မှာ ပြောင်းလဲလာသည်။

သွေးရောင်လွှမ်းလာသကဲ့သို့ ဖြစ်လာသည်။

ထို့ကြောင့် အနာရ်ကာလီ၏ လက်ကောက်ဝတ်ကို လက်ဖြင့်စမ်းကြည့်လိုက်သည်။ မလှုပ်ရှားသေးပေ. . .။

ထိုအခိုက်မှာပင် နားထဲမှာ ဆရာကြီး သူရဋ္ဌအသံကို ကြားလာရသည်။ မဟာဂန္ဓာရီတက္ကသိုလ်၌ရှိနေသော ဆရာကြီး သူရဋ္ဌသည် လိပ်ပြာခန္ဓာဖြင့် ရောက်လာဟန်တူပေသည်။

"သူ့ရဲဝိညာဉ်လိပ်ပြာ ပြန်မရောက်သေးဘူး၊ ကျုပ်ရှာပြီးခေါ်လာပေးပါ့မယ်၊ မောင်ထင်ကျော် နောက်ဘက်နားမှာ ဆုတ်နေပါ"

ဟုပြောသဖြင့် နောက်ဘက်သို့ ဆုတ်ပေးလိုက်သည်။

အချိန်အတော်ကြာသည်အထိ ဂူကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မျက်စိမှိတ်ထားပြီး ဆရာကြီး သူရဋ္ဌနှင့် စိတ်ချင်းဆက်သွယ်မိစေရန် အာရုံခံနေသည်။

အချိန်အတော်ကြာတော့ ဂူအတွင်းသို့ ဝင်လာသော

www.burmeseclassic.com



မြမြသဏ္ဌာန်ပုံရိပ်တစ်ခုကို မြင်လာရသည်။

ထိုပုံရိပ်သည် အနာရ်ကာလီ၏ ပုံရိပ်ပင်ဖြစ်သည်။

ဆံပင်ရှည်များနှင့် ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော ဝတ်ရုံရှည်မှာ နောက်ဘက်၌လွင့်နေသည်။

ဂူထဲရောက်လာတော့ ဝိညာဉ်ပုံရိပ်က ခန္ဓာအနီးသို့ သွားကာ ငုံ့ကြည့်နေသည်။ ပြီးမှ ကိုယ်ပေါ်သို့ ပက်လက်အနေအထားဖြင့် လှဲချလိုက်သည်ကို အာရုံထဲမှာ မြင်နေရသည်။

ထိုအခါ မျက်စိပြန်ဖွင့်ပြီး အနားသို့ကပ်သွားကာ. . အနာရ်ကာလီ၏ ရင်ဘတ်ကိုစမ်းကြည့်လိုက်သည်။

BURMESE CLASSIC

တစ်ကိုယ်လုံး နွေးလာပြီး နှလုံးခုန်စပြုလာသည်။

အနာရ်ကာလီ၏ နှလုံးခုန်သံ တဖြည်းဖြည်း မြန်လာသလို လက်ဖြင့်စမ်းကြည့်နေသော ဒေါက်တာမင်းထင်ကျော်၏ ရင်ခုန်သံလည်း မြန်နေလေသည်။

ခဏကြာတော့ မျက်စိပြန်ပွင့်လာသည်။

မီးရောင်ဖြင့် တစွန်းတစ မြင်နေရသော ဒေါက်တာမင်းထင်ကျော် မျက်နှာကို ဇဝေဇဝါကြည့်နေသည်။

ပြီးမှ လေသံတိုးတိုးဖြင့် ခေါ်လိုက်သည်။

"မောင်. . . မောင်တော်သစ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"အခုလိုပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မတို့ ဘယ်နေရာ၊ ဘယ်လောကရောက်နေတာလဲ"





"မောင်တို့ လူ့လောကထဲမှာပဲ ရှိကြပါသေးတယ်၊ နှစ်ပေါင်းများစွာကြာခဲ့ပြီးမှ ရေစက်မကုန်လို့ ပြန်ပြီးဆုံတွေ့ကြတာပါ. . "

ဟုပြန်ပြောလိုက်သည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က သူမကို အပြင်သို့ပွေ့ထုတ်လိုက်ပြီး သလင်းကျောက်ခေါင်းတလားအဖုံးကို ပြန်ပိတ်ချလိုက်သည်။

အနာရ်ကာလီကတော့ ရင်ခွင်ထဲမှာ ပျော့ခွေနေလေသည်။ ဒေါက်တာမင်းထင်ကျော်က သူမလည်ပင်းမှာဆွဲထားသော ကျောက်စိမ်းလည်ဆွဲကြီးကို ဖြုတ်ပေးလိုက်သည်။ မီးရောင်ကြောင့် ကျောက်စိမ်းအရောင်များမှာ ပြန့်နေလေသည်။

အနီးမှာရှိနေသော နီမောင်ကလည်း အနာရ်ကာလီကို ယခုကဲ့သို့ ပြန်တွေ့ရသောအခါ များစွာအံ့သြနေလေသည်။ အနာရ်ကာလီကလည်း နီမောင်ကိုမြင်တော့ မှတ်မိဟန်ရှိလေသည်။

"မောင်တော်နဲ့ ပြန်တွေ့ဖို့ အကူအညီပေးခဲ့တဲ့ အတွက် နင့်ကိုကျေးဇူးတင်ပါတယ်၊ ဒီအတွက် ငါပေးခဲ့တဲ့ ကတိအတိုင်း ကျေးဇူးဆပ်ပါ့မယ်၊ အဂ္ဂဘာဘုရင်ရဲ့ခေါင်းတလားထဲမှာ သူပိုင်ဆိုင်တဲ့ ရတနာတွေရှိပါတယ်၊ အဲဒါတွေကို နင်တို့ယူပါ. . "

ဟုပြောသဖြင့် အဂ္ဂဘာဘုရင် ခေါင်းတလားကို သွားကြည့်သောအခါ အလောင်းမရှိတော့သော်လည်း အနီရောင်ကတ္တီပါချပ် ခင်းထားလေသည်။

www.burmeseclassic.com



ထိုကတ္တီပါချပ်မှာ လက်ဖြင့် ထိရုံနှင့်ပင် ဆွေးမြေ့ကျသွားလေသည်။

အောက်မှာတော့ ရွှေငွေ ကျောက်သံပတ္တမြားဖြင့် ပြုလုပ်ထားသော နန်းစဉ်ရတနာအချို့ကိုတွေ့ရသဖြင့် ထုတ်ယူကြသည်။

အချိန်မှာလည်း နံနက်ပိုင်းအချိန်သို့ပင် ရောက်နေချေပြီ။ ဂူထဲမှာ တစ်ညလုံးပြုစုပေးခဲ့သဖြင့်. . အနာဂါကာလီမှာ ကောင်းစွာသတိပြန်ရနေပြီဖြစ်သော်လည်း လှုပ်ရှားမှုတော့ ကောင်းစွာမပြုနိုင်သေးပေ။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်ကပင် ပွေ့ခေါ်ခဲ့ရလေသည်။ အပြင်ဘက်ရောက်တော့ ထူးခြားမှုတစ်ခု ထပ်တွေ့ရ ပြန်လေသည်။ အခြားမဟုတ်ပေ။

သေနတ်တစ်လက်ကိုင်ထားသော လူနှစ်ယောက် ရောက်လာပြီး သူတို့ကို သေနတ်ဖြင့်ချိန်ထားလေသည်။

သံပချိုင်နှင့် ဇမုန်းထန်တို့ပင်ဖြစ်သည်။

"ဂူထဲကယူလာတဲ့ ရတနာတွေနဲ့ ကျောက်စိမ်းလည်ဆွဲကိုသာပေးပါ"

ဟုတောင်းလေသည်။

နီမောင်က လက်ထဲမှအထုပ်ကို မပေးခင် အခြေအနေကို ကြည့်သည်။

ဂူပေါက်ဝတွင် သူစိုက်ထားခဲ့သည့် ဝါးချွန်များက လက်တစ်ကမ်းအကွာမှာရှိနေသည်။





အခွင့်သာသည်နှင့် ထိုဝါးချွန်ကိုလက်နက်အဖြစ် အသုံးချ၍ ရနိုင်လေသည်။

ထိုအခိုက်မှာပင် နောက်ဘက် တောထဲမှ ကျောက်တုံးတစ်ခုဖြင့် ပစ်ပေါက်လိုက်ရာ သံပချိုင်တို့နှစ်ယောက် အနီးသို့ကျလေသည်။

"ဘုတ်. . ."

"ဟင်. . ."

ထိုအသံကြောင့် နှစ်ယောက်သား အထိန့်တလန့်ဖြင့် လှည့်ကြည့်လိုက်ကြသည်။

"ဘုတ်"

နောက်ထပ် ကျောက်တုံးတစ်ခု ကျလာပြီးတော့မှ ကျောက်တုံးဖြင့်ပစ်နေသော တရားခံကို သစ်ပင်များကြား၌ ရိပ်ခနဲတွေ့လိုက်ရသည်။ တောလူတစ်ကောင်ပင်ဖြစ်သည်။

သံပချိုင်တို့မှာ မျောက်ဝံနီများနှင့် တွေ့ခဲ့ကြသဖြင့် ထိုသတ္တဝါကို မျောက်ဝံနီဟုပင်ထင်ကာ သေနတ်ဖြင့် ပစ်လေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

တစ်ဖက်သို့လှည့်ပြီး သေနတ်ဖြင့်ပစ်နေစဉ် နီမောင်က မနီးအဝေးမှာရှိသော ဝါးချွန်တစ်ချောင်းကိုနှုတ်ယူပြီး သေနတ်ကိုင်ထားသောသံပချိုင်ကို ပစ်ထိုးလိုက်လေသည်။

"ဒုတ်. . ."

ဝါးချွန်က ကျောကိုစိုက်ဝင်သွားရာ သေနတ်တခြား

www.burmeseclassic.com



လူတခြားဖြစ်ကာ လဲကျသွားလေသည်။

ကျန်တစ်ယောက်မှာလည်း အခြေအနေမဟန်တော့သဖြင့် တောထဲဝင်ပြေးသွားလေသည်။

သူဝင်ပြေးသွားသောဘက်မှာလည်း တောလူများရှိနေဟန်ဖြင့် အော်သံများကြားလိုက်ရသည်။

ထို့နောက်မှာတော့ ရွာသို့ပြန်ခဲ့ကြလေတော့သည်။ အမှန်တော့ ထိုနေရာတွင် အဆုံးသတ်မည်ဆိုက ရပြီဖြစ်သော်လည်း ဆက်လက်ရေးသားရမည့် အကြောင်းအချို့ကတော့ ရှိပေသေးသည်။

နီမောင်နှင့်ပတ်သက်သည့် အကြောင်းပင်ဖြစ်သည်။

ဂူထဲမှရလာသော ရတနာများကို ခွဲဝေယူပြီးသောအခါမှာတော့ နီမောင့်ဘဝက တစ်မျိုးပြောင်းသွားခဲ့လေသည်။

ထိုအခါ မူလရည်စူးထားသည့်အတိုင်း မြသင်းကြူကို ချစ်ခွင့်ပန်လေရာ သူမကလည်း သဘောတူ လက်ခံပေးလေသည်။

"ဒါထက်မေးပါရစေဦး၊ ငါ့အပေါ်မှာ ဘယ်တုန်းကတည်းက ဒီစိတ်မျိုးတွေ ထားနေတာလဲ"

"ကြာတော့ကြာပါပြီ၊ အရင်ကတော့ ဘဝအခြေအနေက မကောင်းသေးတော့ ဒီလိုပဲ ကြိတ်မှိတ်နေခဲ့ရတာ၊ အခုမှပဲ ဖွင့်ပြောဖြစ်တော့တယ်"

"တကယ်ချစ်တာရော ဟုတ်ရဲ့လား"

"တကယ်ချစ်တာပေါ့ မြသင်းကြူရယ်၊ ချစ်လို့သာ အခု





လိုဖွင့်ပြောပြီး လက်ထပ်ခွင့်တောင်းတာပေါ့"

"ကဲ. . . ထားပါတော့၊ တကယ်လို့ ငါကလက်ခံပြီး လက်ထပ်ပြီးရင်ကော ဘယ်လိုစီမံမှာလဲ"

"နင်နဲ့လက်ထပ်ပြီးရင်တော့ ဆရာတို့ပြန်ရင် မဟာပြည်ပြန်လိုက်သွားပြီး ဟိုမှာပဲ အခြေတကျနေတော့မယ်လို့ စိတ်ကူးထားတယ်၊ နင့်သဘောကရော ဘယ်လိုလဲ"

"ကောင်းပါတယ်. . ငါလည်း ဒီမှာနေသာနေရတယ်၊ ကိုယ့်အရပ်ဒေသမဟုတ်တော့ မပျော်ပါဘူး၊ ဗမာပြည်ပြန်ရတော့မယ်ဆိုတော့ ကောင်းတာပေါ့. ."

"ဒါဖြင့် ငါနဲ့လိုက်ခဲ့တော့မယ်ဆိုတဲ့ သဘောပေါ့နော်"

"ဘာလဲ လိုက်မယ်ဆိုတော့မှ မခေါ်ပြန်ချင်ဘူးလား"

"မဟုတ်ပါဘူး မြသင်းကြူရယ်၊ နင်မပါဘဲနဲ့လည်း ငါမသွားပါဘူး"

ထိုသို့ပြောလိုက်မှ ကျေနပ်သောအပြုံးကလေးများ ပေါ်လာလေတော့သည်။

"ဒါထက် အနာရိကာလီဆိုတဲ့ အမျိုးသမီးကရော. ."

"သူ့ကိုတော့ ဆရာက ဗမာပြည်ကိုခေါ်သွားလိမ့်မယ်၊ ဆရာကြီးဦးဗန်ကောင်းနဲ့ ဆရာမင်းထင်ကျော်တို့က မဟာဂန္ဓာရီကျောင်းတော်ကြီးကို မပြန်တော့ဘဲ ဗမာပြည်ကိုပဲ ပြန်ကြတော့မှာ၊ ဒါကြောင့် သူတို့နဲ့အတူ ငါတို့လည်းလိုက်သွားကြရအောင်လေ၊ မကောင်းဘူးလား။"

"နင့်သဘောပါပဲ"

www.burmeseclassic.com



ဟု ပြန်ပြောလေသည်။

ကမ္ဘာကြီးရဲ့ အဲလှတရားမှာ ကွဲပြားနေတဲ့အရာနှစ်ခုပဲ ရှိကြသည်။

တစ်ခုက အမုန်းတရားဖြစ်ပြီး၊ ကျန်တစ်ခုက ချစ်ခြင်းမေတ္တာတရားပင်ဖြစ်၏။

ယခုတော့ ဒေါက်တာမင်းထင်ကျော်နှင့် မိန်းမချောလေး အနာရ်ကာလီ တို့သည်လည်းကောင်း၊ နီမောင်နှင့် မြသင်းကြူတို့သည်လည်းကောင်း ချစ်သူတို့ ဝတ္တရားရှိကြသည့်အတိုင်း ကမ္ဘာကြီးကိုချစ်ခြင်းမေတ္တာဖြင့် အလှဆင်ကြရန်သာရှိပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (အနာရ်ကာလီနှင့်မရဏစေတမန်) အမည်ရှိသော ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခိအတ္တာနံပရိဟရန္တု။

ကြိုသစ်

စာပြီးချိန်။ ။၂၀၁၄ခုနှစ်၊ဩဂုတ်လ(၁၃)ရက်၊ စနေနေ့၊နေ့လယ်(၁၂)နာရီ။

☺ အောင်မြင်စေသော ☺

